# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၃၃၄)


## အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်


စာမျက်နှာ ၃ ကော်လံ ၁ ▲


## အစွန်းရောက်အကြမ်းဖက်သမားတွေ သတ်တယ်ဆိုတာက အဲဒီနေရာမှာတွေ့ရတဲ့ အထောက်အထားအရပြောတာပါ

ဦးစံထွန်း-ကိုင်းကြီး(မြို့ရွာ)

**သတင်းအဖွဲ့**

မောင်တောမြို့နယ် ကိုင်းကြီး(မြို့ရွာ) အနောက်ဘက်၌ ဩဂုတ် ၃ ရက် နံနက်ပိုင်းက တောင်ယာလုပ်ကိုင်နေသည့် မြိုတိုင်းရင်းသားများအား အစွန်းရောက်အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သဖြင့် ကျေးရွာသား ခုနစ်ဦး သေဆုံးပြီး တစ်ဦးပျောက်ဆုံးနေသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ သတင်းအဖွဲ့သည် ကိုင်းကြီး(နတလရွာ)တွင် ပြောင်းရွှေ့ရောက်ရှိလာသည့် သေဆုံးသူတို့၏ မိသားစုဝင်များနှင့် လည်းကောင်း၊ မောင်တော(လေးမိုင်) အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ပြောင်းရွှေ့ရောက်ရှိနေသည့် မိသားစုဝင်များနှင့် လည်းကောင်း တွေ့ဆုံမေးမြန်း သတင်းရယူခဲ့သည်များကို ဖော်ပြလိုက်ပါသည်-


စာမျက်နှာ ၈ ကော်လံ ၁ ✻


**တပ်မတော်က မီဒီယာအချို့နှင့် လူပုဂ္ဂိုလ်တို့အပေါ် တရားစွဲဆိုထားသည့် အမှုများအား ကျေအေးရုပ်သိမ်း**


စာ ➤ ၄





မြန်မာ့အလင်း

# စည်းကမ်းလိုက်နာ၊ ဘေးရန်ကွာ

အများညီ၍ 'ဤ'ကို 'ကွဲ' ဖတ်ဟူသော ဆိုရိုးစကားကဲ့သို့ပင် အမှားအယွင်းတစ်ခုကို လူအများစုတို့က နားလည်မှုယူကာ တညီတညာ ကျင့်သုံးကြရင်းကြာသော် ''အမှားကြာ၍ အမှန်ဖြစ်''လာခဲ့သည်။ သို့ရာတွင် ကာလမည်မျှကြာကြာ အမှားသည် အမှားသာဖြစ်၍ နားလည်မှုဖြင့် အမှားကိုအားလုံးက ကျင့်သုံးခဲ့ကြရာတွင်လည်း နားလည်မှုလွဲကာ မကြာခဏ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ခဲ့ကြရသည်။

မော်တော်ယာဉ်မောင်းနှင်သူများအားလုံး မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ နောက်မှကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏လက်ယာမီးဖြင့် မှန်ကန်စွာ အချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးကြရန်နှင့် စက်တင်ဘာလ ၁ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်သို့ တစ်ပြေးညီ ပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက အသိပေးနှိုးဆော်ထားသည်။ ပညာပေးကာလအနေဖြင့် ဩဂုတ် ၃၁ ရက်နေ့တွင် ကုန်ဆုံးခဲ့ပြီဖြစ်ရာ လက်ရှိအချိန်တွင် မော်တော်ယာဉ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်တစ်ခုခုတို့ကို ပြစ်မှုထင်ရှား ကျူးလွန်မိပြီဆိုပါက ပြစ်ဒဏ်ချမှတ် အရေးယူခံရလိမ့်မည်ဖြစ်သည်။

တစ်ဖန် လက်ရှိအချိန်အခါသည် အမှားမှ အမှန်သို့ ပြောင်းလဲကျင့်သုံးသည့် စပ်ကူးမပ်ကူးကာလ ဖြစ်သည့်အလျောက် ယာဉ်မောင်းသူများအကြား နားလည်မှုလွဲမှားနိုင်သည့်အတွက် မော်တော်ယာဉ် ကျော်တက်တော့မည်ဆိုပါက အရိပ်အခြည်ကိုကြည့်ကာ သတိတရားလက်ကိုင်ထားမောင်းနှင်ခြင်းဖြင့်သာ အန္တရာယ်မှ ရှောင်ရှားနိုင်မည်ဟုလည်း အကြံပေးလိုသည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များမှ ကင်းဝေးစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်းတို့တွင် ယာဉ်ငယ်၊ ကုန်တင်ယာဉ်၊ တွဲယာဉ်၊ ဆီတင်ယာဉ်၊ လိုက်ထရပ်ယာဉ် စသည့် ယာဉ်အမျိုးအစားအလိုက် အမြန်နှုန်းများ သတ်မှတ်ပေးထားပြီးဖြစ်သည့်အပြင် ယာဉ်မောင်းသူနှင့် ယာဉ်စီးနင်းသူများ အသက်ကယ် ခါးပတ် ပတ်ရန်လည်း ပညာပေးနှိုးဆော်မှုများ ပြုလုပ်ပေးခဲ့ပြီး ယနေ့တိုင်လည်း ပညာပေးမှုများ ဆက်လက်ပေးနေသည်ကို သတင်းများတွင် မြင်တွေ့ဖတ်ရှုနေကြရသည်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ တတိယအကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၃၀ ရက်က ကျင်းပရာတွင် ကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ''လမ်းသစ်များဖောက်လုပ် တည်ဆောက်ကြရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထား ထည့်သွင်းတွက်ချက်ပြီး လမ်းဒီဇိုင်း စံနှုန်းသတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြုပြင်သည့်အခါတွင်လည်း တာဝန်ယူဆောင်ရွက်နေကြသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးပိုင်းကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြစေလိုပါကြောင်း၊ ထို့အတူ လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြမီးတပ်ဆင်မှုများကို ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း'' ထည့်သွင်းပြောကြားခဲ့ရာ လူများ၏ စည်းကမ်းလိုက်နာမှု၊ ယာဉ်များ၏ ကြံ့ခိုင်ကောင်းမွန်မှု၊ လမ်းများ၏ လုံခြုံစိတ်ချရမှုတို့ကို အလေးထားရန်ထောက်ပြခဲ့ခြင်း ဖြစ်သည်။

မော်တော်ယာဉ် မောင်းနှင်သူများ၊ လမ်းအသုံးပြုသူများအားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်သကဲ့သို့ လုံခြုံမှုစံနှုန်းမီသောလမ်းများ ပြုပြင်တည်ဆောက် ဖြည့်ဆည်းပေးခြင်းဖြင့်လည်း ယာဉ်မတော်တဆဘေးမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြား

၂-၉-၂၀၁၇(စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - **မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်**
- ၉း၂၅ - World of Innovations
- ၉း၃၅ - အိန္ဒိယနိုင်ငံရဲ့ပဲတင်သွင်းမှု သွင်းကုန်မူဝါဒပြောင်းလဲမှုအပေါ် ဆွေးနွေးမှု
- ၁၃း၄၅ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်''ဇာတ်လမ်းကမသန်း'' (အပိုင်း-၄)

**ညပိုင်း**

- ၁၇း၁၅ - ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈း၂၀ - "Model Asem 2017" (အကြိုတွေ့ဆုံမေးမြန်းခန်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ''ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ်'' (နေပြည်တော်)
- ဂီတသမား၊ ဂီတစကား ''ဂန္ထဝင် ဓမ္မတေးသီချင်း ၃ ပုဒ်''
- (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- ဇာတ်တော်ကြီး ''ပဒုမဇာတ်တော်ကြီး''(ဒုတိယပိုင်း)

# (၁၈)ကြိမ်မြောက် ASCC ဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၂၃)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများအဆင့် (SOCA) အစည်းအဝေးများအတွက် အကြိုညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁**

(၁၈)ကြိမ်မြောက် ASCC ဝန်ကြီးအဆင့်အစည်းအဝေးနှင့် (၂၃)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများအဆင့် (SOCA) အစည်းအဝေးများအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး- ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၁၈)ကြိမ်မြောက် ASCC ဝန်ကြီးအဆင့်အစည်းအဝေးနှင့် (၂၃)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများအဆင့် (SOCA) အစည်းအဝေးတို့တွင် ဆွေးနွေးဆုံးဖြတ်ကြမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ထည့်သွင်းဆွေးနွေးလိုသည့်အချက်များ ညှိနှိုင်းအကြံပြုလိုသည့် အချက်များနှင့်ပတ်သက်၍ နောက်ဆုံး ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးပေးစေလိုကြောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံ ၂၀၂၅ သည် အာဆီယံ ပဋိညာဉ်စာတမ်းကို အဓိကထားသကဲ့သို့ အာဆီယံ ဆက်စပ်အဖွဲ့အစည်းများ၏ ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများကို ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အောက်ရှိ အခြားဆက်စပ်အဖွဲ့အစည်းများသည် သက်ဆိုင်ရာကဏ္ဍအောက်ရှိ လုပ်ငန်းအဖွဲ့များ၏ တိကျသောလုပ်ငန်းစဉ်များ၊ စီမံကိန်းများ လှုပ်ရှားမှုများကို တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ အာဆီယံ လူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီကိုယ်စား ဆွေးနွေးပြောကြားရန်အတွက် ထည့်သွင်းဆွေးနွေးလိုသည့်အချက်များ၊ ညှိနှိုင်းအကြံပြုလိုသည့်အချက်များ၊ နောက်ဆုံးဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား တင်ပြဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## အင်းစိန်မြို့နယ်စာရေးဆရာအသင်း စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲနှင့် နှစ်ပတ်လည်ညီလာခံကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့စုံညီ စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲနှင့် နှစ်ပတ်လည် ညီလာခံကို ဩဂုတ် ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရှိ သက်ကြီးဝါရင့် စာပေပညာရှင်ကြီး ၃၁ ဦးအား ပူဇော်ကန်တော့ရန် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းမြင့်(မှူခင်း)က ပြောကြားရာ အလုပ်အမှုဆောင်အဖွဲ့များက အလှူငွေနှင့် လက်ဆောင်ပစ္စည်းများဖြင့် ဂါရဝပြု ပူဇော်ကန်တော့ကြသည်။

ထို့နောက် အတွင်းရေးမှူးမောင်နွယ်မြင့်(စာပေဗိမာန်ဆုရ)က နှစ်ပတ်လည် အစီရင်ခံစာကိုဖတ်ကြားပြီး မြို့နယ်အလုပ်အမှုဆောင်များမှ မိမိတို့၏ကဏ္ဍအလိုက် အစီရင်ခံစာများ တင်သွင်းကြသည်။ ယင်းနောက် တက္ကသိုလ်မြမဥ္ဇူ(ဘဏ္ဍာရေးမှူး)က ဘဏ္ဍာရေးအစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်း၊ တော်မြင့်(ငှက်ဖျား)စာရင်းစစ်မှ မြို့နယ်စာရင်း အစီရင်ခံစာများတင်သွင်းရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အတည်ပြုခဲ့ကြောင်း သိရသည်။

**ထွန်းအောင်ရှိန် (မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁-၉-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၆ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၂ ・ ၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・ ၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၂၁၄ |
| တရုတ် | တစ်ယွမ် | ၂၀၅ ・ ၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ・ ၁၁ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## သံအမတ်ကြီး ဦးမြင့်ဆွေ အား ကင်ညာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော်  စက်တင်ဘာ  ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ကင်ညာသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော်  စက်တင်ဘာ  ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

▲ *ရှေ့ဖုံးမှ*

ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌနှင့်အတူ နိုင်ဇေယျ၊ နိုင်လယီကောင်း၊ နိုင်ဝင်းလှ၊ နိုင်အောင်မငေးတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မွန်ပြည်သစ်ပါတီ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ ဦးဆောင်သည့် အဖွဲ့အား အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အလုပ်သဘော နေ့လယ်စာစားပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖွဲ့ဝင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မန္တလေးခရိုင် လူမှုအခြေပြုဗဟိုဌာန(Community Centre) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး  စက်တင်ဘာ  ၁**



ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မန္တလေးခရိုင် လူမှုအခြေပြုဗဟိုဌာန (Community Centre ) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းနှင့် စာရေးဆရာမောင်သစ်လွင်(သစ်လွင်လူထု)တို့က လူမှုအခြေပြုဗဟိုဌာန (Community Centre) ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ယာပုံ)** အမွှေးနံ့သာရေများပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှ ပြည်သူကို အသိပညာပေးခြင်း၊ သတင်းအချက်အလက်ပေးခြင်းလုပ်ငန်းများကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကိုလည်း ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများဖြင့် စာအုပ်ငှားရမ်းပေးရုံသာမက လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် ပြည်သူများ ဝင်ထွက်သွားလာပြီး ဒေသအကျိုးပြုလုပ်ငန်းများ ဆွေးနွေးတိုင်ပင် အကောင်အထည်ဖော်သည့်နေရာ၊ ဒေသရှိ ပြည်သူများ သိလိုသည့်သတင်းအချက်အလက်များကို ဖြန့်ဖြူးပေးသည့်နေရာ၊ လူငယ်များကို နည်းပညာများ သင်ကြားကူညီပေးသည့်နေရာ၊ စာဖတ်ဝါသနာပါသူများ စုစည်းပြီး စာအုပ်စာပေအကြောင်း ဆွေးနွေးပွဲများ ကျင်းပသည့်နေရာ၊ ကလေးငယ်များအတွက် ပျော်ရွှင်ဖွယ်ရာများ ဖန်တီးပေးပြီး စာအုပ်ဖြင့်ရင်းနှီးကာ စာဖတ်သည့် အလေ့အကျင့်ကောင်းများမှ စိတ်ပိုင်းဆိုင်ရာ၊ ဦးနှောက်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးအတွက် ကလေးစာဖတ်ခန်းများထားရှိပေးသည့် နေရာများအဖြစ် ပြောင်းလဲ၍ လူမှုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ အသက်အရွယ်ကြီးသူများအတွက်လည်း စာကြည့်တိုက်တွင် စာပေလာရောက်ဖတ်ရှုပြီး အနားယူသည့်သဘောစုဝေး၍ ရပ်ရွာအကျိုးပြုလုပ်ငန်းများ တိုင်ပင်ဆွေးနွေးနိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မဲဆန္ဒရှင်ပြည်သူများကို တွေ့ဆုံဆွေးနွေးသည့် နေရာအဖြစ် အသုံးပြုနိုင်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာလျှင် ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ လူမှုအခြေပြုဗဟိုဌာန (Community Centre) များ အောင်မြင်ရေးသည် တာဝန်ရှိဝန်ထမ်းများက တက်တက်ကြွကြွဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ ရပ်ရွာပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ အသုံးပြုမှုအပေါ်တွင်လည်း မူတည်ပါကြောင်း၊ ယခုဖွင့်လှစ်သည့် လူမှုအခြေပြုဗဟိုဌာန (Community Centre) များကို အများပြည်သူက ပိုင်ဆိုင်သည်ဟု မှတ်ယူဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးသည် ယဉ်ကျေးမှုအမွေအနှစ်များပေါများသည့် ဒေသဖြစ်သကဲ့သို့ စီးပွားရေးအလားအလာကောင်းသည့် တိုင်းဒေသကြီးလည်းဖြစ်ပါကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် လူမှုအခြေပြုဗဟိုဌာန (Community Centre) သည် လူ၏ အရွယ်သုံးပါးအတွက် အကျိုးရှိသည့် ဌာနဖြစ်ပါကြောင်း ပြောကြားပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ တိုင်ပင်ဆွေးနွေးသည့်နေရာ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်လုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်လာနိုင်ရေးဆွေးနွေးပွဲများ ဖော်ဆောင်သည့် ဌာနအဖြစ် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းက ရွေ့လျားစာကြည့်တိုက်အကြောင်း ရှင်းလင်းပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက မန္တလေးခရိုင် လူမှုအခြေပြုဗဟိုဌာန (Community Centre)အတွက် လှူဒါန်းကြ သည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး မြို့မိမြို့ဖ ဦးသောင်းနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွေ့လျားစာကြည့်တိုက် (Mobile Library Bus)၊ မန္တလေးခရိုင် လူမှုအခြေပြုဗဟိုဌာန (Community Centre) အတွင်းရှိ ပြတိုက်ငယ် (Museum)၊ ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာသင်တန်းခန်းမနှင့် အစည်းအဝေးခန်းမတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**(ခရိုင် ပြန် / ဆက်)**



## မော်တော်ယာဉ် မီးအချက်ပြစနစ်မှန်ကန်ရေးအတွက် ယာဉ်မောင်းများအား အသိပညာပေး

**နေပြည်တော်  စက်တင်ဘာ  ၁**

မော်တော်ယာဉ်မီးအချက်ပြစနစ် မှန်ကန်စေရေးအတွက် မော်တော်ယာဉ်များ အချက်ပြမီး မမှားယွင်းစေရေး အသိပညာပေးဆောင်ရွက်မှုကို အသိပညာပေးကာလ နောက်ဆုံးရက် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၂၀၂ ရှိ နေပြည်တော် Tool Gate ၌ ဆောင်ရွက်ခဲ့ပြီး ယနေ့နံနက်တွင်လည်း ထပ်မံဆောင်ရွက်လျက်ရှိသည်။ **(ဝဲပုံ)**

ဆောင်ရွက်ရာ၌ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီအတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦး၊ အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ကိုဦးနှင့် တပ်ဖွဲ့ဝင်များ၊ နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဌေးနှင့် ဝန်ထမ်းများက လက်ကမ်းစာစောင်များ ပေးဝေခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမြန်လမ်းနှင့် အဝေးပြေးလမ်းမကြီးများ၌ ယာဉ်၏ ဝဲဘက်မီးဖြင့် အချက်ပြလျက် လွဲမှားစွာကျင့်သုံးနေခြင်းကြောင့် မလိုလားအပ်သော ယာဉ်မတော်တဆမှုများဖြစ်ပေါ်နေကြောင်း စက်တင်ဘာ ၁ ရက်မှစ၍ မော်တော်ယာဉ်ဥပဒေနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခံရပါက ဒဏ်ငွေ သုံးသောင်းကျပ် ချမှတ်အရေးယူခံရမည်ဖြစ်ကြောင်း၊ အရေးယူဆောင်ရွက်ရာတွင် ရှေ့မှ ယာဉ်သည် နောက်မှယာဉ်ကို ကျော်တက်နိုင်စေရန် "ယာဉ်၏ ဝဲဘက်အချက်ပြမီးဖြင့် အချက်ပြသည်ကို တွေ့ရှိသူက တစ်နည်းနည်းဖြင့် မှတ်တမ်းရယူ၍ သတင်းပို့တိုင်ကြားလာပါက လွဲမှားစွာအချက်ပြသော ယာဉ်မောင်းအား မော်တော်ယာဉ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-မျိုးဇေယျာ(ပျဉ်းမနား)**

# ရခိုင်ဒေသတွင် နေထိုင်သူများ စိတ်ချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၄၂ ခုနှစ်က ဖြစ်ပွားခဲ့သည့် အလယ်သံကျော်ဖြစ်စဉ်ကဲ့သို့ ရခိုင်ပြည်နယ်အတွင်း ဘင်္ဂါလီများက ဒေသခံတိုင်းရင်းသားများအား တိုက်ခိုက်သတ်ဖြတ် မောင်းထုတ်ပြီး ရခိုင်တိုင်းရင်းသားများပိုင်ဆိုင်သည့် နယ်မြေများ ဆုံးရှုံးမှုမျိုး ထပ်မံအဖြစ်မခံနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပွန်းပဲ့ထိခိုက်မှုလုံးဝမဖြစ်စေရန် တပ်မတော်အနေဖြင့် အပြည့်အဝ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအားလုံး၊ ပြည်သူများအားလုံးကလည်း မျိုးချစ်စိတ်အပြည့်အဝဖြင့် ဝိုင်းဝန်းကာကွယ်ရမည်ဖြစ်ကြောင်း။

ရခိုင်ဒေသတွင် နေထိုင်သူများ စိတ်ချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသသို့ ပြန်ပြီး မိမိတို့ဘဝတိုးတက်ရေး၊ မိမိတို့ဒေသတိုးတက်ရေး လုပ်ဆောင်ကြရန်လိုကြောင်း၊ ယခုဖြစ်စဉ်တွင် ပျက်စီးဆုံးရှုံးရမှု၊ ကြေကွဲရမှုဖြစ်စဉ် များစွာရှိကြောင်း၊ ယင်းတို့ကို အမြန်ဆုံးကုစားရန် လုပ်ဆောင်ပေးရမည်ဖြစ်ပြီး ဒေသတိုးတက်အောင်လည်း လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ယနေ့ အလှူရှင်များ၏ စာနာမှုနှင့် အမျိုးသားရေးစိတ်ထားရှိမှုကိုလည်း လေးစားတန်ဖိုးထားပါကြောင်း၊ ယင်းစိတ်ဓာတ်များ အမြဲတမ်းခိုင်မာစေရေး ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသည့် ကွန်းခိုရာဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၅၀၀၀၊ အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၀၀၀၊ ရောဝတီဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၀၀၊ ကြယ်နီလာကုမ္ပဏီက ငွေကျပ်သိန်း ၅၀၀၊ Amazing Group ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၀၊ အောင်မြင်သူကုမ္ပဏီက ငွေကျပ်သိန်း၃၀၀၊ Sky One, Lucky Man ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၀၊ Authentic ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၀၊ KT Development ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၀၊ နောင်တုံကုမ္ပဏီက ငွေကျပ်သိန်း ၂၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀ အား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက လက်ခံရယူသည်။ ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မိသားစုက လှူဒါန်းငွေကျပ်သိန်း ၂၄၀၊ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် ပြင်ပအလှူရှင်များက လှူဒါန်းငွေ ၂၉၅၈ သိန်း ကိုးသောင်းကျပ်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မိတ်ဖက်ကုမ္ပဏီများက လှူဒါန်းငွေကျပ် ၇၇၅ သိန်း၊ မြဝတီထရေးဒင်းနှင့် မိတ်ဖက်ကုမ္ပဏီများက ငွေကျပ် ၆၀၂ သိန်း၊ Miya Win International Ltd., က ငွေကျပ်သိန်း ၅၀၀၊ CB Bank ကငွေကျပ်သိန်း ၅၀၀ နှင့် IGE Group က ငွေကျပ်သိန်း ၅၀၀ တို့ကို လှူဒါန်းရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လက်ခံရယူသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်(ရုံးချုပ်)၏ မိတ်ဖက်ကုမ္ပဏီများက လှူဒါန်းငွေ ၃၂၁ သိန်းငါးသောင်း၊ ဒေါင်အုပ်စုက ငွေကျပ်သိန်း ၃၀၀၊ မြန်မာရှုဘီအင်တာပရိုက်စ်၏ မိတ်ဖက်ကုမ္ပဏီများက ငွေကျပ် ၁၇၉ သိန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ဖက်စပ်ကုမ္ပဏီများက လှူဒါန်းငွေကျပ်သိန်း ၁၆၀၊ Myanmar Combiz မှ ငွေကျပ်သိန်း ၃၀၀၊ မြင့်တက်ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း၏ မိတ်ဖက်ကုမ္ပဏီများက ငွေကျပ် ၇၁ သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက လက်ခံရယူသည်။

ယင်းနောက် အလှူရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၃၁၁ သိန်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လည်းကောင်း၊ အလှူငွေကျပ်သိန်း ၁၄၀ အား ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လည်းကောင်း၊ အလှူငွေကျပ် ၅၁ သိန်းနှင့် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ခေါက်ဆွဲခြောက်ထုပ်များအား ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က လည်းကောင်း အသီးသီးလက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ယနေ့ကျင်းပသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၁၉၄၂၅၄၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်က မီဒီယာအချို့နှင့် လူပုဂ္ဂိုလ်တို့အပေါ် တရားစွဲဆိုထားသည့်အမှုများအား ကျေအေးရုပ်သိမ်း

**နေပြည်တော် စက်တင်ဘာ ၁**

တပ်မတော်က မီဒီယာအချို့နှင့် လူပုဂ္ဂိုလ်တို့အပေါ် တရားစွဲဆိုထားသည့် အမှုများအား ကျေအေးရုပ်သိမ်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးတို့အတွက် အသက်၊ သွေး၊ ချွေး၊ ခန္ဓာပေးဆပ်မှု များစွာဖြင့် တာဝန်ထမ်းဆောင်လျက်ရှိရာတွင် အချို့သောသတင်းမီဒီယာများ၏ လွဲမှားသောအမြင်ဖြင့် သတင်းဖော်ပြမှုများသည် တပ်မတော်၏ ပုံရိပ်၊ ဂုဏ်သိက္ခာနှင့် လုပ်ဆောင်ချက်များကို ထိခိုက်ညှိုးနွမ်းစေသောကြောင့် တပ်မတော်အနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြောင်း။

တပ်မတော်နှင့် သတင်းမီဒီယာများသည် ရည်ရွယ်ရပ်တည်မှုတူညီစွာဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးကို အတူတကွ သယ်ပိုးထမ်းဆောင်မှုအား အသိအမှတ်ပြုပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အမျိုးသားအကျိုးစီးပွားကို ဆက်လက်၍ အတူလက်တွဲလုပ်ဆောင်နိုင်ရန်အလို့ငှာ တပ်မတော်အနေဖြင့် ယခင်ကဖြစ်ပျက်ခဲ့မှုများအား သင်ပုန်းချေ၍ သတင်းမီဒီယာအချို့နှင့် လူပုဂ္ဂိုလ်တို့အပေါ် တပ်မတော်က တရားစွဲဆိုထားသည့် အမှုများကို ကျေအေးရုပ်သိမ်းပေးလိုက်ကြောင်း။

တပ်မတော်က မီဒီယာအချို့အပေါ် ကျေအေးရုပ်သိမ်းပေးလိုက်သည့် တရားစွဲဆိုမှုများမှာ ဝန်းသိုမြို့နယ်တရားရုံး၌ ရာဇသတ်ကြီးဥပဒေပုဒ်မ-၅၀၂ ဖြင့် တရားစွဲဆိုထားသည့် The Daily Eleven Newspaper မှ အယ်ဒီတာချုပ် ဦးဝေဖြိုး၊ ဗဟန်းမြို့နယ်တရားရုံး၌ သတင်းမီဒီယာဥပဒေပုဒ်မ-၂၅(ခ)နှင့် ဆက်သွယ်ရေး ဥပဒေပုဒ်မ-၆၆(ဃ)တို့ဖြင့် တရားစွဲဆိုထားသည့် The Voice Daily မှ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေနှင့် ကလောင်ရှင် ဗြိတိသျှကိုကိုမောင်၊ သီပေါမြို့နယ်တရားရုံး၌ (ပ)၇၂/၂၀၁၇၊ မတရားအသင်းအက်ဥပဒေပုဒ်မ-၁၇(၁)ဖြင့် အမှုဖွင့်လှစ်ထားသည့် DVB သတင်းဌာနမှ အကြီးတန်းသတင်းထောက်များဖြစ်ကြသည့် ဦးအေးနိုင်၊ ဦးပြည့်ဘုန်းအောင်နှင့် ဧရာဝတီသတင်းဌာနမှ အကြီးတန်းသတင်းထောက် ဦးသိန်းဇော်တို့ဖြစ်ကြောင်း။

အလားတူ တပ်မတော်နှင့် တပ်မတော်သားများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်မှုကြောင့် မြောက်ဥက္ကလာပမြို့နယ်တရားရုံး၌ ရာဇသတ်ကြီးဥပဒေပုဒ်မ-၅၀၅(က)ဖြင့် အမှုဖွင့်လှစ်ခဲ့သည့် ဦးထင်ကျော်(ခ) ကျော်ထင်နှင့် တောင်ငူမြို့နယ်တရားရုံး၌ ရာဇသတ်ကြီးဥပဒေပုဒ်မ-၅၀၅(ခ)ဖြင့် အမှုဖွင့်လှစ်ခဲ့သည့် တောင်ငူဗကသ ဒုတိယဥက္ကဋ္ဌ ဝေယံသိန်း(ခ)ဗစ်တာ ဦးဆောင်သော ကျောင်းသားမျိုးဆက်ကေတု အိုးဝေတော်လှန်သံချပ်အဖွဲ့တို့ကို တရားစွဲဆိုထားသည့် အမှုများကိုလည်း ရုပ်သိမ်းပေးခဲ့ကြောင်း။

ထိုသို့တရားစွဲဆိုထားသည့်အမှုများအား ကျေအေးရုပ်သိမ်းမှုကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့လည်း အသိပေးခဲ့ပြီး နောင်အရှည်သဖြင့် တပ်မတော်နှင့် သတင်းမီဒီယာများအကြား အပြန်အလှန်နားလည်ယုံကြည်မှု ပိုမိုတိုးတက်ခိုင်မြဲစေရေး၊ သတင်းရေးသားဖော်ပြမှုများတွင် သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ တိကျမှု၊ ဘက်မလိုက်မှု၊ မျှတမှုရှိစေရေးတို့အတွက် ဝိုင်းဝန်းတည့်မတ်လုပ်ဆောင်ပေးနိုင်ရေးကိုလည်း အသိပေးအကြောင်းကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယာဉ်ကျော်တက်ရာတွင် အချက်ပြမီး မှန်ကန်စေရေး အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၁**

ယာဉ်များ ကျော်တက်နိုင်ကြောင်း အချက်ပြမီး မှားယွင်းအသုံးပြုနေခြင်းကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ်ကင်းရှင်းရေးကောင်စီများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ယခုနှစ် ဇွန် ၁၆ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အသိပညာပေးခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ယခု စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီမှ စတင်ကာ ယာဉ်များကျော်တက်ရာတွင် အချက်ပြမီးအမှန်အတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်တည်း တစ်ပြေးညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။



ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးအင်းစိန်မှ ခရိုင်ဦးစီးမှူး ဒေါ်ချိုချိုမြင့်ဦးဆောင်၍ လက်ထောက်အင်ဂျင်နီယာ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် လမ်းအသုံးပြုသူများအား ယာဉ်များကျော်တက်ရာတွင် အချက်ပြမီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်သို့ တစ်ပြေးညီပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဝေငှပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအချက်ပြမီး မှားယွင်းစွာ အသုံးပြုသူများကို ပညာပေးကာလနောက်ပိုင်းတွင် မော်တော်ယာဉ်ဥပဒေပုဒ်မ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ထွန်းအောင်ရှိန်၊ ဓာတ်ပုံ -မျိုးသန့်**

# ရခိုင်ပြည်နယ်မှ ဒေသခံအပြစ်မဲ့ပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁**

အလိုတော်ပြည့်ကျောင်းတိုက် (ပင်ရွှေညောင်လမ်း - တာမွေကလေးရပ်ကွက် - တာမွေမြို့နယ်)၌ ရခိုင်ပြည်နယ်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားတို့၏ အကြမ်းဖက် တိုက်ခိုက်ခံရသော အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးဆောင်ရွက်နေကြသော တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များအတွက် အလှူငွေကျပ်သိန်း ၉၀ ကို အလိုတော်ပြည့်ဆရာတော်ကြီးအား ဦးထိပ်ထား၍ အကယ်ဒမီ ခန့်စည်သူ ဦးဆောင်သော အနုပညာရှင်များပါဝင်သည့် မေတ္တာသင်္ဂဟအဖွဲ့ (ရန်ကုန်-မန္တလေး)က စက်တင်ဘာ ၁ ရက်တွင် အဖွဲ့၏ အကြိမ်(၆၀)မြောက်အလှူအဖြစ် လှူဒါန်းခဲ့သည်။

**လှူဒါန်း**

အဆိုပါအဖွဲ့အနေဖြင့် လှူဒါန်းမှု စုစုပေါင်း ငွေကျပ် ၂၅၄၉ သိန်း ကိုးသောင်းကို နေရာဌာနအသီးသီးသို့ ခြောက်နှစ်တာကာလတွင် လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်မြင့်သန်း (လမ်းမတော်)**

# ရခိုင်ပြည်နယ်ရှိ ကျေးရွာများမှ ခေတ္တတိမ်းရှောင်လာသူ တိုင်းရင်းသားများအား ပြည်ထောင်စုဝန်ကြီး တွေ့ဆုံအားပေး

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် ခေတ္တရဲချုပ်၊ နယ်ခြားစောင့်ရဲကွပ်ကဲရေးမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် ယနေ့ နံနက် ၈ နာရီတွင် ကျီးကန်းပြင်ဌာနချုပ်မှ ထွက်ခွာပြီး ဗန္ဓုလ၊ ခမောင်းဆိပ်၊ တောင်ပြို၊ ကြိမ်ချောင်းကျေးရွာများသို့သွားရောက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေမှုအားစစ်ဆေးပြီး အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အခြားကျေးရွာများမှ ခေတ္တတိမ်းရှောင်လာသူ တိုင်းရင်းသားများကို တွေ့ဆုံ၍ အားပေးစကားပြောကြားခြင်း၊ အစားအသောက်များ ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ခမောင်းဆိပ်နှင့်ကြိမ်ချောင်းကျေးရွာများမှ မွေးဖွားခါနီး ဟိန္ဒူလူမျိုး အမျိုးသမီးတစ်ဦး၊ တိုင်းရင်းသူအမျိုးသမီးနှစ်ဦးတို့အား ၎င်းတို့၏ လူနာစောင့်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် တစ်ပါတည်း ခေါ်ဆောင်လာပြီး ကျီးကန်းပြင်ဌာနချုပ်တွင် ကနဦး ကျန်းမာရေးကြည့်ရှုစောင့်ရှောက်မှုများပြုလုပ်ပေးခြင်း၊ နေ့လယ်စာကျွေးမွေးခြင်းပြုလုပ်ပြီး မောင်တောမြို့ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

ထို့နောက် အလယ်သံကျော်၊ မြင်းလွတ်၊ အင်းဒင်၊ ကိုးတန်ကောက်စခန်းများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အခွန်ပေးဆောင်မှုကို မိုဘိုင်းငွေပေးချေမှုနှင့် အီလက်ထရွန်နစ် ငွေပေးချေမှုများဖြင့် တိုးချဲ့ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၁**

နိုင်ငံတော်သို့ အခွန်ပေးဆောင်မှုကို မိုဘိုင်းငွေပေးချေမှုနှင့် အီလက်ထရွန်နစ်ငွေပေးချေမှုများဖြင့် တိုးချဲ့ဆောင်ရွက်သွားရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူများ တက်ရောက်ကြသည်။ **(ဝဲပုံ)**



အစည်းအဝေးတွင် ပြည်သူများအနေဖြင့် အခွန်ထမ်းဆောင်ရွက်ရာတွင် မိုဘိုင်းငွေပေးချေမှုနှင့် အီလက်ထရွန်နစ်ငွေပေးချေမှုများကို ပိုမိုတွင်ကျယ်စွာသုံးစွဲလာပါက နိုင်ငံတော်အနေဖြင့် အခွန်ငွေများ ပိုမိုရရှိနိုင်ခြင်း၊ အခွန်ထမ်းများအနေဖြင့် လွယ်ကူချောမွေ့စွာ အခွန်ထမ်းဆောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်၍ အဆိုပါစနစ် တိုးတက်ဖွံ့ဖြိုးရေးအတွက် မည်သို့ဆောင်ရွက်နိုင်မည်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်တွင်းဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူများမှ အကြံပြုဆွေးနွေးကြသည်။

ထိုစနစ်ကို တိုးတက်ဖွံ့ဖြိုးလာစေရေးဆောင်ရွက်ရာတွင် လစဉ်အခွန်ထမ်းဆောင်ရသည့် ကုန်စည်ခွန်၊ အထူးကုန်စည်ခွန်နှင့် သုံးလလျှင်တစ်ကြိမ်အခွန်ပေးဆောင်ရသည့် ဝင်ငွေခွန်များကို အဆိုပါစနစ်ဖြင့် ပေးဆောင်နိုင်ရေးကို ဆောင်ရွက်ရန် လျာထားကြောင်းနှင့် အဆိုပါစနစ် တိုးတက်ဖွံ့ဖြိုးစေရေးအတွက် အကြံဉာဏ်များ၊ လုပ်ငန်းပါဝင်ဆောင်ရွက်ရန် အဆိုပြုချက်များကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးပို့သွားရန်ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးပိုလာနိုင်

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘောလခဲ စက်တင်ဘာ ၁**

ကယားပြည်နယ် ဘောလခဲခရိုင်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့ရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခန့်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဆွေဦး၊ ခရိုင်မြေအသုံးချ၊ မျိုးစေ့သီးနှံကာကွယ်ရေးတာဝန်ခံများ တက်ရောက်ခဲ့သည်။

ပြည်နယ်ဦးစီးမှူးက ကယားပြည်နယ်တွင် ဘောလခဲခရိုင်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နယ်စပ်ကုန်သွယ်မှုများ တိုးချဲ့ဆောင်ရွက်လာပါက အလားအလာကောင်းသော ပြည်ပပို့သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အရည်အသွေးကောင်းမှ ဈေးကွက်ကောင်းများ ရရှိလာမည်ဖြစ်ကြောင်း၊ တစ်ခရိုင် တစ်ရွာ ဘက်စုံနည်းပညာသုံး စံပြကျေးရွာမှ အခြားကျေးရွာများသို့ ပျံ့ပွားနှံ့နှံ့စိုက်ပျိုးဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# ရန်ကုန်မြို့တော်စည်ပင်က ခွေးလေခွေးလွင့်ထိန်းသိမ်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ခွေးလေခွေးလွင့်များကိုသုတ်သင်ခြင်း၊ မျိုးပွားမှုကိုထိန်းချုပ်ခြင်း၊ လေလွင့်ထိန်းသိမ်းရေးဂေဟာသို့ ပို့ဆောင်ခြင်းမျိုးစသောနည်းလမ်းသုံးမျိုးဖြင့် ထိန်းသိမ်းပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောကြားသည်။

ယနေ့ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၏ ကြယ်ပွင့်ပြမေးခွန်းကိုဖြေကြားရာ၌ ဝန်ကြီးကထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့မေးမြန်းခဲ့မှုအပေါ် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးက ပြန်လည်ဖြေကြားရာ၌ "ရန်ကုန်မြို့မှာ လေလွင့်ခွေးကောင်ရေအရေအတွက်ကို တိတိကျကျ စာရင်းကောက်ယူဖို့ခက်ခဲပေမယ့် ၂၀၁၄ ခုနှစ် အကြမ်းဖျင်းစာရင်းကောက်ယူခဲ့ရာမှာ မြို့တော်နယ်နိမိတ်အတွင်းမှာ လေလွင့်ခွေးကောင်ရေဟာ တစ်သိန်းငါးသောင်းခန့်ရှိပါတယ်။ ခွေးတွေရဲ့ ပင်ကိုသဘာဝအရလည်း အသက်ခြောက်လကနေ ရှစ်လအတွင်း မျိုးပွားနိုင်စွမ်းလည်းရှိပါတယ်။ မျိုးပွားနှုန်းကလည်း တစ်နှစ်ကိုအနည်းဆုံးတစ်ကြိမ်ကနေ နှစ်ကြိမ်အထိ သားပေါက်ပွားနိုင်တဲ့အတွက်ကြောင့် ၂၀ နဲ့ ၂၅ ရာခိုင်နှုန်း တိုးပွားနေတဲ့အတွက်ကြောင့် လက်ရှိအခြေအနေမှာ လေလွင့်ခွေးကောင်ရေဟာ နှစ်သိန်းငါးသောင်းခန့်ရှိလာတယ်ဆိုတာ တွေ့ရပါတယ်။ လေလွင့်ခွေးကောင်ရေများပြားလာခြင်း နောက်ဆက်တွဲအကျိုးကျေးဇူးက ခွေးကိုက်ခံရမှုနဲ့ ခွေးရူးရောဂါဖြစ်ပွားမှုနှုန်း ပိုမိုဖြစ်စေပါတယ်။ ခွေးချစ်သူတွေရှိသလို ခွေးကြောက်သူတွေလည်းရှိပါတယ်။ စိတ်အနှောင့်အယှက်ဖြစ်တဲ့သူက ခွေးအချင်းချင်းရန်ဖြစ်တာ၊ ဟောင်တာ၊ ပတ်ဝန်းကျင်ကို အသံနဲ့ အနှောင့်အယှက်ဖြစ်စေတာ၊ အညစ်အကြေးစွန့်တာစတဲ့ လူမှုရေး၊ ကျန်းမာရေးပြဿနာတွေလည်း ဖြစ်ပေါ်နိုင်တဲ့အတွက်ကြောင့် လေလွင့်ခွေးတွေကို ဖယ်ရှားရှင်းလင်းဖို့အတွက် ကိုယ်တိုင် (သို့) စာ၊ တယ်လီဖုန်း၊ သတင်းစာဂျာနယ်၊ လူမှုကွန်ရက်ကတစ်ဆင့် နေ့စဉ်အကူအညီတောင်းတာလည်း ရှိပါတယ်။ တိုင်ကြားတဲ့အတွက်လည်း ကော်မတီအနေနဲ့ လေလွင့်ခွေးတွေကို သုတ်သင်ပေးရတာမျိုးလည်းရှိပါတယ်။ နောက်မျိုးပွားမှုကိုထိန်းချုပ်တာ၊ လေလွင့်ထိန်းသိမ်းရေးဂေဟာကိုပို့ဆောင်တာစတဲ့ နည်းလမ်းသုံးခုနဲ့ ဆောင်ရွက်ပေးနေပါတယ်။ မြို့တော်ရေိယာအတွင်းမှာ လေလွင့်ခွေးအကောင်ရေများပြားနေတာကြောင့် တိရစ္ဆာန်ကနေ လူကိုကူးစက်တတ်တဲ့ ရောဂါကာကွယ်ရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ ခွေးရူးရောဂါကာကွယ်ရေးလုပ်ငန်းအတွက်လည်း ကော်မတီကိုတင်ပြတိုင်ကြားလာတဲ့ မြို့နယ်မှာတွေရှိတဲ့ လူနေရပ်ကွက်တွေ၊ လမ်းတွေ၊ စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ဈေးတွေ၊ ဆေးရုံနဲ့ ဌာနဆိုင်ရာ ဝန်ထမ်းအသိုင်းအဝိုင်းတွေရဲ့နေရာတွေမှာ အဓိကထားပြီး အဆိပ်ချသုတ်သင်ရှင်းလင်းမှုကို ကော်မတီအနေနဲ့ မလွဲမရှောင်သာဘဲ ဆောင်ရွက်နေရတာဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့လည်း လက်ရှိအခြေအနေမှာ လှိုင်သာယာမြို့နယ်အတွင်းမှာ ခွေးလေခွေးလွင့်တွေ ကျွေးမွေးဖို့အတွက် စားဖိုဆောင်နဲ့ ခွေးရိက္ခာတွေအတွက်ထားဖို့ ဂိုဒေါင်ဆောက်လုပ်တဲ့လုပ်ငန်းတွေကို ဆောင်ရွက်ထားပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနယ်နိမိတ်အတွင်းမှာ ခွေးလေခွေးလွင့်တွေကို အဆိပ်နဲ့သတ်ဖို့၊ လျှော့ချနိုင်တဲ့နေရာမှာ မျိုးဆက်ထိန်းလုပ်ငန်းတွေအဖြစ် သားဆက်ခြားဟော်မုန်းဆေးထိုးတာ၊ ခွဲစိတ်ကုသတဲ့လုပ်ငန်း၊ မေ့ဆေးနဲ့ဖမ်းဆီးပြီးတော့ လေလွင့်ခွေးထိန်းသိမ်းစောင့်ရှောက်ရေးဂေဟာတွေကို ပို့ဆောင်ပြီးတော့ စောင့်ရှောက်မယ့်နည်းလမ်းတွေကိုပါ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဖြေကြားခဲ့သည်။



ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်ကြားရှိ ကမာရွတ်ချောင်းအား ရန်ကုန်အင်းစိန်လမ်းမကြီးမှ မြင်တွေ့ရစဉ်

ထို့ပြင် လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေးက လှိုင်မြို့နယ်အတွင်း ရေစီးရေလာအတွက် တစ်မြို့နယ်လုံး၏ မြေပြင်အနေအထားကို စနစ်တကျတွက်ချက်ကာ ပင်မရေမြောင်းကြီးများအား ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် သမိုင်းချောင်း၊ ပိတောက်ချောင်း၊ ကမာရွတ်ချောင်းများကို ပြန်လည်ထိန်းသိမ်းကာ ချောင်းဧရိယာသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိသိရှိလိုပါကြောင်း မေးမြန်းမှုအပေါ် စည်ပင်သာယာရေးဝန်ကြီးက ပြန်လည်ဖြေကြားရာ၌ "မြို့နယ်အတွင်းမှာ အဓိကစီးဆင်းနေတဲ့ သမိုင်းချောင်း၊ ပိတောက်ချောင်း၊ ကမာရွတ်ချောင်းတွေကို မြေပြင်အနေအထားအရ ရေစီးရေလာကောင်းမွန်ဖို့ ချောင်းမြောင်းရှင်းလင်းတဲ့လုပ်ငန်းတွေမှာ နှစ်စဉ်စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။ မြေထိန်းနံရံတွေကိုလည်း ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးဖို့၊ နောက်တစ်ခုက ချောင်းဧရိယာ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ပူးပေါင်းပြီးတော့လည်း မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာမှုလည်း ပြုလုပ်ပါတယ်။ အဓိကက ရေစီးရေလျှံမှုဖြစ်တဲ့ပြဿနာတွေဟာ ရေစုကန်တွေပါ။ အဲဒီရေစုကန်တွေနေရာရဖို့အတွက်လည်း ပြန်ရှာပါတယ်။ နောက်တစ်ခုက သဘာဝရေစီးကြောင်းတွေပေါ်မှာ ပုဂ္ဂလိကအကျိုးအတွက် ပိတ်ထားတာတွေကိုလည်း ကျွန်တော်တို့ ပြန်လေ့လာနေပါတယ်။ ကွင်းဆင်းပြီးတော့ ထိရောက်အောင်လုပ်နိုင်မယ့် နည်းလမ်းကိုရှာရပါမယ်" ဟု ဖြေကြားခဲ့သည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို စက်တင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ- ထိန်လင်း**

# ဆည်မြောင်းဥပဒေ ပြဋ္ဌာန်း

*(ယမန်နေ့မှ အဆက်)*

၁၇။ လယ်ကြားမြောင်းအသစ် တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းအတွက် လယ်ကြားမြောင်း ဖြတ်သန်းရာ တစ်ဖက်တစ်ချက်ရှိ မြေလက်ရှိဖြစ်သူတို့က လယ်ကြားမြောင်းမှရေကို ရယူသုံးစွဲပါက ယင်းမြေအတွက် လျော်ကြေးခံစားခွင့်မရှိဘဲ သစ်ပင်နှင့်သီးနှံပျက်စီးမှုအတွက်သာ လျော်ကြေးခံစားခွင့်ရှိသည်။ အကယ်၍ ယင်းမြေလက်ရှိဖြစ်သူသည် လယ်ကြားမြောင်းမှရေကို ရယူသုံးစွဲပါက ရယူထားသော လျော်ကြေးငွေကို ပြန်လည်ပေးအပ်ရမည်။

၁၈။ ပုဒ်မ ၁၇ အရ လယ်ကြားမြောင်း သို့မဟုတ် မြေနှင့်အကျိုးသက်ဆိုင်သူသည် လယ်ကြားမြောင်းအသစ် တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခရိုင်အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်နှင့်အညီ ကန့်ကွက်တင်ပြနိုင်သည်။

၁၉။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၁၈ အရ ကန့်ကွက်တင်ပြချက်ကို ရရှိလျှင်-

(က) ခရိုင်ဆည်မြောင်းအရာရှိနှင့်အတူ လိုအပ်သောစုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည်။

(ခ) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ကန့်ကွက်တင်ပြချက်ကို လက်ခံ၍ အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) လျော်ကြေးပေးရန် ကိစ္စများနှင့်စပ်လျဉ်း၍ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

၂၀။ လယ်ကြားမြောင်းဖောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်ကိုဖြစ်စေ၊လျော်ကြေးငွေကိုဖြစ်စေ လယ်ကြားမြောင်း အသုံးပြုသူများက ပူးတွဲ၍သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း ကျခံရန် တာဝန်ရှိစေရမည်။

၂၁။ လယ်ကြားမြောင်းရေကိုရယူရာတွင်-

(က) အများပြည်သူဆိုင်ရာ လမ်း၊ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းကိုဖြတ်ကျော်၍ ရယူရန်လိုအပ်ပါက ပြုပြင်ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကိုရေအသုံးပြုသူများက ကျခံရမည်။

(ခ) ခရိုင်ဆည်မြောင်းအရာရှိသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၂။ ခရိုင်အုပ်ချုပ်ရေးမှူးသည် လယ်ကြားမြောင်းအသစ် ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းအတွက် ကုန်ကျစရိတ်ကိုလည်းကောင်း၊ လယ်ကြားမြောင်းကို လွှဲပြောင်းရယူခြင်းအတွက်ပျက်စီးဆုံးရှုံးမှု လျော်ကြေးကိုလည်းကောင်း လယ်ကြားမြောင်းဖောက်လုပ်သူ သို့မဟုတ် လွှဲပြောင်းရယူသူက ကျခံရေးအတွက် ဆောင်ရွက်ရမည်။

၂၃။ လယ်ကြားမြောင်း အသစ်ဖောက်လုပ်ခြင်းအတွက် ခရိုင်အုပ်ချုပ်ရေးမှူးက သတ်မှတ်သောကုန်ကျစရိတ်ကို လယ်ကြားမြောင်း အသုံးပြုသူကကျခံရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ လယ်ကြားမြောင်းကိုလွှဲပြောင်းရယူခြင်းအတွက် ခရိုင်အုပ်ချုပ်ရေးမှူးက သတ်မှတ်သောကုန်ကျစရိတ် သို့မဟုတ် ပျက်စီးဆုံးရှုံးမှု လျော်ကြေးကို လွှဲပြောင်းရယူသူက ကျခံရန်ပျက်ကွက်လျှင် သော်လည်းကောင်း လယ်ကြားမြောင်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်ကို ခရိုင်အုပ်ချုပ်ရေးမှူးက ပေးအပ်ခြင်းမပြုဘဲ နေနိုင်သည်။

၂၄။ လယ်ကြားမြောင်း အသုံးပြုခွင့်ရှိသူသည် ရေထွက်ပေါက်ကို ပျက်စီးစေခြင်း သို့မဟုတ် ချဲ့ထွင်ခြင်းပြုလုပ်လျှင် ခရိုင်ဆည်မြောင်းအရာရှိက ယင်းလယ်ကြားမြောင်း အသုံးပြုသူကို လယ်ကြားမြောင်းပြုပြင်ထိန်းသိမ်းမှုမရှိသူအဖြစ် သတ်မှတ်ပြီး ယင်းလယ်ကြားမြောင်း ပြန်လည်ပြင်ဆင်ရသည့် ကုန်ကျစရိတ်ကို ကျခံစေရမည့်အပြင် ဆည်မြောင်းမှရေပေးဝေမှုကို ရပ်ဆိုင်းထားနိုင်သည်။

၂၅။ ဝန်ကြီးဌာနကစီမံခန့်ခွဲသော ဆည်မြောင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲသော ဆည်မြောင်းတွင်ဖြစ်စေ ပြည်သူအများ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရန် လိုအပ်သောနေရာများတွင် သင့်လျော်သည့် ဆည်မြောင်းဖြတ်ကျော်တံတားများကို ဆောက်လုပ်ပေးရမည်။

**အခန်း (၆)**

**ရေပေးဝေမှုရပ်ဆိုင်းခြင်း**

၂၆။ ခရိုင်ဆည်မြောင်းအရာရှိသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ဆည်မြောင်းမှ ရေပေးဝေမှုကို ရေသုံးစွဲသူများအား ကြိုတင်အသိပေး၍ ရပ်ဆိုင်းနိုင်သည် -

(က) ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ရေပေးဝေမှုကို ရပ်ဆိုင်းရန် လိုအပ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိက ရပ်ဆိုင်းရန် ညွှန်ကြားခြင်း၊

(ဂ) လယ်ကြားမြောင်းပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ဆည်မြောင်းရေများ အကျိုးမဲ့စီးထွက်ခြင်းနှင့် ဆည်ရေဆုံးရှုံးခြင်းမှ ကာကွယ်ရန် လိုအပ်ခြင်း။

၂၇။ ပုဒ်မ ၂၆ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း ရေပေးဝေမှု ရပ်ဆိုင်းခြင်းခံရသည့်အတွက် ဆုံးရှုံးမှုအပေါ် ဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့ကပေးလျော်ရန်တာဝန်မရှိစေရ။ သို့ရာတွင် ရေသုံးစွဲသူသည် ဆည်မြောင်းရေအသုံးပြုခြင်းအတွက် ကောက်ခံသောရေဖိုးငွေများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် တောင်းဆိုနိုင်သည်။

**အခန်း (၇)**

**ဆည်မြောင်းရေသုံးစွဲသူများ၏ အခွင့်အရေးနှင့် တာဝန်များ**

၂၈။ ဆည်မြောင်းတစ်ခုမှ ပေးဝေသည့်ရေသည် ရေသွင်းစိုက်ပျိုးသည့် သီးနှံတစ်သီးစာအတွက် ပေးဝေခြင်းဖြစ်လျှင် ထိုသီးနှံရင့်မှည့်ချိန်အထိ အသုံးပြုနိုင်သည်။ တစ်နှစ်အတွင်း တစ်သီးစာထက်ပို၍ သီးထပ်စိုက်ပျိုးခြင်းအတွက် ရေပေးဝေခြင်းဖြစ်လျှင် ထိုသီးနှံများ ရင့်မှည့်ချိန်အထိ သုံးစွဲနိုင်သည်။

၂၉။ ဆည်မြောင်းရေသုံးစွဲသူသည် ရေသွင်းစိုက်ပျိုးရန်ဖြစ်စေ၊ မွေးမြူရေးလုပ်ငန်း အသုံးပြုရန်ဖြစ်စေ ပေးဝေသည့် ဆည်မြောင်းရေအတွက်ကျသင့်သည့် ရေခွန်ကို သတ်မှတ်ချက်နှင့်အညီ ပေးဆောင်ရမည်။

၃၀။ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းမှရေကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရန် တောင်သူများ စိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့ကို ဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပေးရမည်။ ယင်းအဖွဲ့သည် ပေးဝေသောရေပမာဏကို မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲရန်နှင့် ရေဖြန့်ဝေစနစ်ကို ပြုပြင်ထိန်းသိမ်းရမည်။

**အခန်း (၈)**

**ကျေးရွာဆည်မြောင်းနှင့်ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများ**

၃၁။ ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အလိုက် တည်ရှိနေသော ကျေးရွာဆည်မြောင်း သို့မဟုတ် ကျေးရွာရေနုတ်မြောင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ပြည့်စုံစွာ စာရင်းပြုစုပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်နည်းလမ်းအတိုင်း ထုတ်ပြန်ကြေညာရမည်-

(က) ဆည်မြောင်း၊ ရေနုတ်မြောင်း၊ တာတမံများ၊ ရေမြောင်း၊ ရေလွှဲဆည်၊ ရေတံခါးနှင့် ယင်းတို့နှင့်ဆက်စပ်သော လုပ်ငန်းများ၏ တည်နေရာနှင့် အမျိုးအမည်၊

(ခ) ပုဒ်မခွဲ(က)ပါလုပ်ငန်းများမှ အကျိုးခံစားခွင့်ရသည့် လယ်ယာမြေများနှင့် ယင်းမြေများပေါ်တွင် ကောက်ခံရရှိနိုင်သော ရေခွန်ရှိလျှင် ၎င်းရေခွန်စာရင်း၊

(ဂ) ပုဒ်မခွဲ (က)ပါလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများကို အထောက်အကူပြုသည့် တာတမံများ၊ ရေမြောင်းများ၊ ရေလွှဲဆည်များ၊ ရေတံခါးများနှင့် အခြားလုပ်ငန်းများကို ထိရောက်စွာပြုပြင်ရေးနှင့် ထိန်းသိမ်းရေးတို့အတွက် ရန်ပုံငွေလိုအပ်ချက်များနှင့် ရန်ပုံငွေရရှိရေး ဆောင်ရွက်ရန် နည်းလမ်းများ။

**အခန်း (၉)**

**ရေနုတ်မြောင်းအဖြစ် ကြေညာခြင်း၊ ပိတ်ဆို့မှုကိုဖယ်ရှားခြင်းနှင့် လျော်ကြေး**

၃၂။ ဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေမြောင်းတစ်ခုခုတွင် ရေစီးရေလာ တားဆီးပိတ်ဆို့နေခြင်းကြောင့် အများပြည်သူအကျိုးကို ထိခိုက်နစ်နာနိုင်သည်ဟု ယူဆလျှင် ဤဥပဒေအလို့ငှာ ယင်း၏ မည်သည့်အစိတ်အပိုင်းသည် ရေနုတ်မြောင်းဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်၍ တားဆီးပိတ်ဆို့နေခြင်းအား ဖယ်ရှားနိုင်ရေးအတွက် လိုအပ်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၃။ (က) ပုဒ်မ ၃၂ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးပါက ခရိုင်ဆည်မြောင်းအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက အခွင့်အာဏာအပ်နှင်းခြင်းခံရသူသည် အောက်ပါကိစ္စတစ်ရပ်ရပ် ဆောင်ရွက်ရန် အမိန့်ထုတ်ပြန်နိုင်သည်-

(၁) ရေနုတ်မြောင်းတွင် တားဆီးပိတ်ဆို့နေသည့်အရာကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဖယ်ရှားရန်၊

(၂) ရေနုတ်မြောင်းလုပ်ငန်းတွင် တားဆီးပိတ်ဆို့နေသည့် အရာကို သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်သည့် အချိန်အတွင်း ပြုပြင်ရန်၊

(၃) မိမိထံမှစာဖြင့်ရေးသားထားသည့် သဘောတူညီချက်ကို ဦးစွာရယူခြင်းမပြုဘဲ ရေနုတ်မြောင်းတွင် တားဆီးပိတ်ဆို့သည့် အရာတစ်ခုခု ပြုလုပ်တည်ဆောက်မှုကို တားမြစ်ရန်။

(ခ) ပုဒ်မခွဲ(က) အရ အမိန့်ချမှတ်ခြင်းခံရသူက သတ်မှတ်ထားသည့် ကာလအတွင်း အမိန့်ကိုလိုက်နာရန်ပျက်ကွက်လျှင် တားဆီးပိတ်ဆို့နေသည့်အရာကို အဆိုပါအမိန့်ထုတ်ပြန်သူကိုယ်တိုင် ဖယ်ရှားခြင်း သို့မဟုတ် ပြုပြင်ခြင်းပြုနိုင်သည်။ ထိုသို့ဖယ်ရှားခြင်း သို့မဟုတ် ပြုပြင်ခြင်းပြုရာတွင် ကုန်ကျစရိတ်များကို အမိန့်ထုတ်ပြန်ခြင်းခံရသူထံကသော်လည်းကောင်း၊ ထိုသူ၏ အကျိုးသက်ဆိုင်သူထံကသော်လည်းကောင်း တောင်းခံနိုင်သည်။

၃၄။ ပုဒ်မ ၃၃ အရ ထုတ်ပြန်သည့် အမိန့်ကိုလိုက်နာလျက် တားဆီးပိတ်ဆို့နေသည့်အရာကိုဖယ်ရှားခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့် နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ လျော်ကြေးတောင်းဆိုလိုသူသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ကာလအတွင်း တင်ပြနိုင်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် လျော်ကြေးတောင်းဆိုမှုအတွက် ပုဒ်မ ၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၁၀)**

**သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်းအရာရှိ နှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့၏ တာဝန်များ**

၃၅။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်-

(က) မိုးခေါင်မှု ဘေးဒဏ်ကျရောက်ပါက ရေလှောင်တမံ၊ ရေလွှဲဆည်များ ဝင်ရေလျော့နည်းပြီး ရေလှောင်ပမာဏ ကျဆင်းလာနိုင်သဖြင့် စိုက်ပျိုးရေနှင့်သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ချွေတာသုံးစွဲရန် ပြည်သူလူထုသို့ အသိပညာပေးခြင်း၊

(ခ) ဆည်ရေဆုံးရှုံးမှု နည်းပါးနိုင်ရေးအတွက် ရေပေးမြောင်းများ၊ လယ်ကြားမြောင်းများကို ကြိုတင်ပြုပြင် တူးဖော်ခြင်း၊

(ဂ) ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေပေးမြောင်းများအတွက် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများတွင် သုံးစွဲရသည့် ပစ္စည်းများကို ကြိုတင်စုဆောင်းထားခြင်း၊

(ဃ) ဆည်၊ ကန်၊ ရေလှောင်တမံများ ကြံ့ခိုင်မှုရှိစေရန် ထူးပေါက်များ၊ ရေစိမ့်ယိုမှုများ စစ်ဆေးခြင်း၊ ရေစီးကြောင်းများ၊ ချုံနွယ်များမရှိစေရေး ကွပ်ကဲဆောင်ရွက်ခြင်း၊

(င) ရေလှောင်တမံကြီးများအတွက် သင့်လျော်သော ရေလွှတ်ခြင်း၊ ရေလွှဲခြင်း၊ ရေပိတ်ထားခြင်းစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့်ညှိနှိုင်း၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် စပ်လျဉ်း၍ အရေးပေါ်ကြိုတင်ပြင်ဆင်ခြင်းနှင့်တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ လက်တွေ့ဆောင်ရွက်ရန် ခရိုင်၊ မြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့်သက်ဆိုင်သည့် ရပ်ကွက်၊ ကျေးရွာပြည်သူများအား စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချ ဆောင်ရွက်ခြင်း၊

(ဇ) ရေဘေးအန္တရာယ်ကျရောက်နိုင်သော ရေလှောင်တမံ၊ ရေလွှဲဆည်များတွင် ရေကင်းစောင့်အဖွဲ့များ ဖွဲ့စည်း၍ တာဝန်ချထားခြင်း၊ အချိန်ပြည့်ဆက်သွယ်နိုင်သော ဆက်သွယ်ရေးစနစ်ထားရှိခြင်း၊ အထူးကိစ္စအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းပို့ခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ဘေးအန္တရာယ်မလွတ်ကင်းနိုင်သော အနီးပတ်ဝန်းကျင်ဒေသရှိ ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်အသိပေးနိုင်ရန်အတွက် ကြိုတင်သတိပေးခြင်း အစီအမံများ ဆောင်ရွက်ထားရှိခြင်း၊

(ည) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက လိုအပ်သော အရေးပေါ်ပစ္စည်းများနှင့် လုပ်အားများရရှိရန် သက်ဆိုင်ရာ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ခြင်း၊

(ဋ) ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ ထိခိုက်မှုကို လျော့နည်းစေရန်နှင့် လိုက်လျောညီထွေရှိစေမည့် သဘာဝဘေးအန္တရာယ် လျှော့ချသည့် နည်းလမ်းများကိုဆောင်ရွက်ခြင်း။

**အခန်း(၁၁)**

**ဆည်မြောင်းနှင့်ရေနုတ်မြောင်းအရေးပေါ်လုပ်ငန်းများဆောင်ရွက်ခြင်း**

၃၆။ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းတစ်ခုခု ကျိုးပေါက်ပျက်စီးမှုအန္တရာယ်ကျရောက်လျှင် သို့မဟုတ် အန္တရာယ်ကျရောက်နိုင်လျှင် ဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက ခရိုင်အုပ်ချုပ်ရေးမှူးအား အောက်ပါတို့ကို ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်-

(က) အန္တရာယ်ကျရောက်သည့် သို့မဟုတ် အန္တရာယ်ကျရောက်နိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများကို စုံစမ်းရန်၊

(ခ) အရေးပေါ်လုပ်သားစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တင်ပြစေရန်။

၃၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ပါလုပ်သားစာရင်းကို ခရိုင်ဆည်မြောင်းအရာရှိထံ ပေးပို့ရမည်။

(ခ) ခရိုင်ဆည်မြောင်းအရာရှိသည် ပုဒ်မခွဲ (က) အရ လုပ်သားများရရှိရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ တောင်းခံ၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ)ပါတာဝန်ပေးအပ်ခြင်းခံရသူများသည် မြို့နယ်ဆည်မြောင်းအရာရှိ သို့မဟုတ် တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်းဆောင်ရွက်ရမည်။

(ဃ) အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသော အတားအဆီးများကို ဖယ်ရှားခြင်းနှင့် အရေးပေါ်လုပ်ငန်းများ၌ သုံးစွဲရန်လိုအပ်သည့် သစ်ပင်၊ ဝါးပင်၊ သစ်သား၊ ဖျာ၊ ဝါးထရံ၊ ကြိုး၊ မြေကြီး၊ အိတ်နှင့်အခြားပစ္စည်းများ၊သယ်ယူရန်ယာဉ်တို့ကို နီးကပ်ရာဒေသများမှ ရယူအသုံးပြုရမည်။

၃၈။ (က) အရေးပေါ် လုပ်သားများအတွက်လည်းကောင်း၊ ပစ္စည်းကိရိယာများရယူသုံးစွဲခြင်းနှင့် သယ်ယူခြင်းအတွက်လည်းကောင်း၊ ပစ္စည်းများဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း ကျခံရန်လိုအပ်သည့် ကုန်ကျစရိတ်များကို ခရိုင်ဆည်မြောင်းအရာရှိက ဒေသအလိုက်အမြင့်ဆုံးဈေးနှုန်းဖြင့် သက်ဆိုင်သူများထံ ဆောလျင်စွာ ထုတ်ပေးရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ARSAအစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်ရသော တိုင်းရင်းသားများအတွက် ငွေနှင့်ပစ္စည်းများလှူဒါန်း




**နေပြည်တော် စက်တင်ဘာ ၁**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာကာ ယာယီပြောင်းရွှေ့နေထိုင်ရသော ရခိုင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားများအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး ဦးဆောင်သော ငြိမ်းချမ်းရေးဂီတပွဲတော် အဖွဲ့သူ၊ အဖွဲ့သားများက အလှူငွေနှင့် အလှူပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေနှင့် အလှူပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်သည်။ (ဓါတ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားရေးမှူးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယနေ့တွင် ယာယီပြောင်းရွှေ့နေထိုင်ရသော ရခိုင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားများအတွက် ငွေကျပ် ၂၈၂၀၀၀၀ ကိုလည်းကောင်း၊ ငွေကျပ် ၁၈၇၆၀၀၀ တန်ဖိုးရှိ ငြိမ်းချမ်းရေးဂီတပွဲတော် Logo ပါ Polo Shirt အထည် ၁၅၀၊ Designer Water ရေသန့်မှ တစ်ကတ်လျှင် ရေသန့် ၁၂ လုံးပါ ရေသန့်ကတ် ၁၅၀ နှင့် Premier Coffee Co.,Ltd မှ ကော်ဖီပုံးတစ်ပုံးလျှင် ၃၂ ပါကင်ပါရှိသော ကော်ဖီပုံး ၁၁ ပုံးတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ မောင်တောမြို့နယ် ဝေလာတောင်ကျေးရွာသို့ စားနပ်ရိက္ခာများသွားရောက်ထောက်ပံ့

စစ်တွေ စက်တင်ဘာ ၁

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် စစ်တွေမြို့မှ မောင်တောမြို့နယ် ဝေလာတောင်ကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ကာ အနီးအနားကျေးရွာများမှ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာကာ ခေတ္တခိုလှုံနေထိုင်နေသည့် ဒေသခံတိုင်းရင်းသားများအား နှစ်သိမ့်အားပေးစကားပြောကြားပြီး စားနပ်ရိက္ခာများ ထောက်ပံ့ပေးသည်။** (ယာပုံ)




ဝန်ကြီးချုပ် ဦးညီပုက ဝေလာတောင်ကျေးရွာ၌ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံစဉ် ဒေသခံတိုင်းရင်းသားများအတွက် လုံခြုံရေးကို အဓိကဦးစားပေး ဆောင်ရွက်ပေးထားပါကြောင်း၊ ရိက္ခာများပြတ်လပ်မှုမရှိစေရန် အတွက်လည်း စီစဉ်ဆောင်ရွက်ပေးထားပါကြောင်းနှင့် ဒေသခံများက တင်ပြလာသည့် အခက်အခဲလိုအပ်ချက်များကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး စားနပ်ရိက္ခာများကို ထောက်ပံ့ပေးအပ်သည်။

ယနေ့ ဝေလာတောင်ကျေးရွာသို့ ထောက်ပံ့ခဲ့သည့် ပစ္စည်းများတွင် ဆန်အိတ် ၃၀၊ ဆီ ၁၂ လီတာပါ ရှစ်ပါကင်၊ ငါးသေတ္တာဘူး ၂၀၀၊ ဆား ၅၆ ပိဿာ၊ ငရုတ်သီးခြောက်နှင့် တခြားစားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ခဲ့ပြီး ဩဂုတ် ၂၅ ရက်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် ရခိုင်တိုင်းရင်းသား ဒိုင်းနက်လူမျိုး ငါးဦး၏ ကျန်ရစ်သူမိသားစုဝင်များအား ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေ တစ်ဦးလျှင် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၀ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ထောက်ပံ့ငွေ တစ်ဦးလျှင် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၅ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍လည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များအတွင်းရှိ တိုင်းရင်းသားကျေးရွာများသို့ သွားရောက်ကာ ကူညီထောက်ပံ့မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များသိရှိရန် ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့ မောင်တောမြို့၌ ဆက်လက်သတင်းရယူ

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်တွင်း ပြည်ပမီဒီယာများ ပါဝင်သော သတင်းအဖွဲ့သည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် မောင်တောမြို့ မြို့မတောင်ရပ်ကွက်သို့ ရောက်ရှိပြီး မောင်နီကျေးရွာနှင့် မြို့မတောင်ရပ်ကွက်အခြေအနေတို့နှင့် စပ်လျဉ်း၍ ရပ်ကွက်/ကျေးရွာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။



မြို့မတောင်ရပ်ကွက်နှင့် မောင်နီကျေးရွာတို့တွင် အစ္စလာမ်ဘာသာဝင်များ နေထိုင်ကြပြီး ယင်းနယ်မြေရှိ အစ္စလာမ်ဘာသာဝင်များက အစွန်းရောက်အကြမ်းဖက်မှုများကို ရှုတ်ချကြောင်း၊ တည်ငြိမ်အေးချမ်းမှုကိုသာ လိုလားကြောင်း၊ ခရိုင်/မြို့နယ် တာဝန်ရှိသူများနှင့် အမြဲလက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့ရပ်ကွက်/ ကျေးရွာအတွင်း အနေအစားမပျက် ပုံမှန်အတိုင်းသွားလာလှုပ်ရှား ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သတင်းအဖွဲ့သည် ကိုင်းကြီး (နတလ)ကျေးရွာကို ရောက်ရှိပြီး ဩဂုတ် ၃ ရက်က ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် မြိုတိုင်းရင်းသား ခုနစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ကျန်ရစ်သူမိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

ဆက်လက်၍ မြို့သူကြီးကျေးရွာသို့ ရောက်ရှိပြီး အစွန်းရောက်အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် မီးလောင်ပျက်စီးသွားခဲ့သော နေအိမ်အပျက်အစီးများကို ဓာတ်ပုံမှတ်တမ်းရယူကြသည်။

မွန်းလွဲပိုင်းတွင် ဘူးသီးတောင်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဩဂုတ် ၂၆ ရက်က ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ဟိန္ဒူဘာသာဝင် ခြောက်ဦး သေဆုံးမှုဖြစ်စဉ်မှ ဒဏ်ရာဖြင့် လွတ်မြောက်လာသူ ဟိန္ဒူဘာသာဝင် အမျိုးသမီးတစ်ဦးအား တွေ့ဆုံမေးမြန်း သတင်းရယူခဲ့ကြပြီး အမြန်ရေယာဉ်ဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များသိရှိနိုင်ရန် ရခိုင်ပြည်နယ်တွင် ရောက်ရှိနေသည့် ပြည်တွင်းပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ သက္ကေပြင်ကယ်ဆယ်ရေးစခန်းနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်လာကြသော တိုင်းရင်းသားများ ခေတ္တခိုလှုံနေထိုင်သည့် မဟာဇေယျသိဒ္ဓိအဓိဌာန်သိမ်တော်ကြီး ဘုန်းကြီးကျောင်းတို့ကို သွားရောက်ပြီး သတင်းရယူကြသည်။

သက္ကေပြင်ကယ်ဆယ်ရေးစခန်းသည် ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းဖြစ်ပြီး အစ္စလာမ်ဘာသာဝင်များ နေထိုင်လျက်ရှိသည်။

မဟာဇေယျသိဒ္ဓိ အဓိဌာန်သိမ်တော်ကြီး ဘုန်းတော်ကြီးကျောင်းတွင် အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် မောင်တောမြို့တောင်ပိုင်း တိုင်းရင်းသားကျေးရွာများမှ နေရပ်စွန့်ခွာတိမ်းရှောင်လာကြသည့် အမျိုးသမီးများနှင့် ကလေးများ စုစုပေါင်း လူဦးရေ ၃၄၈ ဦး ခေတ္တခိုလှုံနေထိုင်လျက်ရှိကြောင်း သိရသည်။

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များသိရှိနိုင်ရန် မောင်တောဒေသသို့ လာရောက်သတင်းရယူကြသည့် ပြည်တွင်းပြည်ပ မီဒီယာအဖွဲ့များသည် ညနေပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# စစ်တွေမြို့နယ် ဂိုဏ်းပေါင်းစုံ သာရေးနာရေးအသင်းမှ အလှူငွေများ ထောက်ပံ့ပေးအပ်

**စစ်တွေ စက်တင်ဘာ ၁**

စစ်တွေမြို့နယ် ဂိုဏ်းပေါင်းစုံ သာရေးနာရေးအသင်းမှ ဆရာတော် ဦးနာဂိန္ဒ(ပညာလင်္ကာရကျောင်းတိုက်)၊ ဆရာတော် ဦးခေတိယ(ဒက္ခိဏာရာမကျောင်းတိုက်)၊ ဆရာတော် ဦးပညာသီရိ(သဇင်မြိုင်ကျောင်းတိုက်)၊ ဆရာတော်ဦးကောသလ္လ(ပုသိမ်ကျောင်းတိုက်)တို့သည် စက်တင်ဘာ ၁ ရက်က မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမဆောင်၌ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ကျဆုံးသွားသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၁၂ ဦးအတွက် ငွေကျပ် ၁၂ သိန်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် ငါးသိန်း၊ မောင်တောခရိုင်ရဲတပ်ဖွဲ့အတွက် ငွေကျပ် သုံးသိန်း၊ တပ်မတော်(ရေ)အတွက် ငွေကျပ် သုံးသိန်း၊ သေဆုံးသွားသည့် တိုင်းရင်းသား ၁၅ ဦးအတွက် ငွေကျပ် ၁၅ သိန်း၊ မောင်တောခရိုင် ပညာရေးမှူးရုံးမှ ပျောက်ဆုံးနေသည့် အစောင့်ဝန်ထမ်း တစ်ဦးအတွက် ငွေကျပ် တစ်သိန်းနှင့် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် ငွေကျပ် ငါးသောင်း စုစုပေါင်းငွေကျပ် ၃၉၅၀၀၀၀ ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီတိမ်းရှောင်နေရသည့် ရခိုင်ပြည်နယ် ပြည်သူများအတွက် ကူညီလှူဒါန်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီတိမ်းရှောင်နေရသည့် ရခိုင်ပြည်နယ် ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်လိုပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ (Help Line) ဖုန်းနံပါတ်များဖြစ်သည့် ညွှန်ကြားရေးမှူး (စီမံ-ဘဏ္ဍာ)၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၄၃၁၆၊ ဦးကျော်မျိုးညွန့် ဒုတိယညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၄၂၂၂၊ ဦးအေးမင်းညွန့် ဒုတိယညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်း ဦးစီးဌာန(ရုံးချုပ်)နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၄၉၉၉၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ဖုန်း ၀၁-၅၂၂၇၂၆၊ ၀၁-၆၆၁၈၁၂၊ ၀၁-၆၅၁၀၈၀၊ ၀၉-၄၉၂၆၆၀၄၈၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဖုန်း ၀၂-၃၉၄၅၇၊ ၀၉-၄၃၁၂၀၈၆၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အခုဖြစ်နေတဲ့အနေအထားအရ လုံခြုံရေးကို ဒီမှာအမြဲတမ်းထားစေချင်ပါတယ်၊ ကလေးတွေနဲ့ အမျိုးသမီးတွေအတွက် စိုးရိမ်ရတယ်

ကိုမောင်မြင့်

## သတင်းအဖွဲ့

**မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့တွင် ဩဂုတ်လ ၂၅ ရက်မှစတင်ပြီး ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ကာ တိုင်းရင်းသားကျေးရွာများရှိ ဒေသခံပြည်သူများ စားနပ်ရိက္ခာပြတ်တောက်မှုနှင့် ကျန်းမာရေးထိခိုက်မှုများ ကြုံတွေ့ခံစားလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ မောင်တောမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တိုင်းရင်းသားများနေထိုင်သည့် ကျေးရွာများသို့သွားရောက်ကာ တွေ့ဆုံအားပေးနှစ်သိမ့်စကားပြောကြားပြီး စားနပ်ရိက္ခာများနှင့် ဆေးဝါးများကို ကူညီထောက်ပံ့ပေးအပ်ခဲ့သည်။**

**အဆိုပါ သွားရောက်ထောက်ပံ့ခဲ့သည့် ခရီးစဉ်အတွင်း တိုင်းရင်းသားကျေးရွာများရှိ ဒေသခံပြည်သူများ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များအား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်-**


မောင်စန်းဝင်း


ကိုညီညီအောင်


ဦးရွှေ


ကိုမောင်မြင့်


ဒေါ်မညွန့်စိန်


ဦးမောင်သန်းတန်

**မောင်စန်းဝင်း(မင်းကြီးကျေးရွာ)**

ဒီမှာက ဆန်၊ ဆီ ရိက္ခာတွေ ပြတ်နေပြီ။ လက်ကျန်လေးနဲ့ ဖြစ်သလို စားနေရပါတယ်။ ကျွန်တော်တို့အားလုံး ဘုန်းကြီးကျောင်းမှာစုပြီး နေနေပါတယ်။ ရွာက အိမ်ခြေ ၆၀ မှာ လူဦးရေက ၃၀၀ လောက်ရှိပါတယ်။

ရဲတပ်ဖွဲ့ဝင်အင်အားက နည်းနေလို့ ဝက်ကျိန်းကျေးရွာ ရဲတပ်ဖွဲ့ဝင်တွေ အင်အားပေါင်းထားပါတယ်။ အနီးနားမှာက ဘင်္ဂါလီရွာတွေချည်းပဲရှိပါတယ်။ ရွာလုံခြုံရေးကိုတော့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေနဲ့ ရွာသားတွေပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဒီရွာကတော့ ထွက်ပြေးတိမ်းရှောင်တဲ့သူ မရှိပါဘူး။

**ကိုညီညီအောင်(တမန်းသားကျေးရွာ)**

တမန်းသားရွာရဲ့ ဘေးပတ်ပတ်လည်မှာ ဘင်္ဂါလီရွာတွေချည်းပဲ။ ကာကွယ်ရေးအတွက်ကတော့ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ကျေးရွာသားတွေ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ အဓိကကတော့ လုံခြုံရေးပါ။ ကလေးတွေက ကျန်းမာရေးမကောင်းဘူး။ နေရတာက ဘုန်းကြီးကျောင်းထဲမှာ လူတွေစုပြီး နေနေရပါတယ်။ အနီးအနား တိုင်းရင်းသားကျေးရွာတွေကလည်း ဒီမှာလာပြီး စုနေကြပါတယ်။

**ဦးရွှေ(အထက်တန်းကျောင်းအုပ်၊ တမန်းသားကျေးရွာ)**

ကလေးတွေစာသင်ကြားနေတဲ့အချိန်မှာ ဒီအကြမ်းဖက်မှုက ဖြန့်ခနဲပေါ်လာတော့ ကျောင်းပိတ်ထားရပါတယ်။ သူတို့မှာက အကြမ်းဖက်စခန်းရယ်လို့ သီးခြားမရှိပါဘူး။ သူတို့နေတဲ့နေရာအားလုံးက အကြမ်းဖက်စခန်းတွေလို့ ယူဆရမှာပါ။ အနီးအနားမှာက ဘင်္ဂါလီရွာတွေချည်းပဲ။ အခုလည်း သူတို့အိမ် သူတို့ မီးရှို့ပြီး ထွက်ပြေးသွားကြတာပါ။

ကျွန်တော်တို့ ဒီမှာ ဆရာ၊ ဆရာမတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ ၆၀ လောက်ရှိပါတယ်။ ဝန်ထမ်းတွေအတွက် စားဝတ်နေရေးကိုလည်း ရှိတဲ့ရိက္ခာတွေစုပေါင်းပြီး စားနေရပါတယ်။ အနေကြာလာရင် ကျန်းမာရေးလည်း စိုးရိမ်ရပါတယ်။ အဓိကကတော့ လုံခြုံရေးကို လုပ်ပေးစေချင်ပါတယ်။ စဖြစ်တုန်းက ဒီမှာရှိတဲ့ ရဲကင်းကို အကြမ်းဖက်သမားအင်အား ၅၀၀ နဲ့ လာဝိုင်းပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သတိဝီရိယနဲ့ ပြန်တွန်းလှန်လို့ သူတို့ ရဲစခန်းကို သိမ်းလို့မရသွားပါဘူး။ ရွာသားတွေစုပြီးနေတဲ့ ဘုန်းကြီးကျောင်းနားကို မိုင်းလာပြီး ထောင်ပါတယ်။ မိုင်းထောင်ပြီး အရိပ်အယောင်ပြတယ်။ ဒီကအပြင်ဘက်ကို မထွက်ကြဘူး။ လွန်ခဲ့တဲ့သုံးရက်က တပ်မတော်က ရောက်လာလို့ အသက်ရှူချောင်သွားပါတယ်။ အကြမ်းဖက်သမားတွေက အပြင်ကရော အနီးအနားကျေးရွာတွေကရော ပါလာကြပါတယ်။

**ကိုမောင်မြင့်(တရိန်းကျေးရွာ)**

အခုဖြစ်နေတဲ့အနေအထားအရ လုံခြုံရေးကို ဒီမှာအမြဲတမ်းထားစေချင်ပါတယ်။ ဒီမှာက ကလေးတွေ၊ အမျိုးသမီးတွေချည်းပဲ။ ဖြစ်လာရင် ယောကျ်ားတွေက တိမ်းရှောင်လို့ရပါတယ်။ ကလေးတွေနဲ့ အမျိုးသမီးတွေအတွက် စိုးရိမ်ရတယ်။ စားစရာကလည်း ဘယ်မှသွားလို့မရတော့ ရှိတာနဲ့ပဲ စားနေရပါတယ်။ ကျန်းမာရေးကတော့ ဒီမှာရှိတဲ့ ဆေးဝါးနဲ့ပဲ သုံးနေရပါတယ်။ လုံခြုံရေးကတော့ တပ်မတော်ရှိနေတော့ စိတ်ချရတယ်။ တပ်တွေ နောက်တစ်နေရာ ရွှေ့သွားမှာစိုးရိမ်မိတယ်။ ဒီကိစ္စမအေးမချင်း တပ်တွေ ဒီနေရာမှာ ရှိနေစေချင်ပါတယ်။ တပ်အရွှေ့အပြောင်းလုပ်တဲ့အချိန် အကြမ်းဖက်သမားတွေ ကြားကဝင်ပြီး အကြမ်းဖက်မှုတွေလုပ်သွားမှာ စိုးရိမ်မိပါတယ်။

**ဒေါ်မညွန့်စိန်(ရန်အောင်မြင်ကျေးရွာ)**

ဒီရွာမှာက ရခိုင်နဲ့ မြိုတိုင်းရင်းသားတွေ နေကြပါတယ်။ စားဖို့က အခက်အခဲရှိပါတယ်။ ကျန်းမာရေးမကောင်းတဲ့ သူတွေလည်းရှိပါတယ်။ လုံခြုံရေးတော့ရှိပါတယ်။ အပြင်တော့ မထွက်ရဲဘူး။ နေ့ဆိုအိမ်ထဲမှာပဲ ပုန်းနေကြတယ်။ ညဘက်ဆို ဘုန်းကြီးကျောင်းမှာစုပြီး သွားအိပ်ကြရပါတယ်။ ဒီမှာ ကျန်းမာရေးဝန်ထမ်းဆရာမ ရှိတော့ ရှိတဲ့ဆေးဝါးနဲ့တော့ ကုသပေးနေပါတယ်။

**ဦးမောင်သန်းတန်(ကျောက်ပန္ဒူကျေးရွာ)**

ဒီရွာနဲ့အနီးအနားကစခန်းကို အကြမ်းဖက်သမားတွေ မီးရှို့လိုက်ကြတယ်။ အခု ရွာသားတွေ စုပြီးနေနေရပါတယ်။ ထွက်ပြေးစရာလည်း မရှိဘူး။ ဒီနားမှာ သူတို့တွေရှိနေရင် မနေရဲကြဘူး။ နောက်ထပ်ပြဿနာဖြစ်ရင်တော့ ဒီမှာနေလို့ မရနိုင်တော့ဘူး။ စားဖို့ကလည်း ရှိတဲ့လူကရှိ၊ မရှိတဲ့လူကမရှိ၊ အားလုံး ဝေငှပြီး စားနေရပါတယ်။

*✻ရှေ့ဖုံးမှ*

**ဦးစံထွန်း ကိုင်းကြီး(မြိုရွာ)**


ဦးစံထွန်း


ဦးမာန်ဒိုင်း



ဦးဇော်နိုင်ဦး

အခုဖြစ်စဉ်မှာ ကျွန်တော့်ညီအငယ်ဆုံး လင်းကြတ်နဲ့ သားအကြီး ကုန်ဝိုင်းတို့ အသတ်ခံလိုက်ရတဲ့အထဲမှာ ပါသွားခဲ့ပါတယ်။ ဦးပါရာရဲ့သမီး ဒေါ်ဆိန်ရာလည်း အသတ်ခံရတဲ့အထဲ ပါသွားပါတယ်။ ဒါကသူတို့နှစ်ယောက်ရဲ့ဇနီးနဲ့ သားသမီးတွေပါ။

ကျွန်တော်တို့ မြိုလူမျိုးဆိုတာ ဘိုးစဉ်ဘောင်ဆက်တောထဲမှာပဲ လုပ်ကိုင်စားသောက်ပါတယ်။ အခြားစီးပွားရေးမရှိပါဘူး။ ပျော်ပျော်ပါးပါးပဲ တောင်ယာမှာ လုပ်ကိုင်စားသောက်တယ်။ အခုလို ဖြစ်ရပ်ကို တစ်ခါမှလည်းမတွေ့ဖူး၊ မကြုံဖူးပါဘူး။ ဩဂုတ်လ ၃ ရက် နံနက် ၈ နာရီဝန်းကျင်မှာ ဖြစ်သွားတာပါ။ ကျွန်တော်တို့ မြိုလူမျိုးတွေနေတဲ့ ကိုင်းကြီးရွာရဲ့တောင်ယာမှာ ဖြစ်သွားတာပါ။

တောင်ယာမှာ တဲတစ်လုံးရှိတယ်။ အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး၊ တောင်ယာမှာ အလုပ်မစသေးခင် ပေါက်တူးသွေးတယ်၊ ဓားသွေးတယ်။ အဲ့ဒီအချိန်မှာ အစွန်းရောက်အကြမ်းဖက်သမားတွေကလာပြီး သေနတ်နဲ့ပစ်တယ်။ သေနတ်နဲ့တင်မကပဲ ဓားနဲ့ပါခုတ်တယ်။ ဒါကြောင့်မို့ အဲဒီအချိန်မှာ သေနတ်သံကြားတယ်ဆိုပြီး ကျွန်တော်တို့သွားကြည့်တယ်။ အဲ့ဒီမှာ အလောင်းတွေကိုပဲ တွေ့ရတာဖြစ်ပါတယ်။

လုံခြုံရေးအဖွဲ့တွေရောက်လာပြီး အလောင်းတွေကို ကျွန်တော်တို့ ကောက်ယူခဲ့တယ်။ အဲ့ဒီနေ့က နှစ်လောင်း မရခဲ့ဘူး။ ဒုတိယအကြိမ်ရှာတော့ တစ်လောင်းပြန်ရတယ်။ နောက်တစ်လောင်းက အခုထိမရသေးဘူး။ တစ်ယောက်ပျောက်ဆုံးနေတယ်ဆိုပေမယ့် သတ်ပြီးရေထဲမျောလိုက်ပြီလို့ ယူဆလို့ရတယ်။ အမျိုးသမီးဝတ်လုံချည်တစ်ထည်ကို ပြန်တွေ့ပါတယ်။ သတင်းမရအောင် အကုန်သတ်ပစ်လိုက်တာ ဖြစ်မှာပါ။

ဒီလိုကိစ္စမျိုး တစ်ခါမှ မကြုံဖူးပါဘူး။ မတွေ့ဖူးပါဘူး။ ဒါကြောင့် ရွာထဲမှာ ကျွန်တော်တို့ မနေရဲဘူး။ ဒီလိုတိမ်းရှောင်လာတယ်။ အခုလည်း ကျွန်တော်တို့မှာ အခက်အခဲတွေရှိတယ်။

ဒီကို ဩဂုတ် ၂၅ ရက် နောက်ပိုင်းမှ ပြောင်းလာတာပါ။ ကျွန်တော်တို့ရွာက လမ်းပန်းဆက်သွယ်ရေး မကောင်းဘူး။ ကားလမ်းမရှိဘူး။ လမ်းလျှောက်လာရပါတယ်။ မိုးရာသီမှာ ဆိုင်ကယ်လည်း သွားလို့မရဘူး။ ကလေးကော၊ လူကြီးပါ အားလုံးပြောင်းလာတာ။ သစ်ပင်ပေါ်ကပြုတ်ကျလို့ ခြေထောက်ကျိုးတဲ့လူကိုလည်း ထမ်းလာတယ်။ အိမ်ထောင်စု ၄၈ စု ပြောင်းလာတယ်။ နွားဆိုရင် ၄၀ ကျော် ၅၀ လောက် ရွာမှာကျန်ခဲ့တယ်။ ဝက်တွေကော၊ ကြက်တွေပါ အကုန်ရှိသေးတယ်။ ကျွေးမွေးမယ့်သူမရှိတော့ သေကုန်ပြီလား၊ အကောင်တွေ ဘာတွေများ ကိုက်ကုန်လားမသိဘူး။ ကိုင်းကြီး(မြိုရွာ)တွင် အိမ်ထောင်စု ၄၈ စုမှာ လူဦးရေ ၂၅၈ ယောက်ရှိပါတယ်။ အခု ဒီမှာနေနေတာ ၁၀၉ ယောက်ရှိပြီး ကျန်တာတွေက မောင်တောလေးမိုင်မှာ ရှိပါတယ်။

စားဝတ်နေရေးက ကိုယ်ဘာသာကိုယ်ပဲ စားတယ်။ ပြီးခဲ့တဲ့လက ထောက်ပံ့ရေးတွေလာလှူတဲ့ ဆန်နည်းနည်းတော့ ရှိသေးတယ်။

အစွန်းရောက်အကြမ်းဖက်သမားတွေ သတ်တယ်ဆိုတာက အဲဒီနေရာမှာတွေ့ရတဲ့ အထောက်အထားတွေအရ ပြောတာပါ။ သူတို့လက်ချက်ဆိုတာ ကျွန်တော်တို့အတွေ့အကြုံအရ သိသာထင်ရှားတဲ့ အချက်အလက်တွေ တွေ့ရပါတယ်။

ကျွန်တော်တို့မြိုတွေကို ဘာကြောင့်သတ်သွားတာလဲဆိုရင် ဒီမေယုတောင်ကြောမှာ အကြမ်းဖက်တွေရဲ့ စခန်းတစ်ခု ရှိပါတယ်။ အဲဒီစခန်းက အဆင့်မြင့်တယ်၊ လိုဏ်ဂူတွေတောင် လုပ်ထားတယ်လို့ သိရပါတယ်။ အဲ့ဒီ အစွန်းရောက်အကြမ်းဖက်သမားတွေရဲ့စခန်းကို တပ်ကဖျက်သိမ်းလိုက်ပါတယ်။ ဒီတော့ အစွန်းရောက်အကြမ်းဖက်သမားတွေက မေယုတောင်ကြောတစ်လျှောက်မှာ မြိုရွာတစ်ရွာပဲရှိတယ်။ အခြားရွာမရှိဘူး။ ဒီလူတွေက သူတို့စခန်းကို ပြနိုင်တယ်ဆိုပြီး သတ်တာပါ။ အခု မေယုတောင်ကြောပေါ်မှာ အကြမ်းဖက်သမားတွေ ရှိသေးလား၊ မရှိဘူးလားတော့ ကျွန်တော်လည်း တိတိကျကျ မပြောတတ်ပါဘူး။ တပ်တွေတော့ ရှင်းလင်းနေတယ်လို့ ကြားရပါတယ်။

ကျွန်တော်တို့နေတဲ့နေရာက တောင်ပေါ်မှာဆိုတော့ လမ်းပန်းဆက်သွယ်ရေးလည်း မကောင်းပါဘူး။ အစွန်းရောက်အကြမ်းဖက်သမားတွေ လှုပ်ရှားသွားလာမယ်ဆိုရင် ကျွန်တော်တို့ မြိုလူမျိုးတွေနေတဲ့ ကိုင်းကြီးရွာကိုကျော်ရင် ဘူးသီးတောင် မောင်တောကို သွားလို့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့က အကြီးအကဲတွေကို တင်ပြချင်ပါတယ်။ ကျွန်တော်တို့ တောင်ယာတစ်ခင်းမှာ လေးကေရှိတယ်၊ ငါးကေရှိတယ်။ အခုဆို စပါးတွေမှည့်ပြီ။ ဒီတော့ တောဆင်ရိုင်းနဲ့ အခြားတိရစ္ဆာန်တွေ စားတာခံရတော့မယ်။ ကျွန်တော်တို့ တင်ပြချင်တာက စားဝတ်နေရေးနဲ့ အေးအေးချမ်းချမ်း နေထိုင်နိုင်ဖို့၊ ကျွန်တော်တို့အနေနဲ့ ရခိုင်ရွာတွေရဲ့အနီးနားမှာ နေထိုင်ချင်ပါတယ်။ ကိုင်းကြီး(ရခိုင်ရွာ)နားမှာ ဖြစ်ဖြစ်၊ ဇော်မတက်အုပ်စုမှာ ဖြစ်ဖြစ် လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့နေရာမှာ ကျွန်တော်တို့ကို နေရာချပေးစေချင်ပါတယ်။ အဲ့ဒီနားမှာ လုပ်ကိုင်စားသောက်ဖို့ လယ်သုံးကေခွဲစီ ချထားပေးပါလို့လည်း လူကြီးတွေဆီကို တင်ပြထားပါတယ်။

အခုလိုမျိုး တစ်ခါမှမဖြစ်ဖူးပါဘူး။ ကျွန်တော်တို့လူမျိုးတွေ အသတ်မခံရခင်က ဒီမေယုတောင်ပေါ်မှာ ဘင်္ဂါလီတွေ ဝါးခုတ်တယ်၊ ထင်းခုတ်တယ်၊ သစ်ဆွဲတယ်။ ရန်ငြိုးရန်စ မရှိခဲ့ပါဘူး။

**ဦးမာန်ဒိုင်း(အသက် ၅၀)မြိုလူမျိုး**

ကျွန်တော်က ကိုင်းကြီးမြိုရွာက မြိုလူမျိုးပါ။ ဩဂုတ် ၃ ရက်က တောင်ယာမှာ အလုပ်လုပ်နေတုန်း အသတ်ခံရတဲ့ အထဲမှာ ကျွန်တော့်သားတစ်ယောက်နဲ့ ချွေးမတစ်ယောက် ပါသွားပါတယ်။ တစ်နှစ်ခွဲ ကလေးတစ်ယောက် ကျန်ခဲ့ပါတယ်။ စုစုပေါင်း ခုနစ်ယောက်အသတ်ခံရပြီး တစ်ယောက်ပျောက်ဆုံးနေပါတယ်။ အဲဒီတောင်ယာက ရွာကနေ တစ်မိုင်လောက် ဝေးပါတယ်။ ရွာမှာနေရတာကြောက်လို့ အခု ဒီမောင်တောမြို့ လေးမိုင်ရွာ အခြေခံပညာအထက်တန်းကျောင်းက စခန်းကို ပြေးလာတာပါ။ အိုး၊ ခွက်၊ ပန်းကန်ကအစ ပစ္စည်းတွေအားလုံး ထားခဲ့ရပါတယ်။ ဘင်္ဂါလီတွေနဲ့ မရင်းနှီးပါဘူး။ ကျွန်တော်တို့က ချောင်းဖျားကနေ ပြောင်းလာတာ နှစ်နှစ်လောက်ပဲ ရှိပါသေးတယ်။ တောင်ပေါ်မှာပဲ တောင်ယာလုပ်တာပါ။ အခု ဘာလုပ်လို့ လုပ်ရမှန်းမသိပါဘူး။ အားလုံး အိမ်မှာထားခဲ့ရပါတယ်။ အခု လေးမိုင်ကို အိမ်ထောင်စု ၂၅ စု တိမ်းရှောင်လာတာပါ။ ကျန်တဲ့သူတွေက ကိုင်းကြီး(ရခိုင်)ရွာမှာပါ။ ကျွန်တော်တို့ရွာကို လုံခြုံတဲ့ဆီကို ပြောင်းရွှေ့ချင်တယ်လို့ ဝန်ကြီးချုပ်လာတုန်းက ပြောထားပါတယ်။ ကျွန်တော်တို့ရွာမှာ မူလတန်းကျောင်းရှိပါတယ်။ ကိုယ်ထူကိုယ်ထပါ။

**ဦးဇော်နိုင်ဦး**

**ကိုင်းကြီး(မြိုရွာ) ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းဆရာ**

ကိုင်းကြီး(မြိုရွာ)က တောထဲမှာဆိုတော့ တောင်ယာပဲ လုပ်ကိုင်စားသောက်ပါတယ်။ ဩဂုတ် ၃ ရက်မှာ မြိုလူမျိုး အမျိုးသမီးငါးယောက်နဲ့ အမျိုးသားသုံးယောက် အစွန်းရောက်အကြမ်းဖက်တွေ သတ်တာခံရပါတယ်။ အဲ့ဒါပြီးတဲ့နောက်ပိုင်း အစွန်းရောက်အကြမ်းဖက်သမားတွေက ရဲကင်းတွေ၊ ရဲစခန်းတွေ ဝင်စီးတယ်ဆိုတော့ မနေရဲလို့ တိမ်းရှောင်လာတာပါ။ အခု ဒီကိုရောက်တာသုံးရက်လောက်ရှိပါပြီ။ ရွာမှာက ကိုယ်ထူကိုယ်ထကျောင်းရှိပါတယ်။ သူငယ်တန်းကနေ လေးတန်းအထိ ၄၂ ယောက်ရှိပါတယ်။ အစိုးရကဖွင့်ပေးတာတော့ မဟုတ်ပါဘူး။

သူတို့အသတ်ခံရတဲ့နေရာက ရွာနဲ့ အလှမ်းဝေးတဲ့ တောင်ယာမှာပါ။ အစိုးရက ကယ်ဆယ်ရေး၊ စားရေးနဲ့ အလှူငွေတွေ ပေးအပ်ခဲ့ပါတယ်။

မြိုလူမျိုးများသည် မောင်တောမြို့နယ် မြောက်ပိုင်းတွင် အများဆုံးနေထိုင်ကြပြီး မောင်တောတောင်ပိုင်းရှိ စိန်ပန်းမြိုင်၊ ရွှေဇာဟိုရ်နှင့် ကိုင်းကြီး(မြိုရွာ)တို့တွင် နေထိုင်လျက်ရှိကြကြောင်း သိရှိရသည်။

# မောင်တောမြို့ပေါ်တွင် ဈေးဆိုင်အနည်းငယ် ဖွင့်လှစ်ရောင်းချ၊ နယ်မှကုန်အဝင်နည်းမှုကြောင့် ဈေးနှုန်းများမြင့်တက်

**မောင်တော စက်တင်ဘာ ၁**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် အစိုးရရုံးဌာနများ၊ စာသင်ကျောင်းများနှင့် ဈေးများ ပိတ်ထားလိုက်ရသော်လည်း ဩဂုတ် ၃၀ ရက် နံနက်ပိုင်းမှစ၍ လက်ဖက်ရည်ဆိုင်နှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်တချို့ ပြန်လည်ဖွင့်လှစ်ရောင်းချနေပြီး ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

“တိုင်းရင်းသား ဈေးဆိုင်တွေဖြစ်တဲ့ လက်ဖက်ရည်ဆိုင်တချို့နဲ့ ဟင်းသီးဟင်းရွက်ဆိုင်လေးတွေ မနက်ခင်းပိုင်းတွေမှာ ပြန်ရောင်းတာတွေ့ရပါတယ်။ သို့သော်လည်း ဈေးနှုန်းကတော့ အရင်ကထက် မြင့်နေတယ်။ အသီးအရွက်ရောင်းချနေတဲ့ ဆိုင်တစ်ဆိုင်ကို သွားဝယ်တာ ကန်စွန်းရွက်တစ်စည်းကိုတောင် ငွေကျပ် ၅၀၀ ပေးဝယ်နေကြရတယ်။ ကျန်တာတော့ မပြောတော့နဲ့။ အခြားလူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းတွေက ရောင်းတဲ့သူတွေ နည်းသေးတော့ အခုအချိန်မှာ မြင့်တက်နေဦးမှာပဲ”ဟု မောင်တောမြို့ပေါ်တွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် အစိုးရဝန်ထမ်းတစ်ဦးက ပြောသည်။



ဩဂုတ် ၂၅ ရက် အကြမ်းဖက်မှုများဖြစ်ပွားပြီးနောက် မောင်တောမြို့ပေါ်၌ ပုံမှန်အတိုင်း ရောင်းဝယ်ဖောက်ကားနေသည်ကို တွေ့ရစဉ်

မောင်တောမြို့ပေါ်တွင် အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မြို့မဈေးကြီးအပြင်နှင့် အပြင်ဈေးတန်းမှာယနေ့အထိ ပိတ်ထားဆဲဖြစ်ပြီး လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်များနှင့် ဟင်းသီးဟင်းရွက်ဆိုင်တချို့မှာ အနည်းငယ် ပြန်လည်ဖွင့်လှစ်ရောင်းချနေသော်လည်း ဈေးနှုန်းများက အဆမတန် မြင့်တက်နေသေးကြောင်း သိရသည်။

မောင်တောမြို့တွင် အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်းတွင် စားသောက်ကုန်နှင့် ကုန်စိမ်းများအပြင် အခြားလူသုံးကုန်ပစ္စည်းများ ထိုသို့ဈေးနှုန်းမြင့်တက်ရခြင်းမှာ မြို့ပေါ်သို့ အနီးဝန်းကျင်ဒေသများမှ ကုန်စည်ဝင်ရောက်မှုနည်းပါးခြင်း၊ ဒေသခံတောင်သူများ မိမိတို့၏မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများကို မလုပ်ကိုင်နိုင်ခြင်းနှင့် မြို့ပေါ်သို့သွားလာရာတွင် လုံခြုံရေး၊ အခြေအနေအရ အခက်အခဲများစွာရှိနေခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

“အဓိက ပြဿနာက ဘာလဲဆိုရင် စားသောက်ကုန်ပစ္စည်းတွေ ဈေးနှုန်းမြင့်တက်တာပဲ။ ဒီလိုဖြစ်စဉ်တွေ ဖြစ်ပွားပြီးရင် ကျွန်မတို့ ဒီဒေသမှာ ကုန်ပစ္စည်းဈေးတက်တာတွေ ခဏခဏပဲကြုံရတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပြီးတုန်းကလည်း မြို့မဈေးကြီးအပါဝင် အပြင်ဈေးတန်းက ဈေးဆိုင်တွေ အချိန်တော်တော်နဲ့ကို ပြန်မဖွင့်ရဲကြဘူး။ နယ်မြေအခြေအနေတော်တော်လေးကို တည်ငြိမ်အေးချမ်းမှုပဲ တဖြည်းဖြည်းပြန်ဖွင့်ရောင်းချတဲ့ အခြေအနေရှိပါတယ်။ နောက်ပြီး နယ်ကနေဝင်လာကြတဲ့ ကုန်ပစ္စည်းတွေကလည်း လုံခြုံရေးအခြေအနေအရ သွားလာရေးခက်ခဲမှုကြောင့် ကားခတွေ အဆမတန်မြင့်တက်နေတာကြောင့်လည်း ပါပါတယ်”ဟု မောင်တောမြို့မှ ဒေါ်စမ်းစမ်းအောင်က ပြောသည်။

မောင်တောဒေသတွင် ယခုရက်ပိုင်းအတွင်း ဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ဒေသခံတိုင်းရင်းသားများမှာ ၎င်းတို့၏ အသက်အန္တရာယ်ကိုစိုးရိမ်ကြသဖြင့် မောင်တောမှ ဘူးသီးတောင်မြို့သို့ မော်တော်ယာဉ်များ စုပေါင်းငှားရမ်းပြီး ထွက်ပြေးတိမ်းရှောင်သွားကြကြောင်း၊ တချို့မှာ ပုံမှန်ပြေးဆွဲနေသည့် မော်တော်ယာဉ်များဖြင့် လိုက်ပါလာကြခြင်းဖြစ်ပြီး ယာဉ်စီးခမှာ သတ်မှတ်ထားသော ဈေးနှုန်းများထက် အဆမတန်ပိုမိုပေးရကြောင်း သိရသည်။

“ဒီရက်တွေမှာ ကျေးရွာများမှာ ရှိကြတဲ့ ဒေသခံတိုင်းရင်းသားတွေက သူတို့ဒေသမှာ သူတို့မနေရဲကြတော့ အုပ်စုလိုက်ကားတွေငှားကာ ဘူးသီးတောင်ကိုသွားပြီး တိမ်းရှောင်နေကြတယ်။ သူတို့ရဲ့အသက်အန္တရာယ် စိုးရိမ်ကြတဲ့အတွက် အုပ်စုအဖွဲ့အလိုက် လုံခြုံတဲ့နေရာတွေမှာ သွားပြီးတိမ်းရှောင်ခိုလှုံနေကြတယ်။ တချို့ကလည်း ဘူးသီးတောင်မှတစ်ဆင့် စစ်တွေအထိ သွားရောက် တိမ်းရှောင်နေကြတယ်၊ မောင်တောနဲ့ ဘူးသီးတောင်ကားခက အရင်က ပုံမှန်ဆိုတစ်ဦးကို ငွေကျပ် ၄၀၀၀ ဆိုပေမယ့် ဒီရက်ပိုင်းမှာ ငွေကျပ် ၁၀၀၀၀ ကျော်အထိပေးပြီး စီးရတယ်”ဟု ၎င်းက ဆက်ပြောသည်။

လက်ရှိအခြေအနေအရ မောင်တောမြို့ပေါ်ရပ်ကွက်များတွင် လုံခြုံရေးအင်အားတိုးမြှင့်ချထားခဲ့ရာ အကြမ်းဖက်မှုဖြစ်စဉ်များ ဆက်လက်မဖြစ်ပေါ်စေရန် ထိန်းသိမ်းထားနိုင်သည့် အနေအထားတွင်ရှိနေကြောင်း သိရသည်။

**တင်မောင်လွင်၊ မင်းထက်အောင်**

**ဓာတ်ပုံ-မောင်မွှေး**

# ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော် ဦးဆောင်သည့်အဖွဲ့ မောင်တောဒေသရှိ ယာယီတိမ်းရှောင်နေသူများအား အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့ပေးလျက်ရှိ

**မောင်တော စက်တင်ဘာ ၁**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ခေတ္တထွက်ပြေး တိမ်းရှောင်ခိုလှုံနေကြသည့် ဒေသခံပြည်သူများအတွက် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်ဝေဠုကျော်နှင့် စာရေးဆရာဝေဟင်အောင်(စစ်တွေ) တို့ ဦးဆောင်သည့် ဝေဠုကျော်ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၃၀၀ ကျော်တန်ဖိုးရှိ အရေးပေါ်စားနပ်ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပေးမှုနှင့် ပတ်သက်ပြီး ကိုဝေဠုကျော်က “ဒီမှာ ထွေထွေထူးထူးဖြစ်စဉ်တွေတော့ မရှိပါဘူး။ ကျွန်တော့်ရဲ့အမြင်ကတော့ ဒေသခံပြည်သူတွေမှာ ထိတ်လန့်စိုးရိမ်မှုတွေ ရှိနေတာကို မြင်တွေ့ရပါတယ်။ လောလောဆယ် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ယာယီရှောင်တိမ်းနေရတဲ့ ဒေသခံပြည်သူတွေအတွက် လိုအပ်တဲ့ စားနပ်ရိက္ခာတွေ ထောက်ပံ့ပေးနေတာပါ”ဟု ပြောသည်။

ဝေဠုကျော်ဖောင်ဒေးရှင်းအဖွဲ့သည် ယမန်နေ့က မောင်တောမြို့နယ် သုံးမိုင်၊ လေးမိုင်ကျေးရွာတို့တွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများ၊ မောင်တောမြို့ မြို့မရပ်ကွက် မူလတန်းကျောင်းတွင် ခိုလှုံနေကြသည့် ဟိန္ဒူမိသားစုဝင်များအတွက် ဆန်နှင့် အခြားစားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မောင်တောရှိ အလိုတော်ပြည့် ပရဟိတကျောင်းနှင့် ဘင်္ဂလားဒေ့ရှ် ဘုန်းတော်ကြီးကျောင်းများ အတွက်လည်း စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဒေသလုံခြုံရေး အခြေအနေအရ သွားလာရန်ခက်ခဲသည့် နေရာများအတွက် ကျီးကန်းပြင်စခန်းသို့ လစာလာထုတ်သည့် မော်တော်ယာဉ်ဖြင့် ထောက်ပံ့ပစ္စည်းများ တင်ပို့ပေးခဲ့ကြောင်း၊ သွားလာ၍ရသည့် နေရာများသို့ သွားရောက်ထောက်ပံ့ပေးမှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်က ပြောသည်။

ဩဂုတ် ၂၅ ရက်က ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေအိမ်များမှ ခေတ္တထွက်ပြေးတိမ်းရှောင်၍ ယာယီစခန်းများတွင် ဝင်ရောက်ခိုလှုံနေထိုင်လျက်ရှိသော ဒေသခံပြည်သူများအတွက် ဝေဠုကျော်ဖောင်ဒေးရှင်းမှ ဩဂုတ် ၃၀ ရက်က စတင်ပြီး လိုအပ်လျက်ရှိသည့် စားနပ်ရိက္ခာများကို သွားရောက်ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၃၁ ရက်အထိ ဆန်အိတ် ၁၃၀၀၊ အားလူးအိတ် ၅၀၊ ဆီ ပိဿာ ၁၀၀၊ ကြက်သွန်အိတ် ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကျော်တန်ဖိုးခန့် ထောက်ပံ့လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။



**သတင်း-တင်မောင်လွင်၊ မင်းထက်အောင်**

**ဓာတ်ပုံ - မောင်မွှေး**

# အကြမ်းဖက်မှုမလိုလားသူ အစ္စလာမ် ဘာသာဝင်ရွာသားများက ARSA အစွန်းရောက်အကြမ်းဖက်သမား ခုနစ်ဦးကို ဖမ်းဆီး၍ ရဲတပ်ဖွဲ့သို့အပ်နှံ

နေပြည်တော် စက်တင်ဘာ ၁

**မောင်တောဒေသတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသော ARSA အစွန်းရောက်အကြမ်းဖက်သမားများကို အစ္စလာမ်ဘာသာဝင် ရွာသူရွာသားများက ဝိုင်းဝန်းဖမ်းဆီး၍ ရဲတပ်ဖွဲ့ထံ အပ်နှံလျက်ရှိသည်။**

မောင်တောမြို့နယ်ရှိ ကျေးရွာသားများသည် ယမန်နေ့မွန်းလွဲပိုင်းက ရော်ဖီအဏ္ဏဝါ (၂၈)နှစ်အား မသင်္ကာသဖြင့် ဖမ်းဆီးကာ မင်္ဂလာကြီး ချောင်းဝကင်းစခန်းသို့လာရောက်အကြောင်းကြားခဲ့ပြီး ညနေပိုင်းတွင် ဟာမီဒူလာ(၂၀)နှစ်ပါ ကျားလေးဦးနှင့် မိချောင်းတက်ရွာမှ အဏ္ဏဝါဖိုက်ဆဲ (၂၂)နှစ် ပေါင်းငါးဦးတို့အား မသင်္ကာသဖြင့် ဖမ်းဆီးထားကြောင်း ဖုန်းဖြင့် ထပ်မံအကြောင်းကြားသဖြင့် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသူ ခြောက်ဦးအား သွားရောက်ခေါ်ဆောင်စစ်ဆေးခဲ့ရာ အကြမ်းဖက်ဖြစ်စဉ်များတွင် ပါဝင်ခဲ့သူများဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

ထို့အပြင် နံနက် ၁၁ နာရီခွဲခန့်တွင် ဘူးသီးတောင်မြို့နယ် စိမ်းညှင်းပြာကျေးရွာအုပ်စု ပြင်ရှည်အလယ်ရွာနေ အဒူတာလစ်(၂၂)နှစ်သည် မေယုတောင်ကျော်လမ်းအတိုင်း ဝင်ရောက်လာသဖြင့် ကျေးရွာတာဝန်ရှိသူများမှ ဝိုင်းဝန်းဖမ်းဆီးကာ ကင်းချောင်းရဲကင်းစခန်းသို့ လာရောက်အပ်နှံခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ ခုနစ်ဦးအား ဥပဒေအရ အရေးယူရန်အတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**




# လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၁**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ယနေ့ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးဥပဒေအရာရှိနှင့် ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေအရာရှိများ၊ ဒုတိယခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုရှေ့နေချုပ်၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် ဥပဒေအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး တိုင်းဒေသကြီး ဥပဒေအရာရှိက လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန္တာမေ**




ဩဂုတ် ၃၁ ရက်က ရခိုင်ပြည်နယ် မောင်တောဒေသ ဒုက္ခသည်များအတွက် သံတွဲခရိုင် ကျောင်းထိုင်ဆရာတော်များ ရေဘေးကူညီ ရေးအဖွဲ့(ရန်ကုန်)မှ ငွေကျပ် ၃၅ သိန်း၊ မှန်ကင်းဘုန်းတော်ကြီး ပညာရေးအထက်တန်းကျောင်း(သာကေတ)မှ ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၄၅ သိန်းကို ဆရာတော် ဦးကဝိန္ဒ၊ ဦးမာဃိန္ဒ၊ ဦးတေဇဝန္တနှင့် ဒါယကာ ဒါယိကာမများက ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ဓမ္မာရုံ၌ ရခိုင်ပြည်နယ် ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ(ရန်ကုန်)သို့ ပေးအပ်လှူဒါန်းစဉ် တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ငါးသားပေါက်များ ဝယ်ယူနိုင်ပြီး သင်တန်းများတက်ရောက်ရန် ဖိတ်ခေါ်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ငါးရိက္ခာဖူလုံစေရေး၊ သက်သာချောင်ချိရေးနှင့် ကျေးလက်ဒေသအထောက်အကူပြု ငါးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ ငါးလုပ်ငန်းစခန်းများမှ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးခေါင်းပွ၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ၊ မြက်စား ငါးကြင်း၊ ငါးတန်နှင့်ရေချိုငါးမုတ်တို့အပါအဝင် ရေချိုငါးမျိုး ၂၁ မျိုးအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ငါးမွေးမြူလိုသူများမှ ငါးသားပေါက်များကို သက်သာသောဈေးနှုန်းများဖြင့် ငါးလုပ်ငန်းဦးစီးဌာန(နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ငါးလုပ်ငန်း ဦးစီးဌာနရုံးများနှင့် စခန်းများတွင်ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်သည်။

ထို့အပြင် စိတ်ပါဝင်စားသောငါးမွေးတောင်သူများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်လျက်ရှိသော အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက် သင်တန်းများသို့လည်း တက်ရောက်နိုင်ကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနရုံးများ၊ ငါးလုပ်ငန်း စခန်းများနှင့် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲ(နေပြည်တော်) ဖုန်း-၀၆၇-၄၀၈၃၇၆၊ ၀၆၇-၄၁၈၅၃၈ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

❄ *ကျောဖုံးမှ*

အပြစ်မဲ့ပြည်သူ စုစုပေါင်း ၁၄ ဦး သေဆုံးခဲ့ပြီး ဒိုင်းနက်တိုင်းရင်းသား နှစ်ဦး ဒဏ်ရာရရှိကာ နှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း။

ထို့ပြင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၄ ရွာမှ ဒေသခံတိုင်းရင်းသား ၂၃၂၆ ဦး၊ မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၃ ရွာမှ ဒေသခံတိုင်းရင်းသား ၉၄၀၂ ဦး စုစုပေါင်း ၁၁၇၂၈ ဦးတို့အား ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့ရှိ နယ်မြေခံတပ်ဌာနချုပ်များသို့လည်းကောင်း၊ ကျေးရွာ ၃၃ ရွာရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများသို့လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးခဲ့ရကြောင်း။

**ပျက်စီးဆုံးရှုံး**

ARSA အစွန်းရောက်အကြမ်းဖက်သမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အတွင်း ထိတွေ့တိုက်ပွဲ အကြိမ် ၉၀ ဖြစ်ပွားခဲ့ရာ တပ်မတော်မှ စစ်သည် နှစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၁ ဦး၊ နိုင်ငံ့ဝန်ထမ်း နှစ်ဦး စုစုပေါင်း ၁၅ ဦး အသက်စွန့်လွှတ်ခဲ့ရကြောင်း၊ တပ်မတော်မှစစ်သည် ငါးဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စစ်သည် တစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ထို့ပြင် တပ်မတော်မှ လက်နက်ငယ် တစ်လက်၊ ကျည်အိမ် သုံးခု၊ ကျည် ၂၄၀ နှင့် ဆက်စပ်ပစ္စည်းများ၊ ရဲတပ်ဖွဲ့မှ လက်နက်ငယ် ၁၀ လက်၊ ကျည်မျိုးစုံ ၁၄၂၅ တောင့်၊ ဗုံးသီးမျိုးစုံ ၁၁ လုံး၊ ဆက်သွယ်ရေးစက် တစ်လုံးဆုံးရှုံးခဲ့ပြီး ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် ခုနစ်စီး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဩဂုတ် ၂၅ ရက် တစ်ရက်တည်းမှာပင် ရဲကင်းစခန်းများနှင့် တပ်ရင်းဌာနချုပ်အား ဝင်ရောက်တိုက်ခိုက်မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲ ၃၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားအချို့ သေဆုံးကာ အချို့ကို အရှင်ဖမ်းဆီးရမိခဲ့ကြောင်း၊ ဩဂုတ် ၃၀ ရက်အထိ နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးဆောင်ရွက်စဉ် ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မှု ၅၂ ကြိမ် လုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်သမားများထံမှ ပွိုင့်-၂၂ သေနတ်အပါအဝင် လက်နက်ငယ် ရှစ်လက်၊ ကျည်မျိုးစုံ ၇၉ တောင့်၊ မိုင်း ၂၃ လုံး၊ ဓား ၆၁ လက်၊ လှံ ၁၅ ချောင်း၊ ဂျင်ကလိ ၁၂၃ ချောင်း၊ ဆက်သွယ်ရေးစက် လေးလုံး၊ ယမ်းထုပ် ၂၇ ထုပ်၊ ဝိုင်ယာကြိုးခွေများ၊ ဝတ်စုံအနက်များ၊ ပြောက်ကျားယူနီဖောင်းများ၊ ဆေးဝါးမျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မီဒီယာပရဟိတအသင်းနှင့် အလှူရှင်များစုပေါင်း၍ မကွေး ရေဘေးသင့်အိမ်ထောင်စု ၂၈၁ စုအား လှူဒါန်း

**မကွေး စက်တင်ဘာ ၁**

တစ်လတိတိ စားနပ်ရိက္ခာပြတ်လပ်နေသော မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ရှိ မြေနုကျွန်းကျေးရွာအနေဖြင့် ရေဝတီမြစ်ရေတက်မှုကြောင့် နှစ်စဉ် ရေဘေးဒဏ်ခံရပြီး ယခုနှစ်တွင် ရေတက်ရောက်မှုအနေဖြင့် တစ်လကျော်ကြာမြင့်နေပြီး ယခင် ၂၀၁၆ ခုနှစ်ကလည်း ရေဘေးဒဏ်ကြုံတွေ့ခဲ့သော်လည်း ယခုနှစ်ကဲ့သို့ ကြာမြင့်မှုမရှိကြောင်း သိရသည်။

ထို့ကြောင့် ကျေးရွာနေ အိမ်ထောင်စု ၂၈၁ စုမှ လူဦးရေ ၉၀၀ ကျော်တို့မှာ မကျီးပင်ကျေးရွာရှိ လေးထပ်ဘုန်းတော်ကြီးကျောင်း၌ ခေတ္တတည်းခိုနေရကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများကို ရန်ကုန်မြို့ရှိ အလှူရှင်များဖြစ်ကြသည့် ဂျွန်လွင် (Stars & Models) မိသားစုနှင့် အဆိုတော် မြကြာညို၊ ဝတီနှင့် အလှူရှင်များစုပေါင်းပြီး ဆန်အိတ်များနှင့် ပဲဆီများကို လှူဒါန်းခဲ့ကြသည်။ **(ယာပုံ)**

“ဒီနေရာလေးကို ကျွန်တော့်အနေနဲ့ မနှစ်ကလည်း မီဒီယာပရဟိတ အသင်းကနေတစ်ဆင့် အလှူရှင်တွေနဲ့အတူ ငွေကျပ်သိန်း ၇၀ ကျော်ဖိုး လှူဒါန်းခဲ့ပါတယ်။ ဒီ မီဒီယာပရဟိတအသင်းကိုလည်း သူတို့သွားလှူတိုင်း လှူဖြစ်ပါတယ်။ ကျွန်တော် လှူဒါန်းတဲ့ ငွေကြေးတွေကလည်း ကျွန်တော့်ကို အလုပ်တွေအပ်တဲ့ လုပ်ငန်းရှင်တွေဆီကရတဲ့ အလုပ်ခထဲကနေ လှူဒါန်းတာပါ။ အခုအလှူကလည်း ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ အလှူရှင်အားလုံးရဲ့ စေတနာနဲ့ လှူဒါန်းကြတဲ့ ဒါနအလှူလေးပါ”ဟု ဂျွန်လွင်(Stars & Models)က ဆိုသည်။

**ကိုလင်း**



## မတ်ပဲနှင့် ပဲစင်းငုံကို ဈေးကွက်မပျက်ပြားစေရန် နိုင်ငံတော်နှင့် လုပ်ငန်းရှင်များစုပေါင်း၍ ငွေကျပ် ၁၀၀ ဘီလီယံ စိုက်ထုတ်ကာ သတ်မှတ်ဈေးနှုန်းတစ်ခုဖြင့် ဝယ်ယူမည်

**နေပြည်တော် စက်တင်ဘာ ၁**

ပဲစင်းငုံနှင့်မတ်ပဲတို့အား လက်ရှိဖြစ်ပေါ်နေသည့် ဈေးအောက်ထပ်မံမနိမ့်ကျစေရန် ရည်ရွယ်၍ သတ်မှတ်ဈေးတစ်ခုထားရှိဝယ်ယူနိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်မှ လှည့်ပတ်ရန်ပုံငွေကျပ် ၅၀ ဘီလီယံကိုလည်းကောင်း၊ အစိုးရဘက်မှ ငွေကျပ် ၅၀ ဘီလီယံကို လည်းကောင်း စုစုပေါင်း ငွေကျပ် ဘီလီယံ ၁၀၀ ဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက ဩဂုတ် ၃၁ ရက်က ထုတ်ပြန်ထားသည်။

လက်ရှိအချိန်၌ အိန္ဒိယနိုင်ငံသို့ တင်ပို့မည့် ရောင်းလိုအားမရှိတော့ဘဲ တခြားနိုင်ငံများသို့ တင်ပို့မည့် ဝယ်လိုအားသာရှိနေ၍ မတ်ပဲနှင့် ပဲစင်းငုံ လက်ကျန်ရှိနေသည့် ကုန်သည်ပွဲစားများမှာ ဝယ်လိုအားထက် ရောင်းလိုအားများပြားနေပြီး ပြည်တွင်းဈေးနှုန်းမှာ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းထက် များစွာကျဆင်းနေသည်။ ထို့ကြောင့် ပဲများ ဈေးကွက်မပျက်ပြားစေရန် လက်ရှိဖြစ်ပေါ်နေသည့် ဈေးနှင့် အနည်းငယ်ကွာခြားမှုရှိသည့် ဈေးနှုန်းတစ်ခု သတ်မှတ်ကာ ယင်းဈေးနှုန်း ထပ်မံမကျဆင်းစေရန် သတ်မှတ်ဈေးနှုန်းတစ်ခုဖြင့် ဝယ်ယူရန် ရန်ပုံငွေတစ်ရပ်ထူထောင်၍ ကျွမ်းကျင်သူများပါဝင်သည့် ကော်မတီဖွဲ့စည်းထူထောင်ထားကြောင်း သိရသည်။



အဆိုပါကော်မတီမှ ရန်ပုံငွေအား နိုင်ငံတော်အစိုးရနှင့် အသင်းဝင်များ ထည့်ဝင်ငွေများဖြင့် ငွေကျပ်ဘီလီယံ ၁၀၀ သတ်မှတ် မတည်ထူထောင်ရန် ဆုံးဖြတ်ကာနိုင်ငံတော်အစိုးရထံမှ ရရှိသောငွေကို မပျောက်ပျက်စေရန် ပုဂ္ဂလိကဘက်မှ အာမခံပေးထားကြောင်း သိရသည်။ သတ်မှတ်ဈေးဖြင့် ဝယ်ယူစုဆောင်းထားသည့် ပဲများကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့် အခြေအနေတွင် သက်ဆိုင်ရာကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ရောင်းချပြီး ဝယ်ယူမှု၊ သိုလှောင်မှု၊ ပြည်ပတင်ပို့မှု စသည့်စရိတ်များ နုတ်၍ အရှုံးအမြတ်စာရင်းတွက်ချက်ကာ အခွန်ဆောင်ပြီး ရရှိမည့် အကျိုးအမြတ် စာရင်းအပေါ် သက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် စနစ်တကျခွဲဝေဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲနှင့်ပဲစင်းငုံများကို ယခုအချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့်ဈေးနှင့် အနည်းငယ်သာကွာခြားမှုရှိသည့် မတ်ပဲ FAQ(2017 Crop) တစ်တန်လျှင် ငွေကျပ် ငါးသိန်းနှုန်း၊ မတ်ပဲ (2017 Crop) တစ်တန်လျှင် ငွေကျပ် လေးသိန်းနှုန်းသတ်မှတ်ဈေးဖြင့် အတည်ပြုဝယ်ယူရန် ဆုံးဖြတ်ထားကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သီဟစည်သူ**

## ဝန်းသိုမြို့နယ်တွင် မိုးကြီး

**ဝန်းသို စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် စက်တင်ဘာ ၁ ရက် နံနက်ပိုင်း ရွာသောမိုးကြောင့် ကားလမ်းပေါ်တွင် ရေများကျော်သွားခဲ့ကြောင်း သိရသည်။ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ကသာခရိုင် ဝန်းသိုမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် ထိုးဘိုကျေးရွာနှင့် တုံးကျိတ်ကျေးရွာကြား ဝန်းသိုမြို့နယ်နှင့် အင်းတော်မြို့နယ်သွားကားလမ်း ရေကျော်နေသဖြင့် ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန် ဝန်းသိုမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မျိုးသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝန်းသိုမြို့နယ်တွင် ရွာသွန်းသော မိုးရေချိန်မှာ ၃ ဒသမ ၅၄လက်မရှိပြီး ဂျိုးတောင်ကျေးရွာအပါအဝင် မြေနိမ့်ပိုင်းနေရာများတွင် မိုးရေများဝင်ရောက်ခဲ့သည်။ ညနေပိုင်းတွင် ရေများပြန်လည်ကျဆင်းသွားပြီး စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ကျောင်းကုန်းမြို့၌ ဒါးကမြစ်ရေ ဒုတိယအကြိမ်မြင့်တက်

**ကျောင်းကုန်း စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ဒုတိယအကြိမ်မြောက် ဒါးကမြစ်ရေ မြင့်တက်လာမှုကြောင့် ကျောင်းကုန်းမြို့မဈေးကြီး၏ သားငါးတန်းမှာ ရေဝင်နစ်မြုပ်လျက်ရှိရာ ရေလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြရပြီး အနိမ့်ပိုင်းဒေသများနှင့် ကမ်းနားလမ်းများ မြစ်ရေတစ်ပေကျော်ခန့် နစ်မြုပ်လျက်ရှိကြောင်း၊ လွန်ခဲ့သည့်ရက်များက တစ်နေ့လျှင် ခုနစ်လက်မခန့် မြင့်တက်ခဲ့ကြောင်း၊ စက်တင်ဘာ ၁ ရက် နံနက်ပိုင်း တိုင်းထွာချက်အရ ရေအမှတ်မှာ ၁၆ ပေသို့ ရောက်ရှိပြီဖြစ်ရာ စိုးရိမ်ရေအမှတ် ၁၇ သို့ ရောက်ရန် တစ်ပေခန့်သာလိုတော့ကြောင်း သိရသည်။

ပထမအကြိမ် ဒါးကမြစ်ရေ မြင့်တက်စဉ်က ကျောင်းကုန်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေကျော်လွန်၍ ၁၈ ပေအထိ တက်ခဲ့ပြီး မကြာမီပင် ရေပြန်လည်ကျဆင်းသွားခဲ့ကြောင်းနှင့် ယနေ့အချိန်အထိ စာသင်ကျောင်းများ ယာယီပိတ်ထားခြင်း မရှိသေးကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

## မိုင်းယု(၁၀၅)မိုင်ကျေးရွာ ထင်းရှူးစိုက်ခင်းအနီး၌ 4802 B စာတန်းပါ မိုင်းဟောင်းတစ်လုံးတွေ့ရှိ

**မူဆယ် စက်တင်ဘာ ၁**

မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကျေးရွာနှင့် လေးမိုင်ခန့်ကွာဝေးသော သစ်တောအမှတ် (၂/၂၀၀၀)ထင်းရှူးစိုက်ခင်းအနီး မိုင်တိုင်အမှတ်(၂၇၃/၀) ပြည်ထောင်စုလမ်းမကြီးဘေးတွင် စက်တင်ဘာ ၁ ရက်က Oriental Highway Company မှ လမ်းအလုပ်သမားများသည် လမ်းမကြီးဘေးရှိ ရေမြောင်းများ တူးဖော်ခြင်းနှင့် ချုံများ ခုတ်ထွင်ရှင်းလင်းနေစဉ် ချုံအတွင်း၌ တရုတ်နိုင်ငံထုတ် 4802 B စာတန်းပါ ရှေ့ထွက်မိုင်းဟု ယူဆရသော မိုင်းဟောင်းတစ်လုံးကို တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ဆက်လက်အကြောင်းကြားခဲ့ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ (၁၀၅)မိုင် ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မူဆယ်ခရိုင် မူဆယ်မြို့ရှိ သတင်းရဲတပ်ဖွဲ့ဝင်များ၊ သစ်တောအဖွဲ့များ၊ ရပ်မိရပ်ဖများ အခင်းဖြစ်ပွားရာနေရာသို့ အချိန်မီရောက်ရှိလာခဲ့သည်။

ထိုနောက် ချုံအတွင်း ထောင်ထားသော တရုတ်လုပ် 4802 B စာတန်းပါ ရှေ့ထွက်မိုင်းဟုယူဆရသော မိုင်းဟောင်းကို စစ်ကြောင်းအဖွဲ့မှ သက်မဲ့ပြုလုပ်ခဲ့ပြီး ညနေ ၆ နာရီက အဆိုပါ မိုင်းဟောင်းအား အောင်မြင်စွာဖယ်ရှားရှင်းလင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**




ရှေ့ထွက် မိုင်းဟု ယူဆရသော မိုင်းဟောင်းကို တွေ့ရစဉ်

# ပညာအရည်အသွေးမြင့်မားရေးအတွက် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာ ဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများသည် ဩဂုတ် ၃၁ ရက်က မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော မြို့မိမြို့ဖများ၏ မန္တလေးတက္ကသိုလ်ပညာရည်ချွန် ရွှေတံဆိပ်ဆု ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးသည်။





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသားဆရာ အချိုးညီအောင်လိုအပ်သည့် အရည်အသွေးပြည့် ဆရာ ဆရာမများကို သင်ကြားလေ့ကျင့်ပေးပြီး ခန့်အပ်ပေးလျက်ရှိပါကြောင်း၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ စာကြည့်တိုက်များအတွက် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ကျောင်းအဆင့်များ တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသည့်နည်းတူ ကျောင်းဆောင်သစ်များကိုလည်း တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ စဉ်ဆက်မပြတ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိစေမည့် သက်မွေးပညာရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စဉ်ဆက်မပြတ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ အထောက်အကူပြုလျက်ရှိရာ ပညာအရည်အသွေးမြင့်မားရေးအတွက် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က မုဒိတာ အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သီတာဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အလှူရှင်များက မန္တလေးတက္ကသိုလ် ပညာရည်ချွန် ရွှေတံဆိပ်ဆုရရှိသူ တစ်ဦးချင်းစီအား ပညာရည်ချွန် ရွှေတံဆိပ်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ Hotel MARVEL ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ဟိုတယ်လုပ်ငန်းဆိုင်ရာ အခြေခံညှိုကြိုသင်တန်း သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲနှင့် အခြေခံအိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

**သီပေါ စက်တင်ဘာ ၁**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်လှူဒါန်းမှုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသီရိအရှင်သူမြတ်၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ သီပေါ သီတဂူစက္ခုဒါနဆေးရုံ၌ (၃၉) ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးမည်ဖြစ်၍ ဝေဒနာရှင်များအနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြပြီဖြစ်ကြောင်း မဟာမြတ်မုနိဘုရားကြီး ဆရာတော်က မိန့်ကြားသည်။

ထို့အပြင် ရပ်ဝေးကျေးလက်ဒေသများမှ လာရောက်ကုသကြသော မျက်စိဝေဒနာရှင်များကို ဆရာတော်အရှင်ပညာသီရိက အိမ်အရောက် ခရီးစရိတ်နှင့် ထမင်းဟင်းလျာများကို ကျွေးမွေးကုသိုလ်ပြုလျက်ရှိရာ ပါဝင်ကုသိုလ်ယူလှူဒါန်းလိုသော သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် သီတဂူစက္ခုဒါနဆေးရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကိုအများပြည်သူသိရှိရန် အသိပေးကြေညာ










ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန် ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အထက်ဖော်ပြပါ အလှကုန်ပစ္စည်း သုံးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်း မရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူ လူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အဆိပ်သင့်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

Rhodamine B အရောင်ဆိုးဆေးသည် အဝတ်အထည်များ အရောင်ဆိုးရာတွင် အသုံးပြုသော ဓာတုပစ္စည်းဖြစ်၍ ရေရှည်သုံးစွဲပါက နှုတ်ခမ်းကင်ဆာ၊ အစာအိမ်အူလမ်းကြောင်း ကင်ဆာနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်း မရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပုဒ် (၃) (ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Great Apple &Serum Total Perfect | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) Hydroquinone(+) |
| ၂။ | CAILIYA AB (Whitening Day Cream + Night Cream) | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၃။ | Too Faced Matted Matte Liquified Matte Long Wear Lipstick | Made in USA | Rhodamine B (CI 45170) (+) |

## မြို့နယ်နာရေးကူညီမှုအသင်းမှ အောက်ဆီဂျင်ဘူးများ အခမဲ့ဖြန့်ဝေ



**ရေး စက်တင်ဘာ ၁**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ပြည်သူ့ဆေးရုံများနှင့် မြို့ပေါ်ရပ်ကွက်လူနေအိမ်များမှ အရေးပေါ် အောက်ဆီဂျင်လိုအပ်သည့် လူနာများအတွက် မြို့နယ်နာရေးကူညီမှုအသင်းမှ အခမဲ့ဖြန့်ဝေပေးမှုမှာ ယခင်နှစ်ထက်မြင့်တက်လာနေလျက်ရှိကြောင်း သိရသည်။

“အခု ဒီဆေးရုံနဲ့ လမိုင်းဒူးယားကျောင်းရွာ တိုက်နယ်ဆေးရုံတွေပါပေးတဲ့အပြင် မြို့ပေါ်ရပ်ကွက် လူနာတွေကိုလည်း ပိုမိုဖြန့်ဝေပေးနိုင်ခဲ့တဲ့အတွက် ၂၀၁၅ - ၂၀၁၆ ခုနှစ်က လူနာပေါင်း ၄၀၀၀ ကျော်ကနေ ၂၀၁၆ -၂၀၁၇ ခုနှစ်တွင် ၅၂၀၀ အထိဖြစ်ကာ လူနာပေါင်း ၁၂၀၀ နီးပါးအထိ မြင့်တက်သွားပါတယ်” ဟု ကူညီလုပ်ကိုင်ပေးနေသူများထံမှ သိရသည်။

“တစ်လမှာ မြို့နယ်နာရေးကူညီမှု အသင်းရန်ပုံငွေကျပ် ခြောက်သိန်းဝန်းကျင်နဲ့လူနာတွေအတွက် အောက်ဆီဂျင်ဘူးအခမဲ့ဖြန့်ဝေပေးနိုင်ခဲ့တယ်။ အရင်နှစ်ထက်ပိုအဆင်ပြေအောင်လည်း စီစဉ်ထားပါတယ်။ အခုလို လူနာတွေကို ကူညီပေးနေတာ အခုဆို လေးနှစ်ခန့် ရှိနေပြီ” ဟု မြို့နယ် နာရေးကူညီမှု အသင်းအတွင်းရေးမှူး ဦးအောင်ထွန်းက ပြောသည်။

အောက်ဆီဂျင်ဘူးပေးဝေခြင်းကို ဆလင်ဒါအိုးကြီးသုံးလုံးဖြင့် လူနာများအတွက် တစ်နေ့ပျမ်းမျှ အောက်ဆီဂျင် ၂၅ ဘူးလဲလှယ်ပေးရပြီး လူနာများသည့်လတွင် ပြတ်လပ်မှုနှင့်လည်း ကြုံတွေ့ရတတ်ကြောင်း သိရသည်။

**နေမျိုးထွန်း (ရေး)**

# သံဖြူဇရပ်-ဘုရားသုံးဆူ ကားလမ်းတွင် တံတားပေါင်း ၁၆၅ စင်းရှိသည့်အနက် တံတားပေါင်း ၁၃၅ စင်း တည်ဆောက်ပြီးဖြစ်

**မော်လမြိုင် စက်တင်ဘာ ၁**

သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းသည် မွန်ပြည်နယ် သံဖြူဇရပ်မှ ကရင်ပြည်နယ်ဘုရားသုံးဆူအထိ ၁၀၂ မီတာ၊ မိုင်အားဖြင့် ၆၃ မိုင် သုံးဖာလုံရှိပြီး မော်လမြိုင်ခရိုင်၊ ကော့ကရိတ်ခရိုင်နှင့် လမ်းအထူးအဖွဲ့ (၂၂) တို့က တာဝန်ယူဖောက်လုပ်ခဲ့သော ပြည်ထောင်စုလမ်းမကြီးဖြစ်သည်။

အဆိုပါ ကားလမ်းမကြီးတစ်လျှောက် တံတားပေါင်း ၁၆၅ စင်းရှိရာ ယခုအခါ တံတားပေါင်း ၁၃၅ စင်းမှာ တည်ဆောက်ပြီးကြောင်း သိရသည်။ တည်ဆောက်ပြီးစီးခဲ့သော တံတားများအနက် ပေ ၅၀ အောက်တံတားများကို မော်လမြိုင်ခရိုင်၊ ကော့ကရိတ်ခရိုင်နှင့် လမ်းအထူးအဖွဲ့ (၂၂)တို့က တာဝန်ယူတည်ဆောက်ခဲ့ပြီး ပေ ၅၀ အထက် တံတားများကို တံတားအထူးအဖွဲ့ (၁၄)က တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။ မိုင်တိုင်အမှတ် ၃၀ မိုင် ခြောက်ဖာလုံရှိ ဆင်ပြေးတံတားမှာ တည်ဆောက်ပြီး ဖြစ်ကြောင်း သိရသည်။

တံတားအရှည်မှာ ပေ ၁၈၀ ရှိပြီး အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၅၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် လေးပေဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်ကြမ်းခင်း၊ ကွန်ကရစ်လက်ရန်းဖြစ်ကာ စီမံကိန်းတန်ဖိုးမှာ ငွေကျပ် ၄၁၄ သန်းဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



# တောင်ကြီးတွင် စိန်ထည်ရွှေထည်နှင့် ငွေကျပ် ၁၆၉ သိန်းကျော်ခိုးမှုနှင့် ငွေကျပ်သိန်း ၁၅၀ ခိုးမှုကျူးလွန်သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ဖြစ်ပွားခဲ့သည့် စိန်ထည်၊ ရွှေထည်နှင့်ငွေများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၆၉၇၅၀၀၀ ခိုးမှုနှင့် ငွေကျပ်သိန်း ၁၅၀ ခိုးမှုများအား တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲမြင့်နှင့် တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်နိုင် ဦးဆောင်သောအဖွဲ့က စုံစမ်းဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် စိုက်ပျိုးရေးဝင်း(၂)နေ ဒေါ်မိုးမိုး(၃၈ နှစ်)၏နေအိမ်မှ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်ကောက်ငါးကွင်း၊ စိန်လက်စွပ်တစ်ကွင်း၊ စိန်ဆွဲသီးတစ်ခု၊ စိန်ဘယက်တစ်ခု၊ စိန်နားကပ်တစ်ရန်၊ ငွေကျပ် ၆၄၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၆၉၇၅၀၀၀ ပျောက်ဆုံးသွားသဖြင့် တိုင်တန်းခဲ့သောအမှုအား စုံစမ်းစစ်ဆေးခဲ့ရာ CCTV မှတ်တမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူအားစစ်ဆေးရာ အေးသာယာမြို့ အမှတ်(၈) ရပ်ကွက်နေ ကျော်ဇင်ဝင်း(ခ)ကတုံး(၂၇ နှစ်)ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃၁ ရက်က ကျော်ဇင်ဝင်း(ခ)ကတုံး၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ သက်သေခံပစ္စည်း စိန်နားကပ်တစ်ရန်၊ CCTV မှတ်တမ်းပါအခင်းဖြစ်စဉ်က ဝတ်ဆင်အသုံးပြုခဲ့သည့် အင်္ကျီနှင့်ဘောင်းဘီရှည်တို့အား သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် ၎င်းနှင့်အတူ တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက်နေ အောင်ဆန်းဦး(ခ)မောင်တူး(၁၇ နှစ်)၊ မျိုးငယ်ထက်(ခ)ဂျပန်ကြီး(၂၀ နှစ်)တို့ပါဝင်ကြောင်းနှင့် သက်သေခံပစ္စည်းများကို မိဘများ၏နေအိမ်တွင် ဝှက်သိမ်းထားကြောင်း သိရှိရသဖြင့် သွားရောက်သိမ်းဆည်းရာ အလေးချိန် သုံးမတ်သားအခေါက်ရွှေ ဆွဲကြိုးတစ်ကုံး၊ ရွှေလက်ကောက် ငါးကွင်း၊ စိန်ဆွဲသီးတစ်ခု၊ စိန်ဘယက်တစ်ခု၊ စိန်နားကပ်တစ်ရန်နှင့် နေအိမ်အောက်ထပ်ရှိ ကြိမ်ဆွဲ ခြင်းအတွင်းမှငွေကျပ် ၁၂၅၀၀၀ တို့အား ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး အောင်ဆန်းဦး (ခ)မောင်တူးနှင့် မျိုးငယ်ထက် (ခ)ဂျပန်ကြီးတို့ကို ၎င်းတို့၏နေအိမ်များတွင် ဖမ်းဆီးရမိခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူ ကျော်ဇင်ဝင်း(ခ)ကတုံးအား ဆက်လက်စစ်ဆေးခဲ့ရာ ဩဂုတ် ၂၄ ရက်က တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက်နေ မနန်းငယ်ထွေး (၄၄ နှစ်)၏ နေအိမ်အတွင်းမှ ငွေကျပ်သိန်း ၁၅၀ ပျောက်ဆုံးမှုကိုလည်း ၎င်းတစ်ဦးတည်း



ခိုးယူခဲ့ပြီး ငွေများကို သုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## ဦးကိုနီကို လုပ်ကြံသူများအား ရုံးထုတ်ရာတွင် ကြည်လင်းအား ထောင်ကျပုံစံဖြင့် ရုံးထုတ်လာ

**ရန်ကုန် စက်တင်ဘာ ၁**

ယနေ့ နံနက် ၁ နာရီ မိနစ် ၂၀ က ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခံရုံးတွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် လုပ်ကြံခံရမှုနှင့်ပတ်သက်၍ သေနတ်သမားကြည်လင်းနှင့်ပါဝင်ပတ်သက်သူ



အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ လေးဦးကို (၂၂)ကြိမ်မြောက် ရုံးထုတ်ခဲ့ပြီး လေဆိပ် CCTV တာဝန်ခံ ဦးဇော်ဇော်လွင် အပါအဝင် လိုပြသက်သေ သုံးဦးကို စစ်ဆေးမှုပြုလုပ်ကြောင်း သိရသည်။

ယင်းနောက် စစ်ဆေးမှုများပြုလုပ်ရာ လေယာဉ်ကွင်းနယ်နိမိတ်အတွင်း CCTV ကင်မရာ ၁၉၆ လုံးမှ ဖမ်းယူရရှိထားသည့် မှတ်တမ်းရုပ်ပုံများနှင့် ထုတ်နုတ်ထားသော ဓာတ်ပုံ ၇၃ ပုံတို့အား အထူးတရားခံရုံးရှေ့ တရားလို တရားခံအကျိုးဆောင်များ ရှေ့မှောက် ပြသကြည့်ရှုခွင့်ရရှိကြပြီး အပြန်အလှန် မေးခွန်းများ မေးမြန်းကြသည်။ ယနေ့တွင် တရားခံ ကြည်လင်းကို မင်္ဂလာဒုံတရားရုံးမှ တရားစွဲဆိုထားသည့် အမှုအမှတ် ၄၄/၂၀၁၇ လဝက ဥပဒေပုဒ်မ ၁၃/၁ အရ ဩဂုတ် ၃၀ ရက်က ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်ချမှတ်လိုက်သည့်အတွက် အချုပ်သားအဖြစ်မဟုတ်ဘဲ ထောင်ကျတရားခံအဖြစ် ရုံးထုတ်ခဲ့ကြောင်း ရန်ကုန်မြောက်ပိုင်းခရိုင်တရားသူကြီး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးရဲလွင်ထံမှ သိရသည်။ နောက်တစ်ပတ်ရုံးချိန်းကိုလည်း စက်တင်ဘာ ၈ ရက်သို့ ထပ်မံချိန်းဆိုလိုက်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် အကောက်ခွန်မဲ့ပစ္စည်းများသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးခဲ့ရာ အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၃၂၆ သန်းခန့် ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၃၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က Starex ယာဉ်တစ်စီးအား သတင်းအရ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Speed Boat၊ Brand # Bombardier (1) Unit စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၆ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁**

မူးယစ်တပ်ဖွဲ့စု(၂၀)လွိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ယနေ့ ညနေ ၅ နာရီခွဲက ဒီမော့ဆိုမြို့နယ် ဝီသဲကူး(မြောက်ပိုင်း)ကျေးရွာ ဒီမော့ဆို-မိုးဖြဲကားလမ်းတွင် မီကေးလယ် (ခ)မောင်လက် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅ ပြားကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ည ၈ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်အပိုင်း (၁) ရပ်ကွက် ၃၈ လမ်းနှင့် ၆၅ လမ်းထောင့်တွင် ဝင်းကို(ခ)လီနိမ့်အမ်း(ခ)လောက်အမ်း မောင်းနှင်ပြီး မော်စုံးလင့် လိုက်ပါလာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀၊ ဘိန်းဖြူ ၁ ဒသမ ၂၀ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် မကွေ့ကျေးရွာအနီး ကလော-သာစည် ကားလမ်း မိုင်တိုင်အမှတ် (၅၉/၁)တွင် ခရီးသည်တင်မှန်လုံယာဉ်ကိုရှာဖွေရာ ခရီးသည် မရီသန့်နှင့် မအေးတို့နှစ်ဦး၏ ထိုင်ခုံခြေရင်းမှ ဘိန်းစိမ်း သုံးကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ မြို့ရှောင်လမ်း အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေး ပြည်ထောင်စုကားလမ်းတွင် ရှောက်စိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


### ပြည်ထောင်စုလွှတ်တော်ရုံး
### ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး (လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) ၂၅နေရာအတွက် အောက်ပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှအနည်းဆုံးဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။ အင်္ဂလိပ်စာ/ ကွန်ပျူတာ/ IT ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို ဦးစားပေးမည်။
(ဂ) ၃၀-၉-၂၀၁၇ ရက်တွင်(၂၅)နှစ်ထက်မကျော်စေရ၊
(ဃ) မဟာဘွဲ့ရရှိသူများအတွက် ၃၀-၉-၂၀၁၇ရက်တွင် (၃၀)နှစ်နှင့် မဟာဘွဲ့ အထက်ရရှိသူများအတွက် ၃၀-၉-၂၀၁၇ရက်တွင် (၃၅) နှစ်ထက် မကျော်စေရ။ ခန့်ထားခြင်းခံရပါက တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ရေးအတွက်ခွင့်ချက်ဖြင့်စဉ်းစားပေးမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(စ) ကွန်ပျူတာ အခြေခံတတ်ကျွမ်းရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ဖော်ပြ၍ကိုယ်တိုင်လက်မှတ်ရေးထိုးလျှောက်ထားရမည်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
(ခ) မွေးနေ့သက္ကရာဇ်(အသက်)၊
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ၊
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊
(င) အိမ်ထောင်ရှိ/မရှိ၊အိမ်ထောင်ရှိလျှင်ဇနီး/ခင်ပွန်း၏ အမည်၊နိုင်ငံသားစိစစ်ရေး ကတ်ပြား အမှတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာဖော်ပြရန်၊
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊
(ဆ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊
(ဇ) အမြဲတမ်းနေရပ်လိပ်စာ။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပူးတွဲပါရှိရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့ဓာတ်ပုံနှစ်ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)၊
(ခ) ဘွဲ့လက်မှတ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၏ ထောက်ခံချက်မိတ္တူ၊
(ဂ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ၊
(ဃ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(င) တစ်လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်မူရင်း၊
(စ) အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်းကတိပြုဝန်ခံချက်၊
(ဆ) တစ်လအတွင်းပြုလုပ်ထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်၊

၄။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ပြည်ထောင်စုလွှတ်တော်ရုံး၊ရုံးအမှတ်(၂၀) နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍ သော်လည်းကောင်း ၁၅-၉-၂၀၁၇ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။
၅။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။
၆။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ပြည်ထောင်စုလွှတ်တော် Website တွင် ၁၉-၉-၂၀၁၇ရက် (အင်္ဂါနေ့)မှစ၍ ကြေညာမည်။
၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို၂၂-၉-၂၀၁၇ရက်(သောကြာနေ့)မှစ၍ ရုံးအမှတ်(၂၀)နေပြည်တော်၌ ရုံးချိန်အတွင်းထုတ်ပေးမည်။
၈။ အရည်အချင်းစစ်မေးပွဲတွင် မြန်မာစာ၊အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ၂၃-၉-၂၀၁၇ရက်(စနေနေ့) နံနက် ၉ နာရီမှ ၁၂နာရီအထိ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်၌ ဖြေဆိုရမည်။
၉။ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများအား လူတွေ့နှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းကို ၂၇-၉-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ဆောင်ရွက်မည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ် ၃ ပါ စာရွက်စာတမ်းမူရင်းများတင်ပြရမည်။
၁၀။ အသေးစိတ်သိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး ဖုန်း- ၀၆၇-၃၉၀၁၁၈၉နှင့် ၀၆၇-၃၉၀၁၂၉၄ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပြီး ပြည်ထောင်စုလွှတ်တော် website; www.myanmarparliament.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



### အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ (၆)ကွက်၊ ခဲလယ်လမ်း၊ အမှတ် ၁၅၁နေ ဒေါ်မူမူ ၉/မမန(နိုင်)၀၁၇၁၂၉ (ဘ) ဦးအွတ်စမန်းနှင့် ဂရန်စာချုပ်အမှတ် (၇၈/၁၉၈၅-၁၉၈၆)နှင့် ဂရန်စာချုပ်အမှတ် (၁၅၅၄/၁၉၉၃-၁၉၉၄)တွင်ပါ ဒေါ်ခင်ခင်ထွေး တို့မှာတစ်ဦးတည်း ဖြစ်ပါကြောင်း၊ ကျွန်မအားလူအများမှ ဒေါ်မူမူ(ခ)ဒေါ်ခင်ခင်ထွေးအဖြစ် ခေါ်ဆိုကြပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မူမူ(ခ)ဒေါ်ခင်ခင်ထွေး**
**အမှတ်(၁၅၁)၊ ခဲလယ်လမ်း၊**
**(၆)ကွက်၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်**



### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇန(၆)လမ်း၊ အမှတ်(၆၈၈)တွင်နေထိုင်သူ ဦးထွန်းထွန်းအောင်၊ ဒေါ်မြတ်လေး တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာပါသည်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် (၁၁၈၃/ဘီ) နေအိမ်နှင့် ယင်းအိမ်တည်ရှိရာ ပေ(၁၀×၄၄)ရှိ မြေကွက်ကို ဖခင်ကြီးဦးလှထွန်း(ခ) ဦးလှထွေးက မူလပိုင်ရှင် ဦးမောင်နီထံမှ ၂၂-၆-၁၉၇၄ ရက်တွင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုဝယ်ယူ၍ လက်ရောက်ရယူနေထိုင်ခဲ့သော မြေနှင့်အိမ်ဖြစ်ပါသည်။

တစ်ဖန်ဖခင်ကြီးဦးလှထွန်း(ခ)ဦးလှထွေးက သားဖြစ်သူ ဦးထွန်းထွန်းအောင်နှင့် ချွေးမဖြစ်သူ ဒေါ်မြတ်လေးတို့အား ငွေကျပ်(၂၅)သိန်းဖြင့် ၁၀-၃-၂၀၁၀ ရက်တွင် လက်ရောက်လွှဲပြောင်းပေး၍ ပြန်လည်ရောင်းချခဲ့ပါသည်။ ထိုရောင်းချရငွေ(၂၅)သိန်းကိုလည်း မိသားစုအညီအမျှခွဲဝေစီမံပေးခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများက မြေနှင့်အိမ်ကို လက်ရောက်ရယူပြီးသော်လည်း အသက်(၈၃)နှစ်ရှိ ဖခင်ကြီးကို ယနေ့တိုင် ဆက်လက်နေထိုင်စေ၍ ကျွေးမွေးစောင့်ရှောက်ထားခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေနှင့်အိမ်မှာ ဦးထွန်းထွန်းအောင်၊ ဒေါ်မြတ်လေးတို့ လက်ရှိပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်၍ မည်သူတစ်ဦး တစ်ယောက်ကမျှ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်မရှိပါ။ အသက်(၈၃) နှစ်ရှိပြီး နာမကျန်းဖြစ်နေသည့် ဖခင်ကြီးနှင့် စာချုပ်တစ်စုံတစ်ရာချုပ်ဆိုပါကလည်း တရားဝင်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးထွန်းထွန်းအောင် ၁၂/ရကန(နိုင်)၀၀၀၅၆၂ နှင့်**
**ဒေါ်မြတ်လေး ၅/အရတ(နိုင်)၀၅၃၅၃၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးချမ်းမြေ့ဝင်း(LL.B)** | **ဒေါ်ထူးထူးမြတ်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၃၄၄၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၆)** |
| **အမှတ်(၂)၊ ဖွံ့ဖြိုးရေး(၅)လမ်း** | **အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊** |
| **အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့** | **သန်လျင်မြို့** |
| **၀၉-၄၂၀၁၂၇၇၅၈** | |



### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အမှတ်(၂)နေကျွန်တော် ဦးမြင့်သိန်း (ခ) ဦးသံချောင်း ၁၀/သထန(နိုင်)၁၀၆၉၉၇ နှင့် ဒေါ်အေးစိန်(ကွယ်လွန်) တို့၏ တတိယသမီးမဖြူဖြူခင် ၁၀/သထန(နိုင်)၁၁၃၉၉၂ အသက်(၄၂)နှစ်သည် မိဘညီအစ်ကို မောင်နှမများ၏ စကားကိုမနာခံဘဲ မိမိသဘော ဆန္ဒအလျောက် အိမ်မှထွက်သွားပါသဖြင့် ၂၉-၈-၂၀၁၇ရက်မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်သိန်း(ခ)ဦးသံချောင်း**
**သထုံမြို့၊သိမ်ကုန်းရပ်ကွက်၊အမှတ်(၂)**



### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(C)မှ မအိမေဇင်နှင့် အဋ္ဌမတန်း(B)မှ မပန်းအိဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်ဇော် ၇/လပတ(နိုင်)၀၈၀၃၂၈ ဖြစ်ပါသည်။ **ဦးတင်အောင်ဇော်**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ အထက အနောက်ကမ်းဖြူကျေးရွာ၊ တက္ကသိုလ်ဝင်တန်း (A)မှ မောင်မျိုးမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်းစိန် ၈/ဆဖန (နိုင်) ၀၁၂၁၂၆ ဖြစ်ပါကြောင်း။ **ဦးအောင်သန်းစိန်**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ အထက လက်ဆည်ကျေးရွာ တက္ကသိုလ်ဝင်တန်းမှ မချမ်းပြည့်သူ၏ ဖခင်အမည်မှန်မှာ ဦးစိန်လင်း၈/ဆဖန(နိုင်)၀၂၀၉၉၉ ဖြစ်ပါကြောင်း။ **ဦးစိန်လင်း**

### ဖခင်အမည်မှန်

တိုက်ကြီးမြို့နယ်၊ အထက(ဖလုံ)၊ တက္ကသိုလ်ဝင်တန်း(A)မှ စောအိုမူးတော၏ ဖခင်အမည်မှန်မှာ စောဝေးလေထူး ၁၂/တကန(နိုင်)၀၃၉၅၄၈ ဖြစ်ပါကြောင်း။ **စောဝေးလေထူး**

### ဖခင်အမည်မှန်

အထက(၁)ဟုမ္မလင်း၊ တက္ကသိုလ်ဝင်တန်း(B)၊ ကျောင်းဝင်အမှတ်(၁၂၂၁၇)မောင်အောင်မြတ်မင်း၏ ဖခင်အမည်မှန်မှာဦးဇော်မျိုးသန်း(ခ)ဦးချစ်ငွေ ၅/ဆလက(နိုင်)၀၅၁၇၂၉ ဖြစ်ပါကြောင်း။ **ဦးဇော်မျိုးသန်း(ခ)ဦးချစ်ငွေ**

### ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ ပေါက်ချောင်းကျေးရွာ၊ အလက(ခွဲ)၊ ဆဋ္ဌမတန်းမှ မယမင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးလှဆောင် ၇/ရတရ(နိုင်)၀၅၄၁၉၁ ဖြစ်ပါကြောင်း။ **ဦးလှဆောင်**

## မဟာကံထူးရှင်များ ထွက်ပေါ်

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၆)ကြိမ်မြောက် ကျပ် ၅၀၀ တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်-

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၀၀၀၀)**

ဏ-၁၄၅၈၄၁

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀၀)**

ကခ-၂၀၁၁၈၃ ကဈ - ၂၆၆၃၂၄

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၃၀၀၀) ဆုများ**

ခ-၁၃၄၆၉၈

ဈ-၂၄၆၅၄၉

ဋ-၃၄၄၀၆၅

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၁၀၀၀)ဆုများ**

ဋ-၄၂၈၄၁၅ ကင- ၇၈၃၄၁၉

ဘ- ၅၁၀၄၆၆ ဓ - ၉၈၉၅၃၉

ဒ - ၅၇၀၈၄၉ ဝ - ၉၉၇၆၄၇

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀)ဆုများ**

ကပ-၁၀၇၃၂၀ င-၇၃၂၃၇၇

ကခ-၃၈၈၂၃၃ သ-၇၈၇၀၄၈

ကဂ- ၄၄၃၀၂၅ ရ-၈၂၈၄၇၃

င- ၅၂၈၅၀၀ ပ-၉၃၃၇၃၂

ကဌ - ၆၇၁၇၉၉ ကက- ၉၈၁၅၃၀

**ဆုတစ်ဆုချင်းကျပ်သိန်း(၃၀၀)ဆုများ**

ကဃ-၁၂၃၈၆၃ ကပ-၆၉၉၈၉၈

ကဍ-၁၂၆၇၁၇ ကဂ-၇၄၅၅၀၂

ကဂ-၁၉၉၇၉၉ ကခ- ၈၈၇၆၁၆

တ- ၃၈၉၈၁၉ ကည- ၉၂၃၅၃၄

ဍ-၅၂၃၅၂၆ စ-၉၉၃၂၄၈

ဈ- ၆၃၃၃၂၆

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုများ**

ဓ-၁၀၁၈၆၇ ခ-၆၈၁၈၂၀

ဈ- ၂၀၅၅၁၅ စ-၇၆၆၄၃၀

မ- ၂၅၄၉၅၀ တ- ၇၉၃၇၂၂

ကင-၄၆၉၀၈၆ ဟ-၈၉၅၁၆၂

ကဇ- ၅၂၉၄၆၉ ဏ-၉၂၈၃၄၅

လ- ၆၅၈၂၈၈

## လောင်းရှည်ဒေသတွင် ဘောလုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ဆော စက်တင်ဘာ ၁**



ဂန့်ဂေါခရိုင် ဆောမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး ကျင်းပသည့် လောင်းရှည်ဒေသ အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖလား ရပ်ကွက်၊ ကျေးရွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို လောင်းရှည်အားကစားကွင်း၌ ဩဂုတ် ၃၀ ရက် ညနေပိုင်းက ဆွဲလွဲကျင်းကျေးရွာအသင်းနှင့် လောင်းရှည်ဈေးတန်းရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆွဲလွဲကျင်းကျေးရွာအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ ဂန့်ဂေါခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုဖလားနှင့် ပထမ ၊ ဒုတိယ၊ တတိယဆုများ၊ အကောင်းဆုံး ဘောလုံးအသင်းဆုနှင့် နေရာအလိုက် အကောင်းဆုံးဆုများကို ချီးမြှင့်ကြပြီး ပြိုင်ပွဲသို့ လောင်းရှည်ဒေသရှိ ကျေးရွာများမှ ဘောလုံးအသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေ၀က်ခန့် ဆက်လက်မြင့်တက်လာနိုင်ကာယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့်နှင့် သာပေါင်းမြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့်နှင့် သာပေါင်းမြို့တွင် ပေ၀က်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍စစ်တောင်းမြစ်ရှိ မဒေါက်မြို့၊ ဝေါန်မြစ်ရှိ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ပီအက်စ်ဂျီအသင်းက အမြဲတမ်းဝယ်ယူခွင့်နှင့်အတူ တစ်ရာသီအငှားဖြင့် ခေါ်ယူလိုက်သော လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီသည် ဩဂုတ် ၃၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် နယ်သာလန်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိသောပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ၁၉၆၃ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ပြင်သစ်အသင်း၏ အသက်အငယ်ဆုံး ဂိုးသွင်းယူသူအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သတင်းများအရ သိရသည်။ ယခင် ပြင်သစ်အသင်းအတွက် အသက်အငယ်ဆုံးဂိုးသွင်းယူသူအဖြစ် မှတ်တမ်းတင်ခဲ့သူမှာ ၁၈ နှစ်နှင့် ငါးလရှိသော ဂျော့စ်လက်ချ်ဖြစ်သည်။ ၎င်းမှတ်တမ်းတင်ခဲ့ပြီး ၅၄ နှစ်နီးပါးအကြာတွင် ၁၈ နှစ်နှင့် ရှစ်လသာရှိသေးသော အမ်ဘတ်ပီက ထိုကဲ့သို့ မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။
- တော့တင်ဟမ်အသင်းသည် ဆွမ်ဆီးအသင်းမှ ဖာနန်ဒို လော်ရန်တီကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။ လော်ရန်တီသည် ပိုချက်တီနို၏ တော့တင်ဟမ်အသင်းနှင့် ၂၀၁၉ ခုနှစ်ထိရှိသော စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်းလည်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် စီးရီးအေကလပ် တိုရီနိုအသင်းမှ ဇဟိုခံစစ်ကစားသမား ဇက်ပါ ကော်စတာကို အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။ ဇက်ပါကော်စတာသည် ချန်ပီယံအသင်းနှင့် လေးနှစ်ချုပ်ဆိုခဲ့တာဖြစ်ပြီး ၎င်း၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။
- လက်စတာစီးတီးအသင်းသည် ဂျာမန်ကလပ် လေဗာကူဆင်အသင်းမှ ဩစတြီးယားလက်ရွေးစင်ကစားသမားဖြစ်သော အလက်ဇန္ဒြား ဒရာဂိုဗစ်ကို အငှားဖြင့် ခေါ်ယူပြီးနောက် ၎င်းတို့၏ ခံစစ်ပိုင်းကို အားဖြည့်လိုက်ကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် လက်စတာစီးတီး ကွင်းလယ်ကစားသမား ဒန်နီဒရင့်ဝါးတားကို အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော အသက် ၂၇ နှစ်အရွယ် ဒရင့်ဝါးတားသည် ၂၀၁၂ခုနှစ်တွင် မန်ယူအသင်းမှ လက်စတာစီးတီးအသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၁၈ ပွဲ ကစားပေးထားကာ ၁၄ ဂိုးသွင်းယူပေးထားနိုင်ခဲ့သည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းသည် လီဗာပူးအသင်းမှ ဇဟိုခံစစ်ကစားသမား ဆာခိုကို ပေါင် ၂၆ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။
- ဆွမ်ဆီးစီးတီးအသင်းသည် ဘိုင်ယန်အသင်းမှ ရီနာတိုဆန်းချက်ဇ်ကို တစ်ရာသီအငှားဖြင့် ခေါ်ယူလိုက်ပြီး မန်စီးတီးအသင်းမှ ဝီလ်ဖရိုက်ဘိုနီကိုလည်း ပြန်လည်ခေါ်ယူလိုက်ကြောင်း သိရသည်။

**ဇော်ဇော်**








### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/2027, Hino 81 NO Truck TRACTOR HEAD ယာဉ် လက်ဝယ်ရှိသူ ဦးတိုးလွင် ၉/ပမန(နိုင်)၀၅၆၁၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၈၇၀၈၂ ယာဉ်မှတ်ပုံတင်အမည်ပေါက်သူ ဦးမှုံကြီး ၁၄/ညတန(နိုင်)၀၇၃၆၄၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

### အများသိစေရန်ကြေညာခြင်း

တောင်ငူမြို့၊ ရွှေပြည်တော်မုန့်ဆိုင်မှ ကိတ်မုန့်မှိုတက်နေသည်ဟု ၂၂-၈-၂၀၁၇ ရက်တွင် Facebook အကောင့်ပိုင်ရှင် Moesat (ခ) ရဲငြိမ်းသူ ၇/တငန(နိုင်)၁၈၀၃၂၆မှ မှားယွင်းစွာပိုစ့်တင်မိခြင်းအတွက် ရွှေပြည်တော်မုန့်ဆိုင်မှ မိသားစုအားလုံးကို ခွင့်လွှတ်ပေးပါရန် တောင်းပန်ခြင်းအား အများသိစေရန် ကြေညာအပ်ပါသည်။

### အကျိုးတူပူးပေါင်းလုပ်ကိုင်ရန်ဖိတ်ခေါ်ခြင်း

အင်းလျားမြိုင်လမ်း(ရွှေတောင်ကြား)ရှိ မြေ (6000 sqft) ခန့်တွင် **Office** (သို့) **Residence units** လုပ်ငန်းများ ဆောက်လုပ်လုပ်ကိုင်လိုသူများ အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ် စုံစမ်းနိုင်ပါသည်။

စုံစမ်းရန်။ ။ ၀၉-၄၂၁၁၄၉၉၀၂၊ ၀၉-၈၅၁၀၅၈၉၊ ၀၉-၂၅၂၂၇၃၀၂၂၊ ၀၉-၄၂၀၂၆၁၀၈

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/8208 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

### မိခင်အမည်မှန်

ပုသိမ်မြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဖွဲ့ မာန်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်သက်မာ ၁၄/ပသန(နိုင်) ၁၈၀၆၂၉ ဖြစ်ပါကြောင်း။

**ဒေါ်ခင်သက်မာ**

**ဥတုရာသီ တောကိုမှီ**

### မိဘအမည်မှန်

ရပ်စောက်မြို့နယ်၊အထက(ရတနာပုံ)၊ စတုတ္ထတန်းမှ မဇင်မာ၏ မိဘအမည်မှန်မှာ ဦးတင်မောင် ၁၃/ရစန(နိုင်) ၀၅၉၀၈၃နှင့် ဒေါ်မိငယ် ၁၃/ရစန(နိုင်) ၀၅၉၀၉၂ ဖြစ်ပါကြောင်း။

**ဦးတင်မောင်-ဒေါ်မိငယ်**

(LL.B)မှ ငှ်ဆက်သွယ်ပါ (ပိတ်ရက်မရှိ)
01-394727, 01-399426, 09-73009994
09-5152521 တိုက်၊(၉၄)၊မွန်လေး၊လမ်း၊
ပထပ်၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁၀)၊ သတ္တမတန်း(က)မှ နန်းသန်းသန်းဦး၏ဖခင်အမည်မှန်မှာ ခွန်မောင်မှတ် ၁၃/ပလန(နိုင်)၁၀၉၈၇၀ ဖြစ်ပါကြောင်း။ **ခွန်မောင်မှတ်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းကိုင်မြို့၊ ၂၀၁၇-၂၀၁၈ပညာသင်နှစ်၊ အထက၊ သတ္တမတန်း(ခ)မှ မမေသဥ္ဇာနင်းနှင့်ပဥ္စမတန်း(ခ)မှ မသန္တာလင်းတို့၏ဖခင် ဦးယန်ဆင်းမင်းနှင့်ဦးကျော်လှထွန်း ၁၃/မကန(နိုင်)၀၂၃၂၂၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်းတယမြို့၊ အထက မိုင်းအင်ကျောင်း၊ ကျောင်းဝင်အမှတ် ၂၉၇၈/၂၀၁၄မှ မခိုင်သင်းကြည်(ခ)မခင်သိန်းကြည်သည်လည်းကောင်း၊ ကျောင်းဝင်အမှတ် ၃၃၁၄/၂၀၁၆မှ မမိုးမိုးသိမ့်(ခ) မမိုးမိုးသိန်းသည်လည်းကောင်း ၎င်းတို့နှစ်ဦး၏ ဖခင်ဦးချစ်သင်း(ခ)ဦးချစ်မင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကိုရီးယားကျွန်းဆွယ်အရေး နိုင်ငံရေးနည်းဖြင့် အဖြေရှာသင့်ကြောင်း ပူတင်ပြော




**မော်စကို စက်တင်ဘာ ၁**

ကိုရီးယားကျွန်းဆွယ်အရေးအဖြေရှာရာတွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာသင့်ကြောင်း၊ ဖိအားပေးမှုများပြုလုပ်ခြင်းဖြင့် မဖြေရှင်းသင့်ကြောင်း ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်က စက်တင်ဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် ဖိအားပေးဆောင်ရွက်ခြင်းဖြင့် ဒုံးကျည်စီမံကိန်းများကို ရပ်တန့်အောင်ဆောင်ရွက်ခြင်းသည် မှားယွင်းနေသည်ကို လက်ရှိအချိန်တွင် ထင်ထင်ရှားရှားတွေ့မြင်နိုင်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံအသီးသီးက ဆွေးနွေးမှုကို ထူထောင်ရမည်ဖြစ်ကြောင်း၊ အပြန်အလှန်ရန်မပြုခြင်း၊ အပြန်အလှန်ဖိအားမပေးခြင်း၊ အပြန်အလှန်လက်နက်ဖြင့် မခြိမ်းခြောက်ခြင်းနှင့် အပြန်အလှန်ရန်ပြုပြောကြားမှုမရှိခြင်းတို့ဖြင့် ချဉ်းကပ်သင့်ကြောင်း ပူတင်က ပြောကြားခဲ့သည်။

ကိုရီးယားအရေးကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ယမန်နေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဩဂုတ် ၂၉ ရက်တွင် တာဝေးပစ်ဒုံးကျည်တစ်စင်းကို ပစ်လွှတ်ခဲ့ပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အဆိုပါကိစ္စအပေါ် ပြင်းထန်စွာရှုတ်ချကြောင်းနှင့် သတ်မှတ်ချက်များကို တင်းကျပ်စွာ လိုက်နာရမည်ဖြစ်ကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ **(ဆင်ဟွာ)**

## ဟာဗေးမုန်တိုင်းဝင်ရောက်ပြီးတစ်ပတ်အကြာတွင် နေအိမ်မှစွန့်ခွာသူ တစ်သန်းကျော်ရှိလာ

**ဝါရှင်တန် ဩဂုတ် ၁**

တက္ကဆက်ပြည်နယ်၌ ဟာရီကိန်းမုန်တိုင်း ဟာဗေးဝင်ရောက်ခဲ့ပြီး တစ်ပတ်အကြာတွင် ကုန်းမြေအများစုတို့သည် ရေအောက်တွင်နစ်မြုပ်လျက်ရှိပြီး အိုးအိမ်စွန့်ခွာထွက်ပြေးရသူ တစ်သန်းကျော်ခန့် ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

မုန်တိုင်းကြောင့် သေဆုံးရသူ ၄၄ ဦးရှိပြီး မြစ်ရေအမှတ်သည် စံချိန်တင်အမြင့်ဆုံးသို့ရောက်ရှိခဲ့ကာ လူပေါင်း ၁၂၀၀၀ ခန့်ရှိသည့် တက္ကဆက်ပြည်နယ်ဘီရူမွန့်တ်၌ သောက်သုံးရေထောက်ပံ့ရန် လိုအပ်လာခဲ့သည်။

အာကီမာ အက်စ်အေကုမ္ပဏီနှင့် ပြည်သူ့ကျန်းမာရေးအာဏာပိုင်များသည် ကုမ္ပဏီကပိုင်ဆိုင်သည့် ဓာတုစက်ရုံ၌ ပေါက်ကွဲမှုများနှင့် မီးလောင်မှုများပိုမိုဖြစ်ပွားလာနိုင်သည့်အတွက် သတိပေးနှိုးဆော်မှုများပြုလုပ်ထားကြောင်း သိရသည်။ ပြီးခဲ့သည့် ကြာသပတေးနေ့က ဟူစတန်အရှေ့ဘက် ၂၅မိုင်အကွာ၌ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။ **(ရိုက်တာ)**

## ရွေးကောက်ပွဲရလဒ်များ အကျုံးမဝင်သည့်အတွက် မဲထပ်မံပေးရန် ကင်ညာတရားရုံးချုပ်ကြေညာ

**ဝါရှင်တန် စက်တင်ဘာ ၁**



ကင်ညာသမ္မတ အူဟူရူကင်ရတ်တာ၏ ရွေးကောက်ပွဲသည် ရွေးကောက်ပွဲဘုတ်အဖွဲ့က မသမာမှုများ ပြုလုပ်ခဲ့သည့်အတွက် တရားမဝင်တော့ကြောင်း ကင်ညာတရားရုံးချုပ်က ပြောကြားခဲ့ပြီး လာမည့်ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲအသစ် ထပ်မံပြုလုပ်သွားရန် တရားရုံးက သောကြာနေ့က ကြေညာခဲ့ကြောင်း သိရသည်။

ကင်ညာသမိုင်းကြောင်းတွင် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ရန် ဆုံးဖြတ်မှုသည် ကင်ညာသမ္မတကင်ရတ်တာနှင့် အတိုက်အခံခေါင်းဆောင် ရိုင်လာအို ဒင်ဂါတို့အကြား သမ္မတနေရာရရှိရေးအတွက် ယှဉ်ပြိုင်ပွဲအသစ်တစ်ခုကို ထပ်မံပေါ်ပေါက်လာစေခဲ့သည်။

အရှေ့အာဖရိက၏ စီးပွားရေးအကြီးဆုံးဖြစ်သည့် ကင်ညာနိုင်ငံသည် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြစ်ပွားသည့် သမိုင်းကြောင်းတစ်ခုရှိခဲ့သည်။ ၂၀၀၇ ရွေးကောက်ပွဲတွင် အိုဒင်ဂါသည် ရွေးကောက်ပွဲရှုံးနိမ့်သူအဖြစ် ကြေညာခံခဲ့ရပြီးနောက် လူမျိုးရေးဆိုင်ရာ သွေးထွက်သံယိုမှုများ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၂၀၀ ကျော် သေဆုံးခဲ့ရသည်။

တရားသူကြီးချောက်ဦး၏ထောက်ခံမှုဖြင့် သမ္မတကင်ရတ်တာ၏ အနိုင်ရရှိမှုသည် တရားမဝင်ကြောင်းနှင့် အဆိုပါရလဒ်များကို ပယ်ဖျက်လိုက်ကြောင်း တရားသူကြီးဒေးဗစ်မာရန်ဂါက ကြေညာခဲ့ကြောင်း သိရသည်။
**(ရိုက်တာ)**

## ဂျပန်နိုင်ငံ၌ ဒီမိုကရက်တစ်ပါတီ၏ခေါင်းဆောင်သစ် မယ်ဟီရာဖြစ်လာ

**တိုကျို ဩဂုတ် ၁**

ဂျပန်နိုင်ငံ၏ အကြီးဆုံးအတိုက်အခံပါတီသည် ခေါင်းဆောင်သစ်ရွေးချယ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဆီဂျီမယ်ဟီရာသည် သောကြာနေ့က ပြုလုပ်သည့် ဒီမိုကရက်တစ်ပါတီ၏ခေါင်းဆောင်ရွေးချယ်ပွဲကို အနိုင်ရရှိခဲ့သည်။

မယ်ဟီရာသည် ပါတီကိုထောက်ခံကြသူများ၊ ဒေသတွင်းနှင့်ဥပဒေပြုသူများနှင့်လာမည့် ပြည်လုံးကျွတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများထံမှ ခိုင်လုံသည့်မဲအရေအတွက်ဖြစ်သည့် မဲ ၅၀၂ မဲကို ရရှိပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ မယ်ဟီရာသည် မဲအရေအတွက် ၃၃၂ မဲဖြင့် အနိုင်ရရှိခဲ့ဖူးသည့် ဝန်ကြီး များအဖွဲ့အကြီးအကဲဟောင်း ယူကီရိုအီဒါနိုနှင့်ယှဉ်ပြိုင်ခဲ့သည်။




ပါတီခေါင်းဆောင်အဖြစ် ဆောင်ရွက်ရန်အဆိုပြုချက်ကို လက်ခံကြိုဆိုသည့် မိန့်ခွန်းပြောကြားမှုတွင် မယ်ဟီရာသည် ၎င်း၏ပါတီကို အပြောင်းအလဲတစ်ခုဖြစ်လာအောင် လုပ်ဆောင်ရန် အလေးပေးပြောကြားခဲ့သည်။

ဒီမိုကရက်တစ်ပါတီသည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ လတ်တလောထောက်ခံမဲများကျဆင်းလာမှုကို အခွင့်ကောင်းယူကာ ပါတီကိုအသစ်တစ်ဖန်ပြန်လည်စတင်ရန် ကြိုးစားလျက်ရှိသည်။

လာမည့်နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အောက်လွှတ်တော်ရွေးကောက်ပွဲမတိုင်မီ အခြားသော အတိုက်အခံပါတီများနှင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်သွားမည်ကို ဒီမိုကရက်တစ်ပါတီက စဉ်းစားရန်လိုအပ်နေချိန်လည်းဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

## ပါကစ္စတန် ကရာချိ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုး၊ လူပေါင်း ၁၂ ဦးထက်မနည်းသေဆုံး

**ကရာချိ စက်တင်ဘာ ၁**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဆိပ်ကမ်းမြို့တစ်ခုဖြစ်သည့် ကရာချိမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားရာ လူ ၁၂ ဦးထက်မနည်းသေဆုံးခဲ့ပြီး အများအပြားထိခိုက် ဒဏ်ရာရခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာများက စက်တင်ဘာ ၁ ရက်နေ့တွင် ဖော်ပြခဲ့သည်။

ဩဂုတ် ၃၀ ရက် ညနေပိုင်းကတည်းက အပြင်းအထန်ရွာသွန်းခဲ့သောမိုးကြောင့် ပါကစ္စတန်အရှေ့တောင်ပိုင်း ဆင်းဂ်ပြည်နယ်တစ်ခုလုံး၌ ရေလွှမ်းမိုးမှုဒုက္ခများကို ခံစားခဲ့ရကြောင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၃၁ ရက်နေ့ကို ကျောင်းပိတ်ရက်အဖြစ် ကြေညာခဲ့ရကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပါ အပြင်းအထန် တိုက်ခတ်ခဲ့ရာ ဆင်းဂ်ပြည်နယ်ရှိ ဟိုက်ဒရာဘတ်၊ ကရာချိနှင့်မာပါခါးစ်ဒေသများတွင် ပျက်စီးမှုများ အများအပြားဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမိုးကြောင့် ကျေးလက်ဒေသများ၌ ရေကြီးမှုများဖြစ်ပွားခဲ့ကာ ကရာချိအပါအဝင် ဆင်းဂ်ပြည်နယ်တစ်ခုလုံးမီးများပြတ်တောက်ခဲ့ကြောင်း၊ ထို့အပြင် လမ်းများပေါ်လည်း ရေလွှမ်းမိုးခဲ့ပြီး မြေအောက်လမ်းကူးများတွင်ပါ ရေများဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

သေဆုံးသူအများစုမှာ ရေကြီးမှုကြောင့် လျှပ်စစ်ရှော့ခ်ဖြစ်ကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းဖြစ်ရပ်ကြောင့် ကျောင်းများလည်းပိတ်ထားပြီး ရုံးသူရုံးသားများမှာလည်း သွားရေးလာရေးခက်ခဲလျက်ရှိကြောင်း သိရသည်။

ကရာချိလျှပ်စစ်ထောက်ပံ့ရေးကုမ္ပဏီက လျှပ်စစ်သုံးစွဲသူအတော်များများ မိုးကြီး၍လေထန်မှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရကြောင်း ပြောခဲ့သည်။

လာမည့်ရက်များတွင်လည်း ပါကစ္စတန်တောင်ပိုင်းနှင့် မြောက်ပိုင်းတွင် မိုးသက်လေပြင်းများကျရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။

ဩဂုတ်လအစောပိုင်းကလည်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ကရာချိမြို့၌ လူ ၂၅ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**



## နိုင်ငံတကာ သတင်းတိုထွာ

### ဖနောင်ပင်ရှိ အထည်ချုပ်စက်ရုံမှ အလုပ်သမား ၁၃၇ ဦး ရုတ်တရက် သတိလစ်

**ဖနောင်ပင် စက်တင်ဘာ ၁**

ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနောင်ပင်ရှိ အထည်ချုပ်စက်ရုံတစ်ရုံ၌ အလုပ်လုပ်နေသော မိန်းကလေးအလုပ်သမား ၁၃၇ ဦး အားအင်ကုန်ခန်းခြေကုန်လက်ပမ်းကျပြီး ရုတ်တရက် သတိလစ်ခဲ့ကြောင်း ပြည်နယ်ရဲအရာရှိတစ်ဦးက ဩဂုတ် ၃၁ ရက်က ပြောခဲ့သည်။ ဘယ်ရီအပါရယ်(ကမ္ဘောဒီးယား) အထည်ချုပ်စက်ရုံမှ အလုပ်သမား ၇၃ ဦးတို့သည် ဩဂုတ် ၃၀ ရက်က သတိလစ်ခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် နောက်ထပ် အလုပ်သမား ၆၄ ဦး ထပ်မံသတိလစ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

နေမကောင်းသည့် အလုပ်သမားများကို ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့သည်။ မည်သူမျှ အသက်အန္တရာယ် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။ အလုပ်သမားများကို လာမည့်စက်တင်ဘာ ၄ ရက်နေ့အထိ အနားယူခွင့်ပြုထားကြောင်း သိရသည်။ စက်ရုံကို စစ်ဆေးကြည့်သော်လည်း မည်သည့်ချို့ယွင်းမှုမျှ မတွေ့ရကြောင်း ဖြစ်နိုင်သည်မှာ အလုပ်သမားများသည် အာဟာရပြည့်ဝသည့် အစားအစာများကို လုံလောက်စွာ မစားဘဲ ခြိုးခြံချွေတာလွန်းခြင်းကြောင့် ထိုသို့ ဖြစ်နိုင်ကြောင်း အဆိုပါတာဝန်ရှိသူက ဆင်ဟွာသို့ ပြောခဲ့သည်။ **(ဆင်ဟွာ)**

### အမေရိကန်၌ ဟာရီကိန်းမုန်တိုင်း ဟာဗေးကြောင့် ဓာတ်ဆီဈေးများ မြင့်တက်

**ဝါရှင်တန် စက်တင်ဘာ ၁**

အမေရိကန်တွင် ရေနံဈေးမှာ အကျဘက်သို့ ဦးတည်နေသော်လည်း စက်သုံးဆီဈေးမှာ မြင့်တက်လာနေကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ ဟာရီကိန်းမုန်တိုင်း ဟာဗေးကြောင့် အမေရိကန် ရေနံသန့်စင်စက်ရုံပေါင်း ၂၀ ကျော် ရုတ်တရက် ပိတ်လိုက်ရခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ ယခုအခါတွင် ဟာရီကိန်းမုန်တိုင်း ဟာဗေးသည် ဟူစတန်ကို ဖျက်ဆီးခဲ့ရုံမျှမက အမေရိကန်နိုင်ငံ၏အဓိက ရေနံချက်စက်ရုံအများအပြား တည်ရှိရာနေရာများကိုလည်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

### အိန္ဒိယနိုင်ငံ ဆေးရုံတစ်ရုံ၌ ကလေးငယ် ၄၂ ဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁**

အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရှိ ပုဂ္ဂလိကပိုင် ဘီအာရ်ဒီ ဆေးရုံတစ်ရုံ၌ လွန်ခဲ့သည့် ၄၈နာရီအတွင်းကလေးငယ်ပေါင်း ၄၂ ဦးသေဆုံးခဲ့ကြောင်း အိန္ဒိယနိုင်ငံ သတင်းမီဒီယာများတွင် ဖော်ပြသည်။ အဆိုပါဆေးရုံ၏ဆေးရုံအုပ်က သေဆုံးခဲ့သည့်ကလေးများ အနက် ခုနစ်ဦးမှာ ရုတ်တရက်ဦးနှောက်ရောင်ရောဂါဖြစ်ပွားခဲ့ကြောင်း၊ ကျန်ကလေးများက မည်သည့်အတွက် သေဆုံးခဲ့ရသည်ဆိုသည်ကို အတည်ပြုနေဆဲဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ရွှေ့ပြောင်းဒုက္ခသည်များအရေး ရတက်မအေးရတဲ့ ဥရောပနိုင်ငံများ

**ချူးစန္ဒီနွေး**

မကြာခင်အချိန်အတွင်းမှာ ဩစတြီးယားနဲ့ ဂျာမနီတို့မှာ ရွေးကောက်ပွဲတွေ ကျင်းပတော့မယ်။ အလားတူပါပဲ အီတလီမှာလည်း နောက်ခြောက်လအတွင်း ရွေးကောက်ပွဲတွေ ပြုလုပ်တော့မယ်။ အဲဒီတော့ ဥရောပခေါင်းဆောင်တွေအတွက် အရေးကြီးတဲ့ အချိန်ကို ရောက်လာပြီ။ သူတို့ရဲ့ ပြည်သူတွေဟာလည်း ဒုက္ခသည်တွေ အလုံးအရင်းနဲ့ ဝင်ရောက်လာတာကို မကြိုက်ကြပါဘူး

မြေထဲပင်လယ်ကို ကျော်ဖြတ်ပြီး ဥရောပကို ဝင်ရောက်ဖို့ကြိုးစားတဲ့ အာဖရိကက ဒုက္ခသည်တွေ တစ်နှစ်ထက်တစ်နှစ် နည်းသွားတယ်လို့ မရှိပါဘူး။ ရာသီဥတုဆိုးရွားမှုကြောင့်ရောသည်တွေကို လှေငယ်အတွင်းမှာ အစုလိုက် အပြုံလိုက် တင်ဆောင်လာတာတွေ ပြုလုပ်ပါတယ်။ အဲဒီလှေတွေကပဲ မှောက်တာတွေ၊ နစ်မြုပ်တာတွေနဲ့ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပါတယ်။

၂၀၁၆ ခုနှစ်က ဥရောပသမဂ္ဂနဲ့ တူရကီဟာ သဘောတူစာချုပ်ချုပ်ဆိုခဲ့ဖူးပါတယ်။ အဲဒါကတော့ မြေထဲပင်လယ်ကို ဖြတ်ကျော်ပြီး ဥရောပဆီလာမယ့်ဒုက္ခသည်တွေကို တူရကီမှာပဲ



အသက်ကယ်အင်္ကျီမပါ ရော်ဘာလှေနဲ့ပဲ ဖြတ်ကူးရတာကြောင့်ပါ မြေထဲပင်လယ်ထဲမှာ ဆုံးရှုံးသွားရတဲ့ အသက်တွေဟာလည်း မနည်းပါဘူး။ တရားမဝင် ခိုးဝင်လာတဲ့ ဒုက္ခသည်တွေကြောင့် ဥရောပနိုင်ငံတွေမှာလည်း ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်ရပါတယ်။

ဒါတွေကို ဖြေရှင်းဖို့ ဥရောပနိုင်ငံတွေက ခေါင်းဆောင်တွေ နည်းလမ်းအမျိုးမျိုး ကြံဆခဲ့ကြပါတယ်။ အခုလည်း ဥရောပက ခေါင်းဆောင်အချို့ဟာ အာဖရိကသုံးနိုင်ငံက ခေါင်းဆောင်တွေနဲ့ ပဲရစ်မှာတွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်ကတော့ မြေထဲပင်လယ်ကို ဖြတ်ကျော်လာတဲ့ ဒုက္ခသည်တွေကို တားဆီးနိုင်ဖို့ပါ။ ချဒ်၊ နိုင်ဂျာနဲ့ လစ်ဗျားက ခေါင်းဆောင်တွေအပါအဝင် ဥရောပက ပြင်သစ်၊ ဂျာမနီ၊ အီတလီနဲ့ စပိန်နိုင်ငံတို့က ခေါင်းဆောင်တွေ ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။

ချဒ်နဲ့ နိုင်ဂျာနိုင်ငံတို့ဟာ ဆင်းရဲမွဲတေမှုနှင့် စစ်ကြောင့် ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေအတွက် လမ်းကြောင်း တစ်ခုဖြစ်ပြီး လစ်ဗျားနိုင်ငံကတော့ မြေထဲပင်လယ်ကိုဖြတ်ဖို့ ထွက်ခွာရာဆုံမှတ်ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် လူမှောင်ခိုသမားတွေနဲ့ လူကုန်ကူးသမားတွေ ခြေချင်းလိမ်တဲ့နေရာလည်းဖြစ်တယ်။

ဥရောပကို ဝင်ရောက်ဖို့ မြေထဲပင်လယ်ကို ဖြတ်ကျော်တဲ့အခါ ဒုက္ခသည်တွေကို လှေငယ်အတွင်းမှာ အစုနှစ်အတွင်းမှာပဲ ရွှေ့ပြောင်း ဒုက္ခသည် ၂၄၀၀ ကျော်ဟာ မြေထဲပင်လယ်ကို ဖြတ်ကျော်ရင်း အသက်ဆုံးရှုံးခဲ့ရပါတယ်။

အခုဆွေးနွေးပွဲမှာ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေကတော့ အလုပ်အကိုင်တွေ ဖွံ့ဖြိုးတိုးတက်လာဖို့ ဥရောပဘဏ္ဍာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေ၊ နိုင်ဂျာနဲ့ ချဒ်တို့ရဲ့ နယ်စပ်ထိန်းချုပ်ရေးမှာ အားပေးကူညီဖို့နဲ့ လစ်ဗျားမှာရောက်ရှိနေတဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ ပေးနိုင်ဖို့၊ ဥရောပသမဂ္ဂရဲ့ ရန်ပုံငွေကိစ္စနဲ့ ဒုက္ခသည်တွေ နိုင်ဂျာနဲ့ ချဒ်ကိုရောက်တဲ့အခါ အကြိုစစ်ဆေးမှုတွေခံယူဖို့ ကိစ္စတွေပဲ ဖြစ်ပါတယ်။ အဓိက ရည်မှန်းချက်ကတော့ ဥရောပကိုသွားမယ်ဆိုတဲ့ ဒုက္ခသည်တွေရဲ့ရည်မှန်းချက် လက်လျှော့သွားအောင်လုပ်ဖို့ပါပဲ။

ဥရောပခေါင်းဆောင်တွေ ထပ်ခါထပ်ခါပြောနေတာကတော့ ဒီလိုမျိုး စစ်ဆေးမှုတွေ ပြုလုပ်နေရတာဟာ လူမှောင်ခိုသမားတွေရဲ့ ခေါင်းပုံဖြတ်မှုကို ရွှေ့ပြောင်းဒုက္ခသည်တွေ ခံစားရမှာစိုးလို့ပါ။ တရားမဝင်ရွှေ့ပြောင်းသွားလာမှုတွေကိုရပ်တန့်ပစ်နိုင်ဖို့ အဘက်ဘက်က ကြိုးစားနေပါတယ်။ ဒါပေမယ့်လည်း လက်တွေ့အကောင်အထည်ဖော်ဖို့ကတော့ ခဲယဉ်းနေဆဲပါ။ အခုပြုလုပ်တဲ့ ဒုက္ခသည်တွေကို တားဆီးနိုင်ဖို့ အစီအစဉ်မျိုးကို ၂၀၁၆ ခုနှစ်တုန်းကလည်း ဥရောပသမဂ္ဂက လုပ်ဖူးပါတယ်။

ဒုက္ခသည်စခန်းတွေ ဆောက်ပြီးထားရှိဖို့ အဲဒီအတွက် ဥရောပသမဂ္ဂကနေ တူရကီကို ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံ ပေးဖို့ သဘောတူထားပါတယ်။ ဒီအစီအစဉ်ဟာလည်း မအောင်မြင်ခဲ့ပါဘူး။ ဒုက္ခသည်တွေဟာ တူရကီကနေတစ်ဆင့် ဥရောပကို ဝင်ရောက်ဖို့ ကြိုးပမ်းတဲ့အခါမှာတော့ ဒီအစီအစဉ်တွေဟာလည်း ရပ်တန့်သွားပါတယ်။ ၂၀၁၆ ခုနှစ်ရဲ့ ပထမရှစ်လအတွင်းမှာပဲ ဒုက္ခသည်ပေါင်း ၁၆၃၀၀၀ ဟာ ဂရိကနေတစ်ဆင့် မြေထဲပင်လယ်ကို ဖြတ်ကျော်ခဲ့ပါတယ်။

ယခုနှစ်မှာလည်း ဒီလိုပါပဲ။ တူညီတဲ့ လမ်းကြောင်းကနေတစ်ဆင့် လူပေါင်း ၁၄၀၀၀ ဥရောပကို ဝင်ရောက်ဖို့ ကြိုးစားခဲ့ကြပါတယ်။ ဒုက္ခသည်တွေ ဝင်ရောက်လာမယ့် လမ်းကြောင်းတွေကို ပိတ်ဆို့နိုင်ဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ကြံရွယ်နေပေမယ့် ယိုပေါက်တွေကလည်း အများကြီးပါ။

အခုဆွေးနွေးပွဲမှာ ချမှတ်ခဲ့တဲ့ အစီအစဉ်သစ်တွေအတွက် ဘဏ္ဍာငွေတွေ ထပ်တိုးဖို့ရှိ/မရှိတော့ သေချာမသိရသေးပါဘူး။ ပါရီမှာပြုလုပ်တဲ့ ဒီဆွေးနွေးပွဲကို တက်ရောက်ခဲ့တဲ့ ဥရောပသမဂ္ဂ နိုင်ငံခြားရေးနဲ့ လုံခြုံရေးဆိုင်ရာအကြီးအကဲက အာဖရိကဖွံ့ဖြိုးရေးနဲ့ အခြားအစီအစဉ်တွေအတွက် ယူရိုဘီလီယံ ၂၀ လောက်ကို ဥရောပသမဂ္ဂနဲ့ အခြား ဥရောပနိုင်ငံတွေဟာ ရင်းနှီးမြှုပ်နှံထားတယ်လို့ ဆိုပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးရဲ့ရန်ပုံငွေတွေကို အသုံးပြုမယ်ဆိုရင် အဖွဲ့ဝင်နိုင်ငံတွေရဲ့ထောက်ခံချက်လည်း လိုအပ်ပါတယ်။

အီတလီနိုင်ငံကတော့ သူ့ရဲ့ကမ်းခြေကိုရောက်လာတဲ့ဒုက္ခသည်အရေအတွက်ကို လျှော့ချနိုင်ဖို့အတွက် လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့နဲ့ အတူတကွလုပ်ဆောင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒီအတွက် ဆွေးနွေးပွဲမှာ အီတလီနဲ့ လစ်ဗျားတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ချီးမွမ်းပြောဆိုခဲ့ကြပါတယ်။ အီတလီကမ်းခြေကို ဒုက္ခသည်တွေ ဝင်ရောက်မလာအောင် ဘယ်လိုမျိုး ဆောင်ရွက်ခဲ့တာပါလဲ။

အီတလီရဲ့ နည်းဗျူဟာကတော့ ရှင်းပါတယ်။ လူကုန်ကူးသမားတွေကို နှိမ်နင်းဖို့ လစ်ဗျားကို ဖိအားပေးတယ်။ ဒုက္ခသည် သင်္ဘောတွေ နစ်မြုပ်တဲ့အခါ အစိုးရက သတ်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့ မကိုက်ညီတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့သင်္ဘောတွေက ဒုက္ခသည်တွေကို သွားရောက်ကယ်ဆယ်လာပြီဆိုရင် အဲဒီသင်္ဘောတွေကို ရပ်တန့်ပြီး စစ်ဆေးမှုတွေ ပြုလုပ်ပါတယ်။ ဇူလိုင်လကတည်းက အီတလီဟာ ရွှေ့ပြောင်းဒုက္ခသည်တွေကို လျှော့ချဖို့ အကြီးအကျယ် ဆောင်ရွက်ခဲ့ပါတယ်။

ဒီဒုက္ခသည်အရေး ပါရီမှာ ဆွေးနွေးပွဲပြုလုပ်တဲ့အခါ လစ်ဗျားနဲ့ ချဒ်က ခေါင်းဆောင်တွေ တက်ရောက်ကြတယ်။ တစ်ချိန်တည်းမှာပဲ အီတလီ ပြည်ထဲရေးဝန်ကြီး၊ လစ်ဗျားမြို့တော်ဝန်၊ ချဒ်၊ နိုင်ဂျာတို့က ကိုယ်စားလှယ်တွေနဲ့ ရောမမြို့မှာ တွေ့ဆုံခဲ့ပါတယ်။ အဓိကတော့ ဒုက္ခသည်တွေ အီတလီကမ်းခြေကို ဝင်ရောက်လာခြင်းမရှိအောင် အတူပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ကြတာပဲ ဖြစ်ပါတယ်။

ဥရောပမှာလည်း ဒီဒုက္ခသည်တွေ အလုံးလိုက် အရင်းလိုက် ဝင်ရောက်လာမှုကို အမြန်ဖြေရှင်းနိုင်ဖို့ လိုအပ်နေပါတယ်။ မကြာခင်အချိန် အတွင်းမှာ ဩစတြီးယားနဲ့ ဂျာမနီတို့မှာ ရွေးကောက်ပွဲတွေ ကျင်းပတော့မယ်။ အလားတူပါပဲ အီတလီမှာလည်း နောက်ခြောက်လအတွင်း ရွေးကောက်ပွဲတွေ ပြုလုပ်တော့မယ်။ အဲဒီတော့ ဥရောပခေါင်းဆောင်တွေအတွက် အရေးကြီးတဲ့ အချိန်ကို ရောက်လာပြီ။ သူတို့ရဲ့ ပြည်သူတွေဟာလည်း ဒုက္ခသည်တွေ အလုံးအရင်းနဲ့ ဝင်ရောက်လာတာကို မကြိုက်ကြပါဘူး။ ဂျာမနီမှာဆိုရင်လည်း ဒုက္ခသည်ဆိုတဲ့ သတ်မှတ်ချက်နဲ့ မပြည့်စုံတဲ့သူတွေကို တိုင်းပြည်အတွင်းက နှင်ထုတ်နေရပါတယ်။

လာမယ့် ရွေးကောက်ပွဲတွေမှာ ပြည်သူတွေ စိတ်ကျေနပ်စေဖို့ အရေးကြီးလာပါတယ်။ ဒီတော့ ပိုက်ဆံဟာ သူတို့အတွက် အရေးကြီးတဲ့ကိစ္စ မဟုတ်တော့ပါဘူး။ ပိုက်ဆံကုန်ချင်သလောက်ကုန်ပါစေ ဥရောပနိုင်ငံတွေကို ဒုက္ခသည်တွေ ဝင်ရောက်မလာဖို့က အဓိက ဦးစားပေးဖြစ်လာပါတယ်။ တရားမဝင်ခိုးဝင်လာတဲ့သူတွေကို လစ်ဗျားကမ်းခြေတပ်ဖွဲ့က ထိန်းသိမ်းရေးစခန်းတွေပို့ပစ်တယ်။ အဲဒီမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေကလည်း အများကြီးပါပဲ။

တကယ်တော့ ဒုက္ခသည် ပြဿနာဟာ ဥရောပနိုင်ငံတွေအဖို့ ခေါင်းခဲစေတဲ့ အရာပါပဲ။ လက်ခံထားလို့လည်း မရ၊ ပြန်ပို့ဖို့ကလည်း မလွယ်။ ဒီကြားထဲ ကိုယ့်တိုင်းပြည်က ပြည်သူတွေကလည်း မကြည်ဖြူ၊ နောက်ထပ်ခိုးဝင်ဖို့ ကြိုးစားနေတဲ့သူတွေကလည်း အများကြီး။

ဒီပြဿနာတွေကို လွယ်လွယ်နဲ့ ဖြေရှင်းလို့ မရပါဘူး။ ဩဂုတ်လ နောက်ဆုံးပတ်မှာ ကျင်းပခဲ့တဲ့ ရွှေ့ပြောင်းဒုက္ခသည်များ ညီလာခံကိုတော့ ဂျာမနီအဓိပတိ အိန်ဂျလာမာကယ်၊ အီတလီ ဝန်ကြီးချုပ်၊ ပြင်သစ်သမ္မတ၊ နိုင်ဂျာနဲ့ ချဒ်နိုင်ငံတို့မှ သမ္မတများ၊ ဥရောပသမဂ္ဂနိုင်ငံခြားရေး မူဝါဒအကြီးအကဲများ အစရှိသူတွေ တက်ရောက်ဆွေးနွေးခဲ့ကြပြီး တစ်ရက်တာ ကျင်းပတဲ့ ဒီအစည်းအဝေးရဲ့ ဆုံးဖြတ်ချက်ကနေ ဒုက္ခသည်တွေ ဥရောပကို ဝင်ရောက်လာမှု ရပ်တန့်နိုင်ဖို့ဆိုတာကတော့ အလှမ်းဝေးနေပါသေးတယ်။

**ကိုးကား**
**နယူးယောက်တိုင်းမ်**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်**
**ဥပဒေကြမ်း ၂၀၁၇ ခုနှစ်**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၇ ခုနှစ်)"**ဟု ခေါ်တွင်စေရမည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (က) တို့တွင်ပါရှိသော**"လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (က) တို့တွင်ပါရှိသော**"ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန"**ဆိုသည့် စကားရပ်ကို **"လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၁၂ တို့ပါ **"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ"** ဆိုသည့် စကားရပ်ကို **"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဃ) တို့တွင်ပါရှိသော**"သတ္တုတွင်းဝန်ကြီးဌာန"**ဆိုသည့် စကားရပ်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော **"ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန"**ဆိုသည့် စကားရပ်များကို **"သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့တွင် ပါရှိသော **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့် ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက်"** ဆိုသည့် စကားရပ်ကို **"အောက်ဖော်ပြပါ လုပ်ငန်းများအတွက်"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**" ၁၇။ ဗဟိုကော်မတီသည် -**

**(က)မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်။**

**(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ ဝင်ရောက်လုပ်ကိုင်အသုံးပြုသူများကို အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ လုပ်ငန်းအဖွဲ့များကို တာဝန်ပေးအပ်ရမည်။**

၈။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၂၂။ (က) ဤဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်-**

**(၁) ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ခွင့်ပြုမိန့်ထုတ်ပြန်သည့် ရက်စွဲနှင့် စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ် ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးသော ဧရိယာနှင့် ကျန်ရှိသော ဧရိယာတို့ကို အထောက်အထားခိုင်လုံစွာဖြင့် ဓာတ်ပုံမှတ်တမ်းများ ပူးတွဲလျက် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။**

**(၂) ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။**

**(၃) မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။**

**(၄) မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည် ရုပ်သိမ်းခြင်း ခံရမည်။**

**(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ရယူလုပ်ကိုင်အသုံးပြုနေခဲ့သော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်-**

**(၁)မိမိရယူလုပ်ကိုင် အသုံးပြုခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာနှင့် ယင်းတို့နှင့် စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် ရရှိရန်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၇ ခုနှစ်) ပြဋ္ဌာန်းသည့်နေ့မှစ၍ သုံးလအတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။**

**(၂) ပုဒ်မခွဲငယ် (၁)ပါအတိုင်း လျှောက်ထား ဆောင်ရွက်ခြင်း မရှိလျှင်ဖြစ်စေ၊ လျှောက်ထားသော်လည်း ခွင့်ပြုမိန့် မရရှိလျှင် ဖြစ်စေ အဆိုပါမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သိမ်းယူခြင်း၊ ဖယ်ရှားခြင်းခံရမည်။**

**(၃) ပုဒ်မခွဲငယ် (၁)ပါအတိုင်း သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ်တွင် ဆက်လက်၍ ရယူလုပ်ကိုင် အသုံးပြုလျှင်သော်လည်းကောင်း၊ ယင်းသို့ လျှောက်ထားသည့်အခါ ဗဟိုကော်မတီက ခွင့်မပြုသင့်သဖြင့် အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းပေါ်မှ ထွက်ခွာဖယ်ရှားစေရန် ညွှန်ကြားသည့် အမိန့်ကို မလိုက်နာဘဲ ဆက်လက်ရယူ အသုံးပြုလျှင် သော်လည်းကောင်း ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) အရ အရေးယူခြင်းခံရမည်။"**

၉။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၇** ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေချမှတ်ရမည်။

(က) ဤဥပဒေနှင့် အညီ ခွင့်ပြုမိန့် မရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဝင်ရောက်ကျူးကျော် နေထိုင်ခြင်း သို့မဟုတ် ဝင်ရောက်ကျူးကျော် နေထိုင်စေခြင်း၊ ဝင်ရောက်ကျူးကျော်လုပ်ကိုင်ခြင်း သို့မဟုတ် ဝင်ရောက် ကျူးကျော် လုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်၏ သဘောတူခွင့်ပြုချက် မရရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများပေါ်တွင် ဝင်ရောက်ကျူးကျော် လုပ်ကိုင်ခြင်း။"

၁၀။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၈ တွင် ပါရှိသော**"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကိုဖြစ်စေ၊ ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူကိုဖြစ်စေ၊ ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသောမြေတွင် လုပ်ငန်းဆောင်ရွက်မှုကို ဟန့်တားနှောင့်ယှက်ကြောင်း"** ဆိုသည့် စကားရပ်ကို **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ သို့မဟုတ် ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူက အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဤဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းဆောင်ရွက်မှုတစ်စုံတစ်ရာကို ဟန့်တားနှောင့်ယှက်ကြောင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

## ပဲရောင်းဝယ်ခြင်းအတွက် ကုန်စည်ဒိုင်တွင် စည်းကမ်းချက်များထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း ပဲရောင်းဝယ်ခြင်းများအတွက် ဩဂုတ် ၂၈ ရက်စွဲဖြင့် ကုန်စည်ဒိုင်ကြေညာချက်(၅/၂၀၁၇)ကို ထုတ်ပြန်လိုက်ပြီး ပဲရောင်းဝယ်သူများ လိုက်နာရန် စည်းကမ်းချက်များကို အသိပေးထားသည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်ကုန်စည်ဒိုင်)တွင် မှန်ကန်သောဈေးကွက် ဖော်ဆောင်နိုင်ရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် ရည်ရွယ်၍ ဩဂုတ် ၂၆ ရက် စနေနေ့မှစတင်၍ ပဲမျိုးစုံ လက်ငင်းအရောင်းအဝယ်ကို အောက်ပါစည်းကမ်းချက်များဖြင့် ပြန်လည်ခွင့်ပြုမည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ကြေညာချက်အရ တနင်္လာနေ့မှ သောကြာနေ့အတွင်း အရောင်းအဝယ်ကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဆောင်ရွက်မည်ဖြစ်ပြီး ငွေပေးချေခြင်းကို မွန်းလွဲ ၃ နာရီထက် နောက်မကျဘဲ လက်ရောက်အပြီးသတ် ပေးချေရမည်ဖြစ်ကြောင်း၊ စနေနေ့တွင် အရောင်းအဝယ်နှင့် ငွေပေးချေခြင်းကို နံနက် ၁၀ နာရီမှမွန်းလွဲ ၂ နာရီအတွင်း အပြီးသတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝယ်သူက ငွေပေးချေရာတွင်ငွေသား သို့မဟုတ် ချက်လက်မှတ်ဖြင့် ပေးချေနိုင်ပြီး ပေးချေသောချက်လက်မှတ်သည် တနင်္လာနေ့ ဘဏ်များဖွင့်ချိန်တွင် ငွေသားထုတ်ယူနိုင်ရန် တာဝန်ခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပဲအရောင်းအဝယ် ပြုလုပ်သည့်အခါ ရောင်းသူဝယ်သူနှစ်ဦးသည် မိမိတို့အမည်များဖြင့်သာ အရောင်းအဝယ်စာချုပ် တိုက်ရိုက်ချုပ်ဆို ရောင်းဝယ်ရမည်ဖြစ်ပြီး ရောင်းချသူသည် ရောင်းချသောပဲကို မိမိပိုင်ဆိုင်ကြောင်းခိုင်မာသည့် အထောက်အထား စာရွက်စာတမ်းတင်ပြရမည်ဟုလည်း ဖော်ပြထားသည်။

ရန်ကုန်ပဲဈေးကွက်တွင် ယခုလိုလက်ငင်းငွေအပြီးချေ၊ ကိုယ်ပိုင်ပဲရောင်းစသည့် စည်းကမ်းများ သတ်မှတ်လာ၍ ကြိုတင်ရောင်းဝယ်ခြင်းများ လျော့နည်းနိုင်မည်ဖြစ်ကြောင်း၊ ဈေးနှုန်းတည်ငြိမ်ပြီး မှန်ကန်သော ပဲဈေးကွက်ဖြစ်ပေါ်လာနိုင်မည်ဟု မျှော်လင့်ကြောင်း၊ သို့သော် ရန်ကုန်ပဲဈေးကွက်တွင် ကုန်စည်ဒိုင်အတွင်းသာမက ရန်ကုန်မြို့တွင်း၌လည်း ကုန်သည်အချင်းချင်း ညပိုင်းအချိန်အထိ ဖုန်းဖြင့် ပဲအရောင်းအဝယ်ပြုလုပ်နေခြင်းများရှိကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

ရန်ကုန်ဈေးကွက်တွင် ပဲအပါအဝင်ကုန်စည်အချို့ကို ရောင်းဝယ်ရာတွင် လက်ငင်းငွေချေ ပစ္စည်းလက်ရောက်ရယူခြင်းအပြင် စာရွက်ဖြင့် ကြိုရောင်းကြိုဝယ်လုပ်ကိုင်ခြင်းများလည်း ရှိနေပြီး စာရင်းရှင်းရာတွင် ဈေးနှုန်းကွာခြားသည့် ငွေပမာဏကိုသာ တွက်ချက်ပေးချေရသဖြင့် အရောင်းအဝယ်ပမာဏမှာ လက်ငင်းငွေချေနိုင်သည်ထက် များနေတတ်သည်။ ဈေးနှုန်းများကိုလည်း လက်ကန်နိုက်ယူတတ်ခြင်းကြောင့် ပြည်ပသို့ ပို့ရသောကုန်စည်များကိုပင် ပြန်လည်တင်သွင်းရသည်များရှိရာ ဆန်ကို ၂၀၁၅ နှစ်ကုန်ပိုင်းတွင်လည်းကောင်း၊ ကြက်သွန်နီကို ၂၀၁၅ ခုနှစ်မှ ယခု ၂၀၁၇ ခုနှစ်အထိလည်းကောင်းပြည်ပမှ ပြန်လည်တင်သွင်းနေရကြောင်း ကုန်သည်အချို့၏ ပြောကြားချက်များအရ သိရသည်။

**ခင်ဆိုင်**

---



## မီးပျက်နေသောမီးပွိုင့်နှင့် လမ်းပေါ်ဈေးသည်တို့ကြောင့် ယခင်ထက်ယာဉ်ကြောပိတ်ဆို့

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ညောင်တုန်းကားလမ်းမကြီးပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှု အများဆုံးဖြစ်ပေါ်သော မီးခွက်ဈေးလမ်းဆုံအား မီးပွိုင့်တပ်ဆင်ခဲ့ပြီး ယာဉ်နှင့်ပြည်သူများ သွားလာရေးအဆင်ပြေခဲ့သည်။ ယခုအခါ အဆိုပါ မီးခွက်ဈေးလမ်းဆုံတွင် မီးပွိုင့်မှာအချက်ပြမှုမရှိသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက် မီးပွိုင့်အောက်တွင် လိုင်းကားများရပ်တန့်၍ ခရီးသည်တင်ခြင်းနှင့် ဈေးသည်များကြောင့် ယခင်ထက် ယာဉ်ကြောပိတ်ဆို့မှုကို ကြုံတွေ့နေရကြောင်း သိရသည်။

"မီးပွိုင့်တပ်ဆင်လို့ဈေးသွားဈေးလာနဲ့ရုပ်ရှင်ရုံမှာအပန်းဖြေတဲ့ ပြည်သူတွေ၊ ယာဉ်တွေသွားလာရေးအဆင်ပြေခဲ့တယ်။အချက်ပြမီးမလာတာနဲ့မီးပွိုင့်အောက်ကဈေးသည်တွေ၊လမ်းဆုံမှာရပ်တဲ့လိုင်းကားတွေနဲ့ဆိုတော့ ယာဉ်ကြောတွေပိတ်တာပါ။ ယာဉ်ထိန်းတပ်ဖွဲ့ကလည်းရှိတဲ့အင်အားနဲ့ တစ်မြို့နယ်လုံးကိုယာဉ်အန္တရာယ်ကင်းရှင်းဖို့ နေ့စဉ်ဆောင်ရွက်နေရပါတယ်။ ကိုယ်စီကိုယ်စီတာဝန်ကျေကြမယ်ဆိုရင် ယာဉ်ကြောပိတ်ဆို့မှုဆိုတာ ကင်းဝေးသွားမှာပါ"ဟုမြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးက ပြောသည်။

ဌာနဆိုင်ရာရုံးများ ရုံးစိုက်ရာရုံးထိပ်မှတ်တိုင်မီးပွိုင့်တွင်လည်း အချက်ပြမီးမလင်းသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုမကြာခဏဖြစ်ပေါ်လျက်ရှိသည်။ အချက်ပြမီး ယနေ့တိုင်အချက်မပြသောကြောင့် ယခင်အတိုင်းပင် ယာဉ်များပိတ်ဆို့ခြင်း၊ ဈေးသည်များဖြင့် ပိတ်ဆို့ခြင်းတို့ကြောင့် မီးခွက်ဈေးလမ်းဆုံ၌ နေ့စဉ် ယာဉ်ကြောပိတ်ဆို့ လျက်ရှိကြောင်း သိရသည်။

(၁၆၄)

**ဓာတ်ပုံ-သစ္စာ**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ရောဂါပျောက်ဖို့ ဆေးပေးစို့

**နေအေး (ဘောဂဗေဒ)**

ယခုတစ်လော ဘဏ်အတိုးနှုန်းနဲ့ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် ရေးသားဆွေးနွေးနေကြတာတွေကို ဖတ်ရှုကြားသိနေရပါတယ်။ ဘဏ်အတိုးနှုန်းနဲ့ပတ်သက်လို့ (၃.၉.၂၀၁၂) နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ မောင်ရိုန်(ဒါးက) အမည်နဲ့ ကိုင်တွယ်တတ်ရင်ဆေး မကိုင်တွယ်တတ်ရင်ဝေးဆောင်းပါးကို ကျွန်တော် ရေးသားဖော်ပြခဲ့ပါတယ်။ အဲဒီဆောင်းပါးမှာ ဘဏ်အတိုးနှုန်းတွေကို လျှော့ချဖို့ရာအခြေအနေနဲ့ အချိန်အခါ မသင့်သေးကြောင်း၊ ဘဏ်အတိုးနှုန်းဆိုတာ ကိုင်တွယ်တတ်ရင်ဆေးဖြစ်နိုင်ပေမယ့် မကိုင်တွယ်တတ်ရင် အန္တရာယ်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုနဲ့ အလှမ်းဝေးကွာသွားနိုင်တဲ့အတွက် သတိပြုကိုင်တွယ်အသုံးချသွားသင့်ပါကြောင်း ရေးသားဖော်ပြခဲ့တာပါ။ ဘာကြောင့် အခြေအနေနဲ့အချိန်အခါ မသင့်သေးသလဲလို့ ပြောရရင် အဲဒီတုန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ ဖြေလျှော့မှုတွေ၊ လုပ်ငန်းလုပ်ကိုင်ခွင့် ပိုမိုခွင့်ပြုပေးဖို့ကိစ္စရပ်တွေကို ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိတဲ့အချိန်ဖြစ်ပြီး အကောင်အထည် မဖော်နိုင်သေးတဲ့ အချိန်ဖြစ်တာကတစ်ကြောင်း၊ တိုင်းပြည်ရဲ့ မေခရိုစီးပွားရေး(Macro Economics) အခြေအနေတွေအရ ဘဏ်အတိုးနှုန်းလျှော့ချဖို့ မလိုအပ်သေးတာကတစ်ကြောင်းကြောင့် ဖြစ်ပါတယ်။ ဘဏ်အတိုးနှုန်းနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။

နိုင်ငံတကာမှာ ဗဟိုဘဏ်(သို့မဟုတ်) ငွေကြေးအာဏာပိုင်အဖွဲ့တို့အနေနဲ့ မိမိနိုင်ငံရဲ့စီးပွားရေး တည်ငြိမ်ခိုင်မာစွာ တိုးတက်စေဖို့အတွက် ရည်မှန်းချက်ချမှတ်ဆောင်ရွက်လေ့ရှိကြပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ အဓိကရည်မှန်းချက်ကတော့ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နဲ့ ထိန်းသိမ်းရန် ဖြစ်ပါတယ်။

ဗဟိုဘဏ်တွေအနေနဲ့ ပြည်တွင်းငွေကြေးပမာဏကို လိုအပ်သလို ထိန်းကျောင်းပေးနိုင်ဖို့အတွက် အတိုးနှုန်းပြောင်းလဲခြင်း၊ ငွေရေးကြေးရေးဈေးကွက်မှာ ငွေချေးစာချုပ်တွေရောင်းဝယ်ခြင်း၊ ပြည်တွင်းစုစုပေါင်းချေးငွေပမာဏကို ကြပ်မတ်ထိန်းသိမ်းခြင်း၊ ဘဏ်အပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းတွေအနေနဲ့ အနည်းဆုံးထားရှိရမယ့် သီးသန့်ငွေသားအချိုးကို ပြောင်းလဲခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒကို ကျင့်သုံးခြင်း၊ စည်းရုံးဆွဲဆောင်ခြင်းစတဲ့ ငွေကြေးမူဝါဒနည်းလမ်းတွေကို အသုံးပြုလေ့ရှိကြပါတယ်။ အတိုးနှုန်းပြောင်းလဲခြင်းနည်းလမ်းဟာ ဖော်ပြပါငွေကြေးမူဝါဒ နည်းလမ်းတွေအနက် တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ပြည်တွင်းစီးပွားရေးလုပ်ဆောင်မှုတွေ နှေးကွေးအားနည်းနေတဲ့ အခြေအနေဖြစ်ပေါ်နေရင် ယင်းအခြေအနေတွေကို တွန်းအားပေးပံ့ပိုးမြှင့်တင်နိုင်ဖို့အတွက် ငွေကြေးလွယ်ကူမှု (Liquidity) ကောင်းမွန်စေဖို့ ရည်ရွယ်ပြီး Expansionary Monetary Policy ကို အသုံးပြုလေ့ရှိပါတယ်။ ပြည်တွင်းစီးပွားရေး လုပ်ဆောင်မှုတွေ လိုအပ်တာထက် ပိုမိုလျင်မြန်နေရင်၊ ငွေဖောင်းပွမှုမြင့်မားနေရင်၊ စီးပွားရေးတည်ငြိမ်စွာ တိုးတက်ရေးကို ထိခိုက်မယ့်အခြေအနေတွေ ဖြစ်ပေါ်နေရင် ပြည်တွင်းစုစုပေါင်း ငွေကြေးပမာဏကို လျှော့ချဖို့အတွက် Contractionary Monetary Policy ကို အသုံးပြုလေ့ရှိပါတယ်။

အတိုးနှုန်းရဲ့အဓိပ္ပာယ်ကို အချိန်ကာလတစ်ရပ်အတွက် ပေးရတဲ့အဖိုးအခလို့ သတ်မှတ်ပါတယ်။ တစ်နည်းပြောရရင် အတိုးကို ငွေကြေးအပေါ်ပေးရတဲ့ ငှားရမ်းခလို့လည်း ယူဆနိုင်ပါတယ်။ အတိုးနှုန်း ပြောင်းလဲမှုဟာ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်ရရှိမှု၊ အမျိုးသားဝင်ငွေနဲ့ ငွေကြေးဖောင်းပွမှုတို့အပေါ် များစွာအကျိုးသက်ရောက်မှုရှိပါတယ်။

အတိုးနှုန်းပြောင်းလဲမှုကို ကျင့်သုံးရာမှာ တိုင်းပြည်ရဲ့စီးပွားရေး ကျဆင်း၊ရပ်တန့်၊ နှေးကွေးနေတဲ့ အခြေအနေမျိုးမှာ ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးဖို့နဲ့ စီးပွားရေးအရှိန်မြှင့်တင်ဖို့အတွက် ငွေကြေးပမာဏကို ပိုမိုဖြည့်ဆည်းပေးဖို့ လိုအပ်တဲ့အတွက်ကြောင့် အတိုးနှုန်းကိုလျှော့ချလေ့ရှိပြီး စီးပွားရေးအရှိန်အဟုန်မြင့်လွန်းတဲ့အခြေအနေနဲ့ ငွေကြေးဖောင်းပွမှု မြင့်မားနေတဲ့အခြေအနေတွေမှာ ငွေကြေးပမာဏကို လျှော့ချထိန်းချုပ်ဖို့ လိုအပ်တာကြောင့် အတိုးနှုန်းကို မြှင့်တင်လေ့ရှိပါတယ်။

ဗဟိုဘဏ်(သို့မဟုတ်)ငွေကြေးအာဏာပိုင်အဖွဲ့အနေနဲ့ ဗဟိုဘဏ်အတိုးနှုန်းပေါ်မူတည်ပြီး အပ်ငွေအပေါ်အတိုးနှုန်းနဲ့ချေးငွေအပေါ် အတိုးနှုန်းဆိုပြီး သတ်မှတ်လေ့ရှိပါတယ်။ ဗဟိုဘဏ်(သို့မဟုတ်) ငွေကြေးအာဏာပိုင်အဖွဲ့က သတ်မှတ်တဲ့အတိုးနှုန်းကို မူဝါဒအတိုးနှုန်း (Policy Rate)၊ အခြေခံအတိုးနှုန်း (Base Interest Rate)၊ လျှော့လဲနှုန်း(Discount Rate)၊ ပြန်လည်ပြီး ငွေကြေးဖြည့်ဆည်းပေးမှုအပေါ် ကောက်ခံတဲ့အတိုးနှုန်း (Refinancing Rate)၊ ငွေရေးကြေးရေးအဖွဲ့အစည်းကို ထုတ်ချေးငွေအတွက် အတိုးနှုန်း၊ အဲဒီအဖွဲ့အစည်းတွေက အပ်နှံငွေအတွက် ပေးတဲ့အတိုးနှုန်းစသည်ဖြင့် အမျိုးမျိုးသတ်မှတ်ထားပါတယ်။ ငွေရေးကြေးရေးအဖွဲ့အစည်းတွေရဲ့အပ်ငွေအပေါ်အတိုးနှုန်းမှာ တစ်ညတာအပ်ငွေ (Over Night Deposits)၊ ခေါ်ယူအပ်ငွေ (Call Deposits)၊ တစ်လ၊ သုံးလ၊ ခြောက်လ၊ ကိုးလ၊ တစ်နှစ်၊ နှစ်နှစ် စသည်ဖြင့် အချိန်ကာလအပိုင်းအခြားအလိုက် စာရင်းသေအပ်ငွေ (Fixed-term Deposits)၊ ငွေစုဘဏ်အပ်ငွေ (Savings Deposits)၊ ငွေစုလက်မှတ် (Savings Certificates) စသည်ဖြင့် အပ်ငွေအမျိုးအစားပေါ်မူတည်ပြီး အတိုးနှုန်းတွေကို သတ်မှတ်လေ့ရှိပါတယ်။ ချေးငွေအပေါ်အတိုးနှုန်းမှာလည်း ဘဏ်အချင်းချင်း ထုတ်ချေးမှုအပေါ်မှာ သတ်မှတ်တဲ့ အတိုးနှုန်းနဲ့ ဘဏ်နဲ့ဆက်သွယ်ဆောင်ရွက်သူတွေကို သတ်မှတ်တဲ့ အတိုးနှုန်းဆိုပြီး နှစ်မျိုးရှိပါတယ်။ ဘဏ်အချင်းချင်းထုတ်ချေးတဲ့နေရာမှာလည်း တစ်ညတာ၊ တစ်ပတ်၊ တစ်လ၊ နှစ်လ၊ သုံးလ၊ ခြောက်လ၊ ကိုးလ၊ တစ်နှစ်စသည်ဖြင့် ကာလပေါ်မူတည်ပြီး အတိုးနှုန်းတွေကို သတ်မှတ်လေ့ရှိပါတယ်။ ဘဏ်နဲ့ဆက်သွယ်ဆောင်ရွက်သူတွေကို ထုတ်ချေးတဲ့နေရာမှာလည်း ကော်ပိုရိတ် ချေးငွေ(Corporate Loan)၊ ကော်မာရှယ်ချေးငွေ(Commercial Loan)၊ လက်လီချေးငွေ (Retail Loan)၊ စားသုံးသူချေးငွေ (Consumption Loan)၊ ပညာသင်ကြေးချေးငွေ (Education Loan)၊ အိမ်ရာအပေါင်ချေးငွေ(Housing Mortgage Loan) စသည်ဖြင့် ချေးငွေအမျိုးအစားအပေါ်မူတည်ပြီး အတိုးနှုန်းတွေကို သတ်မှတ်လေ့ရှိပါတယ်။

အဲဒီလိုအတိုးနှုန်းအမျိုးမျိုးရှိရာမှာ ကျွန်တော့်အနေနဲ့ ငွေစုဘဏ်အပ်ငွေအတိုးနှုန်းအပေါ် အဓိကထားတင်ပြသွားပါ့မယ်။ မြန်မာနိုင်ငံရဲ့အတိုးနှုန်းပြောင်းလဲမှုတွေကို လေ့လာကြည့်ရင် အောက်ပါအတိုင်း တွေ့မြင်နိုင်ပါတယ်-

| ကာလ (ခုနှစ်) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် အတိုးနှုန်း | အပ်ငွေအပေါ် အတိုးနှုန်း | ချေးငွေအပေါ် အတိုးနှုန်း |
|---|---|---|---|
| ၁-၉-၁၉၈၉ | ၁၁% | ၈%ထက်မနည်း | ၁၇%ထက်မများ |
| ၁-၁-၁၉၉၅ | ၁၂.၅% | ၁၀% | ၁၆.၅% |
| ၁-၄-၁၉၉၆ | ၁၅% | ၁၂%ထက်မနည်း | ၂၀%ထက်မများ |
| ၁-၄-၁၉၉၉ | ၁၂% | ၁၂%ထက်မများ | ၁၇%ထက်မများ |
| ၁-၄-၂၀၀၀ | ၁၀% | ၁၀%ထက်မများ | ၁၅%ထက်မများ |
| ၁-၄-၂၀၀၆ | ၁၂% | ၁၂%ထက်မများ | ၁၇%ထက်မများ |
| ၁-၉-၂၀၁၁ | ၁၂% | ၁၀%ထက်မနည်း | ၁၅%ထက်မများ |
| ၁-၁-၂၀၁၂ | ၁၀% | ၈%ထက်မနည်း | ၁၃%ထက်မများ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံရှိ နိုင်ငံပိုင်ဘဏ်နဲ့ ပုဂ္ဂလိကပိုင်ဘဏ်အများစုအနေနဲ့ အပ်ငွေအပေါ် လက်ရှိပေးနေတဲ့ အတိုးနှုန်းတွေကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ်-

| အပ်ငွေအမျိုးအစား | သက်တမ်း | လက်ရှိအတိုးနှုန်း(%) | မှတ်ချက် |
|---|---|---|---|
| ခေါ်ယူအပ်ငွေ | | ၄၊ ၆၊ ၈၊ ၈.၂၅ | အပ်ငွေပမာဏပေါ်မူတည်၍ အတိုးနှုန်း အပြောင်းအလဲရှိပါသည်။ |
| ငွေစုဘဏ်အပ်ငွေ | | ၈.၂၅၊ ၈.၅၀၊ ၈.၆၀၊ ၈.၇၅ | |
| အချိန်ကာလအပိုင်းအခြားအလိုက် စာရင်းသေအပ်ငွေ | တစ်လ | ၉.၀၀ | |
| | သုံးလ | ၉.၂၅ | |
| | ခြောက်လ | ၉.၅၀ | |
| | ကိုးလ | ၉.၇၅ | |
| | တစ်နှစ် | ၁၀.၀၀ | |

မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေအရ ဘဏ်အတိုးနှုန်းတွေကို လျှော့ချသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်အရှေ့က တင်ပြခဲ့သလို ယခင်အခြေအနေတွေနဲ့မတူတဲ့ အခြေအနေတွေ ပေါ်ပေါက်လာလို့ပါပဲ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်စေဖို့နဲ့ ဘဏ်ရဲ့ငွေဖြစ်လွယ်မှုစီမံခန့်ခွဲခြင်းကို အထောက်အကူဖြစ်စေဖို့အတွက် ဘဏ်အချင်းချင်း ငွေချေးခြင်း (Bilateral Interbank Lending)ကို ဆောင်ရွက်ဖို့ခွင့်ပြုခဲ့ခြင်း၊ နိုင်ငံခြား ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဘဏ်တွေမှာ နိုင်ငံခြားငွေ လိုအပ်ချက်နဲ့ မြန်မာကျပ်ငွေ လိုအပ်ချက်တို့ ဖြစ်ပေါ်လာတဲ့အခါမှာ ဈေးကွက်အတွင်း နိုင်ငံခြားငွေနဲ့ကျပ်ငွေ ငွေကြေးလွယ်ကူ ပိုမိုကောင်းမွန်စေဖို့ ဘဏ်များအကြား Bilateral Interbank FX Transaction များဖြစ်တဲ့ FX Forward နဲ့ FX SWAP Transaction တွေကို ဆောင်ရွက်ခွင့်ပြုခဲ့ခြင်း၊ နိုင်ငံခြားသုံးငွေ (အမေရိကန် ဒေါ်လာ) အပ်နှံငွေအပေါ် အတိုးနှုန်းနဲ့ ချေးငွေအပေါ် အတိုးနှုန်းတွေကို ဘဏ်များအနေနဲ့ ဈေးကွက်က သတ်မှတ်တဲ့အတိုးနှုန်းအတိုင်း ဆောင်ရွက်ခွင့်ပြုခဲ့ခြင်း စတဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ပိုင်ခွင့်တွေ ခွင့်ပြုခဲ့တဲ့အတွက်ကြောင့် လည်းကောင်း၊ နိုင်ငံရဲ့ လက်ရှိစီးပွားရေးအခြေအနေကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ဖို့ လိုအပ်လာတဲ့အတွက်ကြောင့်လည်းကောင်း ဖြစ်ပါတယ်။

လက်ရှိငွေစုဘဏ်အပ်ငွေအတိုးနှုန်းနဲ့ပတ်သက်လို့ ကဏ္ဍသုံးရပ်ခွဲပြီး သုံးသပ်သွားပါ့မယ်။

**ကမ္ဘာ့နိုင်ငံအချို့၏ ဗဟိုဘဏ်အတိုးနှုန်းနှင့် အပ်ငွေအပေါ်အတိုးနှုန်းရှုထောင့်မှ စိစစ်သုံးသပ်ခြင်း**

ကမ္ဘာ့နိုင်ငံအချို့ရဲ့ဗဟိုဘဏ် / ငွေကြေးအာဏာပိုင်အဖွဲ့ အတိုးနှုန်းနဲ့ အဲဒီအတိုးနှုန်းအပေါ် မူတည်ပြီး ဗဟိုဘဏ်ကသတ်မှတ်ထားတဲ့ အပ်ငွေအပေါ် အတိုးနှုန်းတွေကို အောက်ပါဇယားမှာ ဖော်ပြအပ်ပါတယ် -

| စဉ် | နိုင်ငံ | ဗဟိုဘဏ်/ ငွေကြေးအာဏာပိုင်အဖွဲ့ ၏ အတိုးနှုန်း(ရာခိုင်နှုန်း) | ဗဟိုဘဏ်/ ငွေကြေးအာဏာပိုင်အဖွဲ့ ၏ သတ်မှတ်သည့်နေ့ရက် | အပ်ငွေအပေါ်အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|
| ၁ | မလေးရှား | ၃.၀၀ | ၁၃.၇.၂၀၁၇ | ၃.၀၀ |
| ၂ | စင်ကာပူ | ၀.၉၉ | ၃၁.၇.၂၀၁၇ | ၂.၀၀ |
| ၃ | ဖိလစ်ပိုင် | ၃.၀၀ | ၃.၆.၂၀၁၆ | ၁.၆၀ |
| ၄ | ထိုင်း | ၁.၅၀ | ၂၉.၄.၂၀၁၅ | ၁.၄၀ |
| ၅ | အင်ဒိုနီးရှား | ၄.၇၅ | ၂၀.၁၀.၂၀၁၆ | ၇.၂၀ |
| ၆ | ဗီယက်နမ် | ၆.၂၅ | ၇.၇.၂၀၁၇ | ၅.၀၀ |
| ၇ | တောင်ကိုရီးယား | ၁.၂၅ | ၉.၆.၂၀၁၆ | ၁.၆၀ |
| ၈ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၄.၃၅ | ၂၃.၁၀.၂၀၁၅ | ၁.၅၀ |
| ၉ | ဂျပန် | (-) ၀.၁၀ | ၂၉.၁.၂၀၁၆ | ၄.၀၀ |
| ၁၀ | အိန္ဒိယ | ၆.၀၀ | ၂.၈.၂၀၁၇ | ၄.၀၀ |
| ၁၁ | အမေရိကန်ပြည်ထောင်စု | ၁.၀၀ - ၁.၂၅ | ၁၄.၆.၂၀၁၇ | ၁.၂၀ - ၁.၂၅ |
| ၁၂ | ဗြိတိန် | ၀.၂၅ | ၄.၈.၂၀၁၆ | ၄.၅၅ |
| ၁၃ | ရုရှား | ၉.၀၀ | ၁၆.၆.၂၀၁၇ | ၇.၀၀ |
| ၁၄ | မြန်မာ | ၁၀.၀၀ | ၁.၁.၂၀၁၂ | ≥ ၈.၀၀ |

ဇာစ်မြစ်။ (၁) International Monetary Fund , International Financial Statistics and data Files.

(၂) မြန်မာနိုင်ငံတော် ဗဟိုဘဏ်

မြန်မာနိုင်ငံရဲ့ လက်ရှိအပ်ငွေအပေါ် အတိုးနှုန်းဟာ အာဆီယံနိုင်ငံတွေအနက် ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံတို့ရဲ့ အတိုးနှုန်းများနဲ့နှိုင်းယှဉ်ရင် ကွာခြားမှုသိပ်မရှိလှပေမယ့် အခြားအာဆီယံနိုင်ငံများရဲ့ အတိုးနှုန်းများနဲ့နှိုင်းယှဉ်ရင် မြင့်မားလျက်ရှိတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လက်ရှိအခြေအနေမှာ နှေးကွေးနေတဲ့ စီးပွားရေးအခြေအနေကို ကုစားဖို့အတွက်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများအနက် မြန်မာနိုင်ငံရဲ့ အပ်ငွေအပေါ် အတိုးနှုန်းဟာ မြင့်မားလျက်ရှိနေတာကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်များ တိုးချဲ့ခွင့်ပြုခဲ့ခြင်းတို့ကြောင့်လည်းကောင်း အပ်ငွေအပေါ် အတိုးနှုန်းကို လျှော့ချသင့်တယ်လို့ သုံးသပ်ရပါတယ်။

**ပြည်သူတို့၏စုဆောင်းငွေ(အပ်ငွေ) ရှုထောင့်မှ စိစစ်သုံးသပ်ခြင်း**

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မြန်မာနိုင်ငံရဲ့ပြည်သူလူထုစုဆောင်းငွေပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါတယ် -

Unit Kyat in Million

| End of Year | Savings Deposits | | | Savings Certificates | Time Deposits | | | Other Deposits | | Total |
|---|---|---|---|---|---|---|---|---|---|---|
| | State Owned Banks | Private Banks | Foreign Banks | State Owned Banks | State Owned Banks | Private Banks | Foreign Banks | State Owned Banks | Private Banks | |
| 2011 | 1822309 | 3441751 | - | 25556 | 29496 | 86408 | - | 117025 | 20090 | 5542634 |
| 2012 | 2127408 | 4964417 | - | 31265 | 30730 | 131355 | - | 1133028 | 78903 | 8497106 |
| 2013 | 2391736 | 6870730 | - | 41926 | 39926 | 666966 | - | 1572230 | 139964 | 11723478 |
| 2014 | 2610153 | 8187775 | - | 46398 | 53620 | 2113802 | - | 1548303 | 325936 | 14886287 |
| 2015 | 3320417 | 9572674 | 161489 | 47465 | 74078 | 4379018 | 23591 | 1351225 | 393373 | 19323330 |

ဇာစ်မြစ်။ Myanmar Statistical Year Book 2016

အထက်ပါဇယားကိုကြည့်ရင် ပြည်သူတို့ရဲ့စုဆောင်းငွေဟာ နှစ်စဉ်တိုးတက်လျက်ရှိတာကို တွေ့ရပါတယ်။ ဗဟိုဘဏ်က အပ်ငွေအပေါ် အတိုးနှုန်းကို ယခင် ၁၀ ရာခိုင်နှုန်းထက်မနည်း သတ်မှတ်ထားရာမှ (၁.၁.၂၀၁၂)ရက်နေ့မှာ ၈ ရာခိုင်နှုန်းထက်မနည်းသို့ လျှော့ချလိုက်ပေမယ့် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပြည်သူတို့ရဲ့စုဆောင်းငွေ ပမာဏဟာ လျော့ကျမသွားဘဲ ၂၀၁၁ ခုနှစ်ကထက်ပင် ပိုမိုတိုးတက်လာကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့် အပ်ငွေအပေါ်အတိုးနှုန်းကို လျှော့ချလိုက်ခြင်းအားဖြင့် ပြည်သူတို့ရဲ့စုဆောင်းငွေများ လျော့ကျသွားဖွယ်ရာမရှိနိုင်ဟု သုံးသပ်ရပါတယ်။

အာရှဖွံ့ဖြိုးရေးဘဏ်က မြန်မာနိုင်ငံရဲ့စုစုပေါင်းပြည်တွင်းထုတ်ကုန် (Gross Domestic Product) တိုးတက်မှုနှုန်းကို ၂၀၁၇ ခုနှစ်မှာ ၇ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်မှာ ၈ ရာခိုင်နှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်းကို ၂၀၁၇ ခုနှစ်မှာ ၇ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်မှာ ၇ ဒသမ ၅ ရာခိုင်နှုန်း ရှိမယ်လို့ Asian Development Outlook ၂၀၁၇ မှာ ခန့်မှန်းရေးသားဖော်ပြထားပါတယ်။ ဖော်ပြပါအခြေအနေများအရ ယခုလက်ရှိအခြေအနေမှာ အပ်ငွေအပေါ်အတိုးနှုန်းကို လျှော့ချလိုက်ပါက ဖြစ်ပေါ်လာနိုင်တဲ့ အမှန်တကယ်အတိုးနှုန်း (The Real Interest Rate) ကို Fisher’s Equation နဲ့ အောက်ပါအတိုင်း တွက်ချက်နိုင်ပါတယ် -

$$r = \frac{1+i}{1+p} - 1$$

r= အမှန်တကယ်အတိုးနှုန်း (The Real Interest Rate)

i= အမည်ခံအတိုးနှုန်း (Nominal Interest Rate)

P=ငွေဖောင်းပွမှုနှုန်း (Inflation Rate)

**လက်ရှိအပ်ငွေအပေါ်အတိုးနှုန်း ၈ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် the Real Interest Rate ကို တွက်ချက်ခြင်း**

$$r = \frac{1+8.25}{1+7.00} - 1 = \frac{9.25}{8.00} - 1 = 1.15625 - 1 = 0.15625$$

**အကယ်၍ အပ်ငွေအပေါ်အတိုးနှုန်းကို ၈ ဒသမ ၀၀ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ပါက ဖြစ်ပေါ်လာနိုင်သည့် the Real Interest Rate ကို တွက်ချက်ခြင်း**

$$r = \frac{1+8.00}{1+7.00} - 1 = \frac{9.00}{8.00} - 1 = 1.125 - 1 = 0.125$$

လက်ရှိအပ်ငွေအပေါ် အတိုးနှုန်း ၈ ဒသမ ၂၅ ရာခိုင်နှုန်းနဲ့ အကယ်၍ ၈ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ပါက ဖြစ်ပေါ်လာနိုင်တဲ့ အမှန်တကယ်အတိုးနှုန်း ( r ) ကိုတွက်ချက်ရာမှာ အမှန်တကယ် အတိုးနှုန်းဟာ အပေါင်းလက္ခဏာရှိခြင်း (အဓိပ္ပာယ်မှာ အပ်ငွေအပေါ် အတိုးပြန်ရချက်သည် ငွေဖောင်းပွမှုနှုန်းကိုကာမိခြင်း)၊ ၈ ရာခိုင်နှုန်းနဲ့ တွက်ချက်ရရှိတဲ့ အမှန်တကယ်အတိုးနှုန်းဟာ ယခင်ထက် အနည်းငယ်သာ နည်းပါးသွားခြင်းတို့ကို တွက်ချက်မှုအရ သိရှိရပါတယ်။ ဒါကြောင့် အတိုးနှုန်းလျှော့ချပါက ပြည်သူလူထုအနေနဲ့ အပ်ငွေအပေါ် အတိုးပြန်ရချက် အနည်းငယ်နည်းပါးသွားတာမှအပ ကြီးမားစွာထိခိုက်နစ်နာမှု မရှိနိုင်ကြောင်း သုံးသပ်ရပါတယ်။

အပ်ငွေအတိုးနှုန်းပေါ်မူတည်ပြီး ချေးငွေအပေါ် အတိုးနှုန်းကို သတ်မှတ်တာဖြစ်လို့ အပ်ငွေအတိုးနှုန်း လျော့ကျတာနဲ့အမျှ ချေးငွေအပေါ် အတိုးနှုန်းဟာလည်း လိုက်လျောညီထွေ လျော့ကျလာမှာ ဖြစ်ပါတယ်။ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အတိုးနှုန်း သက်သာစွာနဲ့ ချေးငွေတွေရဖို့ နိုင်ငံတော်အနေနဲ့ တတ်နိုင်သမျှ ကူညီပံ့ပိုးပေးဖို့ လိုအပ်သလို တစ်ဖက်ကလည်း ရတဲ့ ဘဏ်အတိုးငွေလေးနဲ့ ရပ်တည်နေထိုင်ကြရတဲ့ ပင်စင်စားတွေ၊ သက်ကြီးရွယ်အိုတွေ၊ ငွေကြေးအရင်းအနှီးရှိပြီး အခြားအလုပ်မလုပ်တတ်မကိုင်တတ်လို့ ဘဏ်တိုးလေးနဲ့ နေထိုင်စားသောက်နေကြရတဲ့ ပြည်သူတွေရဲ့ဘဝကိုလည်း ပြန်လည်စဉ်းစားပေးရမှာဖြစ်ပါတယ်။ (၄.၈.၂၀၁၇)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ အငြိမ်းစားဝန်ထမ်းများ (တပ်မတော်သားများအပါအဝင်)ရဲ့ပင်စင်လစာကို ၂၀၁၅ ခုနှစ် ဧပြီ (၁)ရက်နေ့တွင် နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့တဲ့ ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍ တိုးမြှင့်ပေးရန် ကိစ္စအား ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေ အခြေအနေပေါ် မူတည်ပြီး သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ (၃.၈.၂၀၁၇)ရက်နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းရဲ့ဖြေကြားချက်ဟာ ပင်စင်စားတွေအတွက် အလင်းရောင်သဖွယ်ဖြစ်ပြီး အခြေအနေနဲ့အချိန်အခါပေးလာရင်၊ အခြေအနေနဲ့ အချိန်အခါကြုံကြိုက်လာရင် ဆောင်ရွက်ပေးသင့်တဲ့ ကိစ္စရပ်တစ်ခုပဲ ဖြစ်ပါတယ်။

(စာမျက်နှာ ၁၉ သို့)


ကိုလင်း

# ထက်ထက်မိုးဦး၏ဇာတ်လမ်းတွဲများကြည့်ရှုရတော့မည်

ကြော်ငြာမင်းသမီးအဖြစ် ကြော်ငြာတိုင်းနီးပါးကို ရိုက်ကူးခဲ့ရသူ ပရိသတ်အချစ်တော် အနုပညာရှင် အကယ်ဒမီ ထက်ထက်မိုးဦးက အနုပညာလုပ်ငန်းများကို တစ်စိုက်မတ်မတ် ပြန်လည်လုပ်ကိုင်နေသည်ကို မြင်တွေ့ရပြီး ဇာတ်လမ်းတွဲများကိုလည်း လက်ခံရိုက်ကူးလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မော်ဒယ်လ်ရှိုးများ၊ ဖက်ရှင်ရှိုးများတွင် ဒိုင်အဖြစ်လည်းကောင်း၊ ပြသသူအဖြစ်လည်းကောင်း မကြာခဏ ပြန်လည်မြင်တွေ့ရသည့် ထက်ထက်မိုးဦးက MRTV-4 က ရိုက်ကူးသည့် "မိုးကောင်းကင်အိပ်မက်" ဇာတ်လမ်းတွဲကို စတင်ရိုက်ကူးနေပြီဖြစ်သည်။

"အနုပညာအလုပ်တွေ ဆက်တိုက်ပြန်လုပ်ဖြစ်နေတယ်။ အစကတည်းက ဝါသနာက အခုထိရပ်လို့ မရသေးဘူး။ ကျွန်မတို့ အနုပညာသမားတွေဆိုတာ ပရိသတ်လက်ခံတုန်း၊ အားပေးတုန်းအခြေအနေမှာ ကိုယ့်အနုပညာကို ချပြခွင့်ရတာပါ။ ဒါကြောင့် ထက်ထက်မိုးဦးအနေနဲ့ကတော့ ကြိုးစားပြီး တင်ဆက်နေပါတယ်။ ကြော်ငြာလေးတွေလည်း အခုရိုက်နေတယ်။ Show ပွဲတွေမှာ လည်းလျှောက်ဖြစ်နေတယ်။ ဓာတ်ပုံရိုက်ကူးနေတာတွေလည်း ရှိတယ်။ အခုရိုက်နေတဲ့ ဇာတ်လမ်းတွဲက အပိုင်းပေါင်း ၁၀၀ ကျော်ပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းလေးလည်း ဖြစ်နေတယ်။ ကျွန်မသရုပ်ဆောင်ရတဲ့ ကာရိုက်တာက ငယ်ငယ်တုန်းက အဆိုတော်အဖြစ်ကို ရောက်ခဲ့သူတစ်ယောက်ပါ။ အဆိုတော်ဘဝကနေကြီးလာတော့ ထုတ်လုပ်သူအဖြစ် ပြောင်းပြီးလုပ်တယ်။ အဆိုတော်တွေကို မွေးထုတ်ပေးတယ်။ အဲဒီလို ကာရိုက်တာပါ။ ဒီဇာတ်ကားမှာ မင်းသမီး၊ မင်းသားတွေလည်း အများကြီးပါတယ်။ ကိုယ်ကတော့ ကိုယ့်အနုပညာကို ပိုပြီးအရည်အသွေးရှိလာအောင် ကြိုးစားနေပါတယ်"ဟု ထက်ထက်မိုးဦးက ပြောကြားသည်။



# တိုးကျော်မန်းနဲ့နန်းစံတဲ့ရွာ

## ဇာတ်ကားရိုက်ကူးရေးကို ပဲခူးရိုးမအတွင်း သွားရောက်ရိုက်ကူးနေ

ကိုလင်း

စက်တင်ဘာ ၁ရက်မှစတင်ကာ ပဲခူးတိုင်းဒေသကြီး ပဲခူးရိုးမတောကြီးအတွင်း "တိုးကျော်မန်းနဲ့ နန်းစံတဲ့ရွာ" ဇာတ်ကားကို စတင်သွားရောက်ရိုက်ကူးတော့မည်ဖြစ်ကြောင်း Celebrity ရုပ်ရှင်ထုတ်လုပ်ရေးမှ သိရသည်။ အဆိုပါဇာတ်လမ်းကို ဇာတ်ညွှန်း မိုးနီလွင်၊ ဒါရိုက်တာ ကျော်သားကြီးက ရိုက်ကူးမည်ဖြစ်ပြီး ယင်းဇာတ်လမ်းမှာ ရုပ်ရှင်သရုပ်ဆောင် ပြေတီဦး၏ ညီမဖြစ်သူ ငွေတီဦး ရေးသားထားသည့် ဇာတ်လမ်းဖြစ်ကြောင်း သိရသည်။

အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ ဗေလုဝ၊ သင်ဇာဝင့်ကျော်၊ အေးမြတ်သူ၊ မေဆူးမောင်၊ မိုးပွင့်ဖြူ၊ ချောချော၊ စင်ဒီမြတ်၊ အိနုဝေ၊ လီလီကျော်နိုင်၊ ဆုလဲ့လဲ့နိုင်၊ နန်းအိန္ဒြေရှင်၊ သိမ့်နန္ဒာအောင်၊ ယွန်းရတီဦး၊ အက်လစ်ရှာတို့အပြင် မော်ဒယ်လ်များစွာ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်သည်။

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်တုန်းက သူရေးတဲ့ ဝတ္ထုတစ်ပုဒ်ကို ကျွန်တော်ရိုက်ဖူးတယ်။ အဲဒီဇာတ်လမ်းက "ကိုယ့်လမင်းရဲ့ချစ်ခြင်းကဗျာ"ပါ။ ပရိသတ်တွေလည်း ကြိုက်နှစ်သက်ကြတဲ့ ဇာတ်ကားကောင်းလေးတစ်ကား ဖြစ်ခဲ့ဖူးပါတယ်။ ကျွန်တော့်ကိုလည်း ပရိသတ်စိတ်ဝင်စားပြီး စပြီးသတိထားမိတဲ့ ဇာတ်ကားဆိုလည်း မမှားပါဘူး"ဟု အကယ်ဒမီ ပြေတီဦးက ပြောပြသည်။

နောက်ပိုင်းတွင် ညီမဖြစ်သူမှာလည်း မအားလပ်သည်က တစ်ကြောင်း၊ ကိုယ်တိုင်လည်း ဇာတ်ကားများကို ရိုက်ကူးနေရသည်ကတစ်ကြောင်းကြောင့် ထပ်မံရိုက်ကူးခွင့် မရခဲ့ကြောင်း၊ ယခုဇာတ်လမ်းကို ရေးသားသူက ပြောပြသည့်အခါ အလွန် သဘောကျနှစ်သက်သွားသဖြင့် ရိုက်ကူးရန်စီစဉ်ခဲ့ခြင်းဖြစ် ကြောင်း အကယ်ဒမီ ပြေတီဦးက ပြောသည်။

"ဒီဇာတ်ကားကို ရိုက်ကူးဖို့အတွက် ပြင်ဆင်ကြည့်တဲ့အခါ အခက်အခဲတွေ အများကြီးရှိတယ်။ ရိုက်ကွင်းနေရာကို စဉ်းစားတဲ့အခါ တစ်နိုင်ငံလုံးပဲ။ နေရာရှာကြတော့လည်းအစုံပဲ။ နောက်ဆုံးကျွန်တော်ရယ်၊ ထုတ်လုပ်သူရယ်၊ ဒါရိုက်တာရယ်၊ မန်နေဂျာရယ် ပဲခူးရိုးမထဲကို သွားကြည့်ကြတယ်။ ပဲခူးရိုးမထဲမှာ ကျွန်တော်တို့ရှာနေတဲ့ ရိုက်ကွင်းအဆင်ပြေမယ့်နေရာကိုတွေ့ရတယ်။ တောကြီးထဲမှာ အဲဒီနေရာလေးက အတော်အဆင်ပြေတယ်။ သွားလာရေးရော ရိုက်ကူးဖို့အတွက်ပါ အခက်အခဲတွေတော့ရှိမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ဖြစ်အောင် ရိုက်မယ်"ဟု ပြေတီဦးက ပြောပြသည်။

# ရခိုင်ပြည်သူများနှင့် တစ်သားတည်းကျနေမည့် ဝေဠုကျော်ဖောင်ဒေးရှင်း


သွန်းဝသန်

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ရန်ကို ရင်ဆိုင်နေရသည့် ပြည်သူများကို ကူညီပေးရန်အတွက် ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်နှင့်အဖွဲ့သည် ဩဂုတ် ၃၁ ရက်က ရခိုင်ပြည်နယ်သို့ရောက်ရှိကာ အကူအညီပေးရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"လိုအပ်နေတာကတော့ အများကြီးပါ။ ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး ကူညီပေးတဲ့သဘောပါ။ လက်ရှိမှာတော့ စားနပ်ရိက္ခာတွေပါတယ်။ ဆေးဝါးပါတယ်။ ရောဂါကာကွယ်ပေးနိုင်မယ့် N95 Mask တွေလည်း ပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေမှာ ခံခဲ့ရတဲ့ ထိခိုက်ဒဏ်ရာရသူတွေကိုလည်း စုပေါင်းပြီး လှူထားတဲ့ အလှူငွေတွေထဲကနေ ငွေတွေလှူဒါန်းတယ်။ သက်ဆိုင်ရာ ဒေသခံ အာဏာပိုင်တွေနဲ့လည်း တွေ့ဆုံတယ်။ ဘယ်လိုလှူဒါန်းရမလဲဆိုတဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေလည်း မေးမြန်းခဲ့တယ်" ဟု ကိုဝေဠုကျော်က ဖြေကြားသည်။

ရခိုင်ပြည်နယ်အတွင်း ကြုံတွေ့နေရသည့် အကြမ်းဖက်မှုများကြောင့် ထိခိုက်နေကြရသည့် ပြည်သူများအတွက် တစ်နိုင်ငံလုံးမှ အလှူရှင်များ၏ အလှူငွေများ၊ အလှူပစ္စည်းများမှာ ဝေဠုကျော်ဖောင်ဒေးရှင်းသို့ ဆက်တိုက်ဝင်ရောက်လျက်ရှိပြီး အလှူရှင်များ၏ လှူဒါန်းမှုများကိုလည်း မောင်တောမှ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဝေဠုကျော် ဖောင်ဒေးရှင်းမှ သိရသည်။ လှူဒါန်းလိုသူများအနေဖြင့် အမှတ် ၂၃၇၊ ကံ့ကော်မြိုင် ၂လမ်း ၂၃ရပ်ကွက် VIP1 သုဝဏ္ဏမြို့နယ် ဖုန်း - ၀၉ ၉၇၉၇၅၃၂၁၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# ဇင်ဇင်ဇော်မြင့်အား "ရာဇဝင်ရိုင်းခဲ့သည်" ရုပ်ရှင်ဇာတ်ကားတွင် ပြန်လည်မြင်တွေ့ရမည်


ဝေလင်း

အနုပညာလောကတွင် တစ်ချိန်က နာမည်ရခဲ့ပြီး ဇာတ်ကားများ၊ ကြော်ငြာများနှင့် MTV များတွင် သရုပ်ဆောင်ခဲ့သူ အဆိုတော်ဖြိုးကြီး၏ နာမည်ကြီးသီချင်းတစ်ပုဒ်ဖြစ်ခဲ့သည့် "ဒီပလက်တီနမ်ဆွဲကြိုးက ဒယ်ဒီပေးထားတာ" တေးသီချင်းတွင် ရာဇာနေဝင်းနှင့်အတူ သရုပ်ဆောင်ရင်း အနုပညာလောကထဲသို့ ဝင်ရောက်လာခဲ့သူ ဇင်ဇင်ဇော်မြင့်အား "ရာဇဝင်ရိုင်းခဲ့သည်" ရုပ်ရှင်ဇာတ်ကားကြီးတွင် ပြန်လည်မြင်တွေ့ရတော့မည် ဖြစ်သည်။

ဇင်ဇင်ဇော်မြင့်သည် အနုပညာလောကနှင့် အဆက်အသွယ် ပြတ်သွားသည်မှာ ရှစ်နှစ်ခန့်ရှိခဲ့ပြီ ဖြစ်သည်။ ယခုအခါ နာမည်ကျော်ကြားလာခဲ့သည့် စာရေးဆရာမ ရွှေရေးထင်ထင် ကိုယ်တိုင်ရေးသားရိုက်ကူးမည့် "ရာဇဝင်ရိုင်းခဲ့သည်" ရုပ်ရှင်ဇာတ်ကားကြီးတွင် ရဲအောင်၊ ဇေရဲထက်၊ ခင်ဇာခြည်ကျော်တို့နှင့် တွဲဖက်သရုပ်ဆောင်သွားမည် ဖြစ်ကြောင်း ၎င်းက ပြောပြသည်။

"အနုပညာအလုပ်တွေကို ပြန်မလုပ်ဖြစ်တော့တာ အတော့်ကိုကြာခဲ့ပါပြီ။ ကိုယ့်ဘဝတစ်ခုလုံးကို အိမ်ထောင်ကျပြီးကတည်းက မိသားစုဆိုတဲ့ ဘဝလေးထဲမှာပဲ မြှုပ်နှံထားဖြစ်ခဲ့တယ်။ သရုပ်ဆောင်အဖြစ်နဲ့ "ရာဇဝင်ရိုင်းခဲ့သည်" ဇာတ်ကားမှာ ပထမဆုံးပြန်သရုပ်ဆောင်ရခြင်း ဖြစ်ပါတယ်။ ဒီဇာတ်ကားကို ကျွန်မပါဝင်ဖြစ်ခဲ့တာကတော့ ငယ်ငယ်ကတည်းက အနုပညာအလုပ်တွေကို ဝါသနာပါတယ်။ အခြေအနေအရ အနုပညာအလုပ်တွေ ဆက်မလုပ်ဖြစ်ခဲ့ရတာ။ စိတ်ထဲမှာအမြဲတမ်း ရှိနေခဲ့တာလေ။ အဲဒီလို အခြေအနေမှာ မိသားစုကလည်း ပြန်ရိုက်ဖို့အတွက် ခွင့်ပြုတယ်။ သူကိုယ်တိုင်ကလည်း အနုပညာသမားဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိတယ်။ ဒါကြောင့် ပြန်ရိုက်ဖို့ ဆုံးဖြတ်လိုက်တာပါ" ဟု ဇင်ဇင်ဇော်မြင့်က ပြောကြားသည်။

ဇာတ်ကားပြန်လည် ရိုက်ကူးရန်အတွက် ပြင်ဆင်လျက်ရှိပြီး ယင်းဇာတ်ကားတွင် ဒီဇိုင်နာ အမျိုးသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ခြင်းကြောင့် အဝတ်အစား အပြင်အဆင်မှစ၍ စနစ်တကျ ခေတ်မီလှပစေရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"အနုပညာ အလုပ်တွေနဲ့ အလှမ်းဝေးနေတာလည်း တော်တော်ကြာပြီ။ အခုလို ပရိသတ်နဲ့ ပြန်လည်ထိတွေ့ခွင့်ရမယ်ဆိုတော့ စိတ်လည်းလှုပ်ရှားတယ်။ စပြီးပြန်ရိုက်တဲ့ ဇာတ်ကားကလည်း ရုပ်ရှင်ကားကြီးဆိုတော့ တာဝန်လည်းကြီးပါတယ်။ အကောင်းဆုံးဖြစ်အောင် ပြန်ကြိုးစားမှာပါ"ဟု ဇင်ဇင်ဇော်မြင့်က ဆိုသည်။

အဆိုပါ ဇာတ်ကားကို ယခုနှစ် စက်တင်ဘာ လဆန်းပိုင်းတွင်စတင်ရိုက်ကူးသွားမည်ဖြစ်ပြီး ဇင်ဇင်ဇော်မြင့်က သားနှစ်ယောက် မိခင်တစ်ဦးဖြစ်သောကြောင့် ကလေးများနှင့်ပတ်သက်ပြီး မိဘတာဝန်ကို မလစ်ဟင်းအောင် ဆောင်ရွက်နေကြောင်း၊ ပညာရေးကိုသာ ဦးစားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# မီနီအယ်လ်ဘမ်ရောင်းရငွေဖြင့် ပရိသတ်နှင့်အတူ ပရဟိတလုပ်လိုသူ ပိုင်တံခွန်

ကိုလင်း



မော်ဒယ်လ်သရုပ်ဆောင်တစ်ဦးဖြစ်သည့်ပိုင်တံခွန်က မွေးနေ့အမီ မီနီအယ်လ်ဘမ်တစ်ခု ထွက်ရှိနိုင်ရန် ပြင်ဆင်နေပြီး ရရှိလာသည့် အကျိုးအမြတ်များကို စက်တင်ဘာ ၁၇ ရက်တွင် ကျရောက်မည့် ၂၁ နှစ်ပြည့် မွေးနေ့တွင် ပရိသတ်များနှင့်အတူ မိဘမဲ့ကျောင်းများ၌ သွားရောက်ကုသိုလ်ပြုရန် ရည်ရွယ်ထားသည်။

"ကျွန်တော် မီနီအယ်လ်ဘမ်လေး ထုတ်ဖို့လုပ်နေတယ်။ ပရိသတ်ကလည်း ကျွန်တော့်ကို သီချင်းဆိုစေချင်တယ်။ အားပေးကြတယ်။ လက်ရှိအဆိုတော်တွေတောင် အခုခေတ်မှာ ပေါက်ဖို့ခက်နေတာ။ ကျွန်တော့်လို ဝါသနာရှင်အဆင့်တွေက မလွယ်ပါဘူး။ ဒါပေမယ့် အဓိကကတော့ မွေးနေ့အမှတ်တရလေးဖြစ်စေချင်တာ"ဟု ပိုင်တံခွန်က ပြောပြသည်။

တေးစီးရီးမှ ရရှိသည့် ငွေများကို ၂၁နှစ်ပြည့် မွေးနေ့အလှူအဖြစ် ပရိသတ်များကိုလည်း အသိပေးဖိတ်ကြားပြီး မိဘမဲ့ကျောင်းတစ်ခုခုတွင် အဝတ်အစား၊ စာရေးကိရိယာနှင့် အလှူငွေများ၊ အစားအစာများကို လှူဒါန်းရန်ရည်ရွယ်ထားကြောင်း၊ မိဘမဲ့ ဂေဟာကို ရွေးချယ်နေကြောင်း ၎င်းကပြောပြသည်။

## နိုင်ငံတကာအနုပညာမှတ်စုသတင်းပဒေသာ

### ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် မက်ဒေမွန်၏ ဇာတ်ကားဖြင့်အဖွင့်ပြသ



၂၀၁၈ ခုနှစ် အော်စကာဆုပေးပွဲ ကျင်းပဖို့ကတော့ ခြောက်လလောက်လိုပါသေးတယ်။ အော်စကာဆုပေးပွဲလိုပဲ နာမည်ကြီးလှတဲ့ ၇၄ ကြိမ်မြောက် ဗင်းနစ်ရုပ်ရှင် ပွဲတော်ကတော့ ဗုဒ္ဓဟူးနေ့ညနေခင်းမှာပဲ စတင်လိုက်ပါပြီ။ ဒီရုပ်ရှင် ပွဲတော်မှာ ဘယ်သူတွေ ထူးချွန်ဆု ရရှိမလဲဆိုတာကတော့ စိတ်လှုပ်ရှားစရာပါပဲ။ နာမည်ကျော်ဟောလိဝုဒ် သရုပ်ဆောင်တွေဖြစ်တဲ့ ဂျော့ကလူနီ၊ ဂျူလီအန်မိုး၊ ဂျနီဖာလောရင့်စ်တို့ဟာလည်း ဒီရုပ်ရှင်ပွဲတော်ကို တက်ရောက်ကြပါတယ်။ ၇၄ကြိမ်မြောက် ဗင်းနစ်ရုပ်ရှင်ပွဲတော်အတွက်အဖွင့် ဇာတ်ကားကတော့ Downsizing ဖြစ်ပြီး ဒီဇာတ်ကားရဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ မက်ဒေမွန်၊ ခရစ်စတန်ဝတ်ဂ်ျတို့လည်းဖွင့်ပွဲကို တက်ရောက်ခဲ့ကြပါတယ်။ (၇၃) ကြိမ်မြောက် ဗင်းနစ်ရုပ်ရှင်ပွဲတော်အတွက် အဖွင့်ဇာတ်ကားကတော့ La La Land ဖြစ်ပြီး အဲဒီဇာတ်ကားဟာ အော်စကာဆုပေးပွဲအခမ်းအနားမှာ အောင်မြင်တဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ခဲ့ပါတယ်။ ဗင်းနစ်ပွဲတော်မှာပြသခဲ့တဲ့၊ Spotlignt, Birdman နဲ့ Gravity ဇာတ်ကားတွေဟာ အော်စကာဆုပေးပွဲကျင်းပတဲ့အခါမှာလည်း အောင်မြင်မှုတွေရရှိခဲ့တော့အခုမက်ဒေမွန်ပါဝင် သရုပ်ဆောင်ထားတဲ့ Downsizingဇာတ်ကားဟာလည်း ဆုတွေသိမ်းယူနိုင်မလားဆိုတာကတော့ စိတ်ဝင်စားစရာပါပဲ။ ရုပ်ရှင်စတူဒီယိုတွေနဲ့ရုပ်ရှင်သမားတွေအတွက်ကတော့ လာမယ့်သတင်းပတ်တွေဟာ အရေးကြီးတဲ့သီတင်းပတ်တွေပါပဲ။ ဗင်းနစ်ရုပ်ရှင်ပွဲတော်ရှိပြီး တိုရွန်တိုအပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်ရှိပြီး အနုပညာသမားတွေနဲ့ ထုတ်လုပ်သူတွေအတွက်ကတော့ ဆုဆိုတဲ့ အိပ်မက်မက်ကောင်းတဲ့အချိန်ပါပဲ။ **ဘီဘီစီ**

### နာမည်ကျော် အနုပညာရှင်များ ဟူစတန်ရေဘေးအတွက် လှူဒါန်း



ဂျနီဖာလိုပက်ဇ့်၊ ကီဗင်ဟတ်နဲ့အခြားသော နာမည်ကြီးအနုပညာရှင်တွေဟာ တက္ကဆက်ပြည်နယ်မှာဖြစ်ပွားခဲ့တဲ့ အပူပိုင်း မုန်တိုင်းခံပြည်သူတွေကို ကူညီဖို့ ကြိုးပမ်းနေကြပါတယ်။ ဟူစတန်မှာဖြစ်ပွားတဲ့ ရေကြီးမှုအတွက် ဆန်ဒရာဘူးလော့ဟာ အမေရိကန်ကြက်ခြေနီအသင်းကို ဒေါ်လာတစ်သန်းလှူဒါန်းခဲ့ပါတယ်။ ကီဗင်ဟတ်ကလည်း သူ့ရဲ့ နာမည်ကြီး မိတ်ဆွေတွေ၊ မုန်တိုင်းဒဏ်ခံပြည်သူတွေကို ကူညီဖို့တိုက်တွန်းနှိုးဆော်ထားပါတယ်။ ကီဗင်ဟတ်ရဲ့ ရန်ပုံငွေကောက်ခံမှုကတော့ ဒေါ်လာတစ်သန်းနီးပါးရရှိခဲ့ပါတယ်။ တခြားသော နာမည်ကြီးအနုပညာရှင်တွေဖြစ်တဲ့ ခရစ်ဘရောင်းနဲ့ ဒရိန်းဂျွန်ဆင်တို့ကလည်း အလှူငွေများထည့်ဝင်မယ်လို့ ကတိပေးကြပါတယ်။ နာမည်ကျော် အဆိုတော် ဘီယွန်စေးကလည်း ဟူစတန်ရေဘေးအတွက် လှူဒါန်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အမေရိကန်ကြက်ခြေနီအဖွဲ့ရဲ့ဒုတိယဥက္ကဋ္ဌ အဲယ်လိဇဘတ်ပန်နီမန်ကတော့ ဒီအချိန်မှာ မယုံကြည်နိုင်လောက်အောင် အကူအညီတွေရနေတယ်။ လူတွေဟာ တက္ကဆက်မှာ ဘာတွေဖြစ်နေသလဲဆိုတာ မြင်ရတော့ ပိုပြီးကူညီကြတယ်လို့ ဆိုပါတယ်။ ဂျနီဖာလိုပက်ဇ်နဲ့ သူ့ချစ်သူတို့ကတော့ ဒေါ်လာ ၂၅၀၀၀၀စီ လှူဒါန်းခဲ့ပြီး ဟူစတန်မှာ ကြုံတွေ့နေရတဲ့ ဒုက္ခတွေအတွက် အလွန်ဝမ်းနည်းရတယ်လို့ ပြောပါတယ်။ အဆိုတော် ခရစ်ဘရောင်းကတော့ ဒေါ်လာတစ်သိန်း လှူဒါန်းခဲ့ပြီး အခုချိန်ဟာ အားလုံးပေါင်းစည်းရမယ့်အချိန်ပဲလို့ ဆိုပါတယ်။ ခရစ် ဘရောင်းတို့လိုပဲ အခြားသော နာမည်ကြီးအနုပညာရှင်တွေဟာလည်း တက္ကဆက်အပူပိုင်းမုန်တိုင်းခံပြည်သူတွေအတွက် သူတို့တတ်နိုင်တဲ့ဘက်ကနေ လှူဒါန်းမှုတွေ အသီးသီးပြုလုပ်ခဲ့ကြပါတယ်။ **ဘီဘီစီ**

**ချိုး**

## ပရိသတ်အမောပြေဟာသဇာတ်ကားများ ရိုက်ကူးနေသည့် ဇေရဲထက်

**ကိုလင်း**



ပရိသတ်ကြီးအတွက် ဘဝအမောများပြေစေမည့် ဟာသဇာတ်ကားများကို အများဆုံးရိုက်ကူးနေရသဖြင့် စိတ်ကျေနပ်ပျော်ရွှင်ရကြောင်း ဇေရဲထက်က ပြောကြားသည်။ လက်ရှိတွင် ဒါရိုက်တာရာဇဝင်ကို ရိုက်ကူးသည့် "လှရွှေနှင့် သူ၏သူငယ်ချင်းများ" ဇာတ်ကားထွက်ရှိရန်ရှိပြီး ယင်းဇာတ်ကားတွင် ဇေရဲထက်က ပိုင်ဖြိုးသုနှင့် ရဲလေးတို့နှင့်အတူ သရုပ်ဆောင်ထားသည်။

"ကျွန်တော်တို့အနုပညာသမားဆိုတာ ခေတ်ရေစီးကြောင်းကိုလည်း ကြည့်ရတယ်။ ပရိသတ်အတွက် အကျိုးရှိစေမယ့်အရာကိုလည်း ကြည့်ရတယ်။ လူစိတ်ဝင်စားစေမယ့် အကြောင်းကိုလည်း ဖော်ထုတ်ရတယ်။ ခေတ်နောက်ကျလို့လည်း မရပြန်သလို၊ သိပ်ပြီး ခေတ်ရှေ့ပြေးလို့လည်း မရပြန်ဘူး။ အများကြီး သတိထားရတယ်"ဟု လက်ရှိ အနုပညာသမားများ၏ အခက်အခဲကို ရှင်းပြသည်။

လက်ရှိရိုက်ကူးနေသည့်"လှရွှေနှင့် သူ၏သူငယ်ချင်းများ"ဇာတ်ကားမှာ ဟာသဇာတ်ကားဖြစ်ပြီး ဒီဇိုင်နာ အမျိုးသမီးစိတ်ပေါက် နေသူတစ်ဦးအဖြစ် သရုပ်ဆောင်ရသဖြင့် ဇာတ်လမ်းအတွက် အဝတ်အစားကုန်ကျစရိတ်လည်း များပြားကြောင်း ၎င်းက ပြောပြသည်။

## ကျေးလက်နေအမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်

**သုဝဏ္ဏဝတီ စက်တင်ဘာ ၁**

မွန်ပြည်နယ်အတွင်း ကျေးရွာများမှ အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် ကိုကာကိုလာဖောင်ဒေးရှင်းမှထောက်ပံ့ပေး၍ Pact Myanmar(INGO) အဖွဲ့က သင်ကြားပေးသော စွမ်းရည်မြှင့်တင်ရေး စီမံခန့်ခွဲမှုငါးရက်သင်တန်းကို သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအုပ်စု ရေတွင်းဖြူကျေးရွာ ဓမ္မာရုံ၌ ဩဂုတ် ၂၇ ရက်မှစ၍ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။



သင်တန်းသို့ ကျေးရွာအုပ်စုများအတွင်းရှိ အမျိုးသမီးသင်တန်းသူ ၁၆ ဦး တက်ရောက်ပြီး သင်တန်းတွင် သင်တန်းသူများအား စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံစာရင်းအင်းပညာသင်တန်းကို တစ်ရက်သင်ကြားပြီး စီမံခန့်ခွဲမှုစွမ်းရည်စီမံကိန်းသင်တန်းကို လေးရက်သင်ကြားပေးကြောင်း၊ ဩဂုတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပေးခြင်းဖြစ်ပြီး အမျိုးသမီးများ၏ စွမ်းရည်၊ စွမ်းအားများ တိုးတက်မြင့်မားလာစေရန်အတွက် ဘဏ္ဍာရေးအတတ်ပညာ၊ စီးပွားရေးအတတ်ပညာများအပြင် အသိပညာ ဗဟုသုတများကို လာရောက်သင်ကြားပေးခြင်းဖြစ်ကြောင်း pact myanmar မှ တာဝန်ခံသင်တန်းဆရာ ဦးလှိုင်မျိုးမြင့်က ပြောသည်။

သင်တန်းကို မြို့နယ်အတွင်းမှ ကရင်လေးဆိပ်နှင့် ဇရစ်ချောင် ကျေးရွာများတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခု ဝင်းပကျေးရွာအုပ်စုတွင် ထပ်မံ၍ ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကာ ဆက်လက်၍လည်း သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက်နှင့် နောင်ဘိုကျေးရွာများ၌ သင်တန်းဖွင့်ပြီး ဒေသခံအမျိုးသမီးများအား စွမ်းရည်မြှင့်တင်ရေး ဆိုင်ရာ အတတ်ပညာများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## ဝန်ထမ်းဟောင်းများအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်

**တောင်ငူ စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများ အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ရွှေနှင်းဆီ ဓမ္မဗိမာန်၌ ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနား၌ မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဟောင်းများ အသင်းအလုပ်အမှုဆောင်အဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးရဲမြင့်က အသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့် အသင်း၏ရည်ရွယ်ချက်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ငူခရိုင် ခြောက်မြို့နယ် တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်၊ ဖြူး၊ ကျောက်ကြီးမြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများ၏ အသင်းဝင်အဆိုပြုလွှာများကိုခရိုင်အသင်းဥက္ကဋ္ဌ ဦးစောဌေး၊ ခရိုင်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေး(ငြိမ်း)က တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ ခရိုင်အသင်းနာယက ဦးစောဂျူဗလီစံလှထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်လှ (တောင်ငူ)**

## မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးပညာပေး

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အ.ထ.က(၇)တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောပွဲနှင့် ပညာပေးပြခန်းများပြသခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော် ကောင်စီဝင်များဖြစ်ကြသည့် ဦးတင်ထွဋ်၊ ဦးအေးမောင်စိန်၊ ဦးတင်ထွန်းနှင့် မူးယစ်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး ဦးမျိုးမြင့်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ၌ မြန်မာနိုင်ငံမူးယစ်ဆေးဝါး သုံးစွဲသူများ ပြန်လည်ထူထောင်ရေး(မြန်မာ)မှ ဥက္ကဋ္ဌဦးစံရှိန်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး စန်းအောင်တို့က ယနေ့ကျောင်းသားလူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဟောပြောကြကာ ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပညာပေးပြခန်းများအား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**



## ခတ်မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဆိုင်ရာ ဥပဒေရှင်းလင်းဆွေးနွေး

**ရှာငံ စက်တင်ဘာ ၁**

ဓာတ်မြေသြဇာ၊ မျိုးစေ့နှင့်ပိုးသတ်ဆေး ဥပဒေဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို ရှာငံမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဩဂုတ်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ရှာငံမြို့နယ်အတွင်းရှိ ပိုးသတ်ဆေး၊ မြေသြဇာနှင့် မျိုးစေ့အရောင်းဆိုင်များမှ ဆိုင်ပိုင်ရှင်များတက်ရောက်ပြီး တောင်ကြီးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံး ချရေး၊ မျိုးစေ့နှင့် သီးနှံပိုးမွှားကာကွယ်ရေး တာဝန်ခံများက ဥပဒေဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြီး ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် မျိုးစေ့အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာငံ)**

*စာမျက်နှာ ၁၇ မှအဆက်*

**မေခရီစီးပွားရေးရှုထောင့်မှ စိစစ်သုံးသပ်ခြင်း**

အပ်ငွေအပေါ်အတိုးနှုန်းများကို လျှော့ချခြင်းဟာ စုဆောင်းမှုထက် သုံးစွဲမှုကို အားပေးတာဖြစ်ပြီး အကျိုးဆက်တွေအနေနဲ့ ငွေကြေးရဲ့တန်ဖိုးကို လျော့ကျစေခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအပေါ် ကုန်ကျစရိတ်များ လျော့ကျသွားတာကြောင့် လုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပိုမို ရရှိလာခြင်းမှတစ်ဆင့် တိုင်းပြည်ရဲ့စုစုပေါင်းဝယ်လိုအား (Aggregate Demand)ကို တိုးပွားစေခြင်း ၊ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုခြင်း၊ အစိုးရရဲ့ကြွေးမြီအတွက် ပေးရတဲ့အတိုးငွေကို လျော့ကျစေခြင်းစသည့် မေခရီစီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်ပါတယ်။

အထက်မှာတင်ပြခဲ့သလို အပ်ငွေအပေါ်အတိုးနှုန်းဟာ အခြားနိုင်ငံများနဲ့ နှိုင်းယှဉ်ရင်မြင့်မားနေခြင်း၊ အပ်ငွေအပေါ်အတိုးနှုန်းများ လျှော့ချတာကြောင့် ငွေကြေးစုဆောင်းသူတွေအနေနဲ့ ၎င်းတို့ရဲ့အပ်ငွေအပေါ် အတိုးပြန်ရချက် အနည်းငယ်လျော့ကျသွားပေမယ့် ပြည်သူတို့ရဲ့စုဆောင်းငွေများ လျော့ကျသွားဖွယ်ရာမရှိနိုင်ခြင်း၊ အပ်ငွေအပေါ် အတိုးနှုန်းလျှော့ချခြင်းဖြင့် နှေးကွေးတုံ့ဆိုင်းနေတဲ့ စီးပွားရေးအခြေအနေကို ကုစားနိုင်ပြီး တိုင်းပြည်ရဲ့ မေခရီစီးပွားရေးအပေါ် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ခြင်းစတဲ့ အချက်တွေကြောင့် အပ်ငွေအပေါ်အတိုးနှုန်းကို လျှော့ချသင့်ပါကြောင်း သုံးသပ်မိပါတယ်။ ဒီနေရာမှာ တစ်ခုသတိထားစရာကတော့ သတ်မှတ်တဲ့ အပ်ငွေအပေါ် အတိုးနှုန်းဟာ လက်ရှိဖြစ်ပေါ်နေတဲ့ ၊ အနီးဆုံးကာလမှာဖြစ်ပေါ်လာနိုင်တဲ့ ငွေကြေးဖောင်းပွမှုကို ကာမိဖို့ လိုအပ်ပါတယ်။

မတူညီတဲ့အမြင်တွေဟာ တူညီတဲ့လမ်းကြောင်းကို အားနည်းချက်အနည်းဆုံးနဲ့ အမြန်ဆုံးလျှောက်လှမ်းနိုင်ဖို့ စွမ်းအားတွေဖြစ်ပါတယ်။ မတူညီတဲ့ အမြင်တွေကို စုစည်းပြီး အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေအရှိဆုံး၊ အဖြစ်သင့်ဆုံးနည်းလမ်းတွေကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုလည်း ရလဒ်ကောင်းတွေ ရရှိလာမှာဖြစ်ပါတယ်။

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

# (၄၅)နှစ်မြောက် တအာင်းစာပေနေ့နှင့် လူငယ်ပညာရည်ထူးချွန်ဆုပေးပွဲ ကျင်းပ

**မူဆယ် စက်တင်ဘာ ၁**

မူဆယ်ခရိုင် မူဆယ်မြို့နယ် (၁၀၅)မိုင်တွင် (၄၅)နှစ်မြောက် မြန်မာနိုင်ငံ တအာင်းစာပေနေ့နှင့် (၂၄)ကြိမ်မြောက် လူငယ်ပညာရည်ထူးချွန်ဆု ဂုဏ်ပြုပေးအပ်ပွဲကို မူဆယ်မြို့နယ် တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီအလုပ်အမှုဆောင်အဖွဲ့က ဦးစီးပြီး ဩဂုတ် ၃၀ ရက်က မိုင်းယု(၁၀၅)မိုင်ဈေးအနီးရှိ စုစည်းကွက်သစ်ဇရပ်ရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

တအာင်းစာပေနေ့ အခမ်းအနားကို တအာင်းအမျိုးသား တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး ဆက်လက်၍ မြန်မာနိုင်ငံ တအာင်းစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းကျော်က ပေးပို့လာသော သဝဏ်လွှာကို မူဆယ်မြို့နယ် တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌဦးညီအောင်က ဖတ်ကြားသည်။ ထို့နောက်မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးလှိုင်စိုးသန့်က အလှူငွေများပေးအပ်ပြီး တအာင်းစာပေနေ့ အခမ်းအနား ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ (၂၄)ကြိမ်မြောက်ပညာရည်ချွန်ဆု ဂုဏ်ပြုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူ ၅၉ ဦးနှင့် ဘွဲ့ရကျောင်းသား ကျောင်းသူကိုးဦးတို့အား ဂုဏ်ပြုလွှာနှင့် ဆုများကို မူဆယ်ခရိုင် ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များက ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ တအာင်းစာပေပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၇)မှ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ သင်တန်းဆရာများဖြစ်သည့် ဆရာတော်ဦးဇာဂရနှင့် ဦးလက္ခဏတို့ကိုလည်း ဂုဏ်ပြုလွှာများဆက်ကပ်ခဲ့သည်။

**သတင်းဓာတ်ပုံ-သန့်ဇင်(မူဆယ်)**



# အဆင့်မြင့်သရက်စိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးပြည်နယ် အော့ခိုင်ကုမ္ပဏီတို့ ပူးပေါင်း၍ အဆင့်မြင့်သရက်စိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်းကို ဩဂုတ်လ စတုတ္ထပတ်အတွင်းက နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ စုဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦးက မြန်မာနိုင်ငံတွင် သရက်ကို ရှေးယခင်ကတည်းက စိုက်ပျိုးခဲ့ပြီး ရာသီဥတုအပြောင်းအလဲနှင့် ကြုံတွေ့ရပါက များစွာဆုံးရှုံးမှုများကြောင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှုကလည်း အရေးကြီးပါကြောင်း၊ သရက်ကို မိရိုးဖလာအနေဖြင့်သာ စိုက်ပျိုးခဲ့ကြပြီး အရည်အသွေးပြည့်မီသော နိုင်ငံခြားတင်ပို့နိုင်သည့် သရက်သီးများ ရရှိရန် ခက်ခဲကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းမှရရှိမည့် နည်းပညာများကို အသုံးချ၍ သရက်စိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် အော့ခိုင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကလည်း ကွမ်ရှီးပြည်နယ်အစိုးရအကူအညီဖြင့် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး ကွမ်ရှီးတက္ကသိုလ်နှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းပြီး ဆောင်ရွက်ခဲ့မှုများစွာ ရရှိခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၆ ခုနှစ်များတွင် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးပညာရှင်များ ကွမ်ရှီးတက္ကသိုလ်သို့ လာရောက်လေ့လာခဲ့ကြကာ ဆက်လက်၍လည်း စိုက်ပျိုးသုတေသနဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့နှင့် ပူးပေါင်းကာ နည်းပညာများ မျှဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သရက်စိုက်ပျိုးနည်းစနစ်ကျွမ်းကျင်သူ တရုတ်ပညာရှင်တစ်ဦးက သရက်ကိုင်းဖြတ်ပြုပြင်နည်းစနစ်များ၊ သရက်ပင်အိုများကို မျိုးသစ်နှင့် လဲလှယ်နည်းစနစ်များ၊ သရက်ပန်းပွင့်ချိန် ဝတ်မှုန်ကူးရန်အတွက် အစိမ်းရောင်ယင်ကောင်(လိယင်)ကို သီးခြားမွေးမြူဆောင်ရွက်သည့် နည်းစနစ်များ၊ သရက်အရည်အသွေး ကောင်းမွန်ရန်နှင့် အရောင်လှပရန်အတွက် အိတ်စွပ်ရာတွင် အသုံးပြုသည့် အိတ်အမျိုးအစား၊ ဓာတ်မြေဩဇာ ထည့်သွင်းနည်းစနစ်များနှင့် ရေပေးသွင်းမှုနည်းစနစ်များ၊ ပင်ကြားတန်းကြား အကွာအဝေးများနှင့် တောင်စောင်းများတွင် ကွန်တိုအလိုက် လှေကားထစ်ပုံစံဖြင့် သရက်အပင်ပုမျိုး စိုက်ပျိုးနည်းစနစ်များ၊ လိုအပ်သည့်အချိန်တွင် အသီးရရှိရန်အတွက် သရက်ပန်းပွင့်ခြင်းကို ထိန်းချုပ်သည့်နည်းစနစ်များစသည့် သရက်ပင်နှင့်ပတ်သက်သည့် စိုက်ပျိုးရေးနည်းစနစ်များကို စုံလင်စွာပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များ၊ စိုက်ပျိုးရေး တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများနှင့် သရက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ စုစုပေါင်း ၅၀ ခန့် တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကြံစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေး ပြည်ထောင်စုဝန်ကြီး ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁**

ကြံသည် သကြားထုတ်လုပ်သော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့်အပြင် စွမ်းအင်ထုတ်သီးနှံအဖြစ်လည်း ဆောင်ရွက်နိုင်သည့်အတွက် ဈေးကွက်သေချာပြီး အလားအလာကောင်းသော သီးနှံဖြစ်၍ တောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်စေသည့် သီးနှံဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုအခြေအနေအရ ကြံသီးနှံကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခြင်း၊ ပြည်တွင်းတွင် သကြားအခြေခံ စက်မှုလုပ်ငန်းရှင်များရှိခြင်း၊ ပိုလျှံသကြားကို ပြည်ပသို့တင်ပို့ရောင်းချရန် သကြားလိုအပ်နေသည့် ဈေးကွက်များလည်း ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ကြံစိုက်ပျိုးမှုနှင့် သကြားလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာအနီးရှိ စက်စက်ယိုဆည်ရေသောက် ကြံသီးနှံ တောင်သူပညာပေးစိုက်ကွင်း ရှင်းလင်းဆောင်ခန်းမ၌ ဩဂုတ် ၃၀ ရက်က ကျင်းပသည့် ကြံသီးနှံတောင်သူပညာပေးသရုပ်ပြပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပညာပေးသရုပ်ပြပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချက်ကြံ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ကိုလည်း ကြည့်ရှုစစ်ဆေးအားပေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကြံသီးနှံသုတေသနဌာနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံသို့ ဆက်လက်သွားရောက်ပြီး ကြံသီးနှံသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကော်ဖီ၊ မက္ကဒေးမီးယား၊ ရော်ဘာ၊ ဝါသီးနှံများ၏ မျိုးသန့်မျိုးပွားဆောင်ရွက်မှုနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သီးနှံတစ်မျိုးချင်းစီ၏ အထွက်နှုန်းနှင့် အရည်အသွေး ပိုင်းသာမက စိုက်စရိတ်လျော့နည်းသက်သာစေရေး၊ တစ်ဧကအကျိုးအမြတ် ပိုမိုရရှိရေးနှင့် ဈေးကွက်တောင်းဆိုမှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ နည်းပညာပိုင်း မြှင့်တင်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စပါးများအထွက်တိုးရေး ကျောက်ထု၌ ကွင်းဆင်းဆွေးနွေး

**ကျောက်ထု စက်တင်ဘာ ၁**

ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်း မိုးစပါးများအထွက်တိုးရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသတွင်းရှိ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဩဂုတ်လအတွင်း ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်တွင် တောခလွန်ကျေးရွာအုပ်စုမှ တောင်သူဦးတင်လှိုင်၏ ဆင်းသုခစပါးခင်းသို့ ကွင်းဆင်း၍ တောင်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးရေးနည်းစနစ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒေသခံတောင်သူများနှင့် ကွင်းဆင်းတွေ့ဆုံဆွေးနွေးကြရာတွင် မျိုးသန့်မျိုးပွားစံပြစိုက်ကွက်၌ ပိုးမွှားနှင့် ရောဂါကျရောက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ မျိုးကွဲများနုတ်ပယ်ခြင်း၊ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် စိုက်ပျိုးရေးနည်းလမ်းကောင်းများ စသည်တို့ကို ဆွေးနွေးကြကာ တောင်သူများအား ပိုးသတ်ဆေးများ အခမဲ့ပေးခဲ့သလို ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ကြည်က ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

## သတင်းတိုများ

### ဖြူးမြို့နယ်၌ ကျေးရွာ (၁၀) ရွာတိုးချဲ့ရန် မတည်ရန်ပုံငွေပေးအပ်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် မြစိမ်းရောင်ကျေးရွာ (၁၀)ရွာ တိုးချဲ့၍ အရင်းမပျောက်မတည်ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ပေးအပ်ပွဲကို ဩဂုတ် ၂၉ ရက်က မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးစိုးနိုင်က ကျေးရွာ ၁၀ ရွာတိုးချဲ့၍ ကျေးလက်ပြည်သူများ ငွေကြေးအခက်အခဲမရှိဘဲ လယ်ယာလုပ်ငန်းများကို စိတ်ချမ်းသာစွာ လုပ်ကိုင်နိုင်ကြရေးအတွက် ယခုကဲ့သို့ အရင်းမပျောက်မတည်ငွေတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော မြစိမ်းရောင်ကျေးရွာ ၁၀ ရွာမှ မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များအား ကျွမ်းကျင်မှုရက်တို သင်တန်းပို့ချပေးကာ အရင်းမပျောက်မတည်ငွေကျပ် သိန်း ၃၀၀ ကို တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ တစ်ရွာချင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

### နန်းကတဲချောင်းရေဖြင့် စိုက်ပျိုးရေပေးဝေမှု ကွင်းဆင်းကြည့်ရှု

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့ အမှတ် (၂)ရပ်ကွက်ရှိ နန်းကတဲချောင်း (ခေါ်) ခါမ်းပါတ်ချောင်းရေဖြင့် စိုက်ပျိုးရေပေးဝေနေမှုကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ဩဂုတ် ၃၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ အဆိုပါ နန်းကတဲချောင်း(ခေါ်)ခါမ်းပါတ်ချောင်းရေဖြင့် စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၈၀ ဖြင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ လက်ရှိအချိန်တွင် ထိုနန်းကတဲချောင်းရေဖြင့် စိုက်ပျိုးနေသော အကျိုးပြု လယ်ဧက ၃၀၀၀ ခန့်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း လူငယ်ဘောလုံးပြိုင်ပွဲ ဘားအံ၌ ကျင်းပ

**ဘားအံ စက်တင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပထမ ဦးဆုံးအကြိမ်အဖြစ် ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း အသက် (၂၂)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကိုကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီမှကြီးမှူးပြီး ဩဂုတ် ၃၀ ရက်က အောင်သံလွင် အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးသိန်းကိုကို၊ ပြည်နယ်လမ်းဦးစီးဌာနမှူး ဦးသောင်းဟန်စိုး၊ ပြည်နယ်အားကစားမှူး ဦးအေးလွင်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရာ အဖွင့်ပွဲစဉ်တွင် လှိုင်းဘွဲ့ လူငယ်ဘောလုံးအသင်းနှင့် သထုံလူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး လှိုင်းဘွဲ့လူငယ်ဘောလုံးအသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ လူငယ်ဘောလုံးအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး ပွဲစဉ်ပေါင်း ၁၅ ပွဲဖြင့် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာလ ၁၆ ရက်အထိ နေ့စဉ် ညနေ ၃ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# တွစ်တာ(Twitter)ကို စတင်သုံးစွဲတော့မယ်ဆိုရင်



**သူရဖြိုး**

အင်တာနက်အသုံးများလာချိန်မှာ Twitter ဆိုတာကို လူမှုကွန်ရက်တစ်ခုအဖြစ် လူအများစုက ကြားဖူးကြမှာဖြစ်ပေမယ့် ဘယ်လိုသုံးရလဲဆိုတာကိုတော့ နည်းပညာနဲ့ နီးစပ်တဲ့ လူငယ်ပိုင်းကသာ သေသေချာချာသိနိုင်ပြီး အများစုကတော့ ကိုယ်တိုင်မသုံးဖူးကြသလို သိကြမှာလည်း မဟုတ်ပါဘူး။ ဒါကြောင့် Twitter ဆိုတာ ဘာလဲဆိုတာနဲ့ Twitter ကို စတင်သုံးစွဲမယ်ဆိုရင် ဘယ်လို စလုပ်ရမလဲ၊ ဘယ်လိုတွေ သုံးရမလဲဆိုတာကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**Twitter ဆိုတာ ဘာလဲ**

Twitter ဆိုတာ အခမဲ့အသုံးပြုနိုင်တဲ့ အင်တာနက် လူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုပဲဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံမှာ လူတိုင်းနီးပါးသုံးနေကြတဲ့ Facebook လို၊ အရင်က အသုံးများခဲ့တဲ့ Friendster နဲ့ Tagged တို့လို လူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုပဲဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ စတင်ပေါ်ပေါက်ခဲ့ပြီး နိုင်ငံတကာမှာ အရှိန်အဟုန်ကောင်းကောင်းနဲ့ အောင်မြင်နေ၊ လူသုံးများနေတဲ့ လူမှုကွန်ရက်တစ်ခုပဲဖြစ်ပါတယ်။ အမေရိကန်အခြေစိုက် အိုင်တီကုမ္ပဏီကြီးဖြစ်တဲ့ Twitter Inc. က twitter.com ကို ၂၀၀၆ ခုနှစ်က ဖန်တီးခဲ့ပြီး အခုဆိုရင် အသုံးပြုသူပေါင်း ၃၂၈ သန်းကျော် ရှိနေပြီလို့ ဆိုပါတယ်။

လက်ရှိအချိန်မှာ နိုင်ငံတကာမှာ Facebook၊ Twitter နဲ့ Instagram တို့ဟာ လူသုံးများတဲ့ လူမှုကွန်ရက်တွေဖြစ်ပေမယ့် မြန်မာနိုင်ငံမှာတော့ Facebook တစ်ခုတည်းကိုသာ လူသုံးများပြီး ကျန်တဲ့ဆိုရှယ်နက်ဝပ်တွေကိုတော့ အသုံးနည်းပါတယ်။ ဒါပေမယ့် LinkedIn လို နည်းပညာပိုင်းဆိုင်ရာ လူမှုကွန်ရက်မျိုးကလွဲရင် ကျန်တဲ့လူမှုကွန်ရက်တွေရဲ့ အသုံးပြုပုံ သဘောသဘာဝက ခပ်ဆင်ဆင်တွေပဲမို့ Facebook အသုံးပြုနေကျလူတစ်ယောက်အနေနဲ့ Twitter မှာ ကွာခြားချက် အနည်းငယ်ရှိတာကလွဲရင် စတင်သုံးစွဲချိန်မှာ သိပ်အခက်အခဲရှိမှာမဟုတ်ပါဘူး။

**Twitter ကို ဘယ်လိုစသုံးမလဲ**

Twitter ကို စသုံးမယ်ဆိုရင် Facebook လိုပဲ Account တစ်ခုရှိဖို့ လိုပါတယ်။ Account ဖွင့်တာကလည်း Facebook Account ဖွင့်သလိုပဲ ဘာမှအခက်အခဲမရှိဘဲ လွယ်လွယ်ကူကူ ဖွင့်နိုင်ပါတယ်။ အီးမေးလ်ရှိရင် အီးမေးလ်လိပ်စာနဲ့ဖြစ်စေ၊ ဖုန်းရှိရင် ဖုန်းနံပါတ်နဲ့ဖြစ်စေ ဖွင့်နိုင်ပါတယ်။

Account ဖွင့်ဖို့အတွက် ကွန်ပျူတာ သို့မဟုတ် ဖုန်းရဲ့ Browser မှာ twitter.com လို့ ရိုက်ပြီး တက်လာတဲ့ စာမျက်နှာက Sign Up နေရာမှာ သုံးချင်တဲ့ Twitter Account နာမည်၊ အီးမေးလ်နဲ့ Password တို့ကို ဖြည့်ပေးရုံပါပဲ။ အီးမေးလ်ဟာ Twitter အကောင့် ဖွင့်ထားပြီးသားမရှိရင် အကောင့်သစ်အနေနဲ့ လက်ခံလိုက်မှာဖြစ်ပြီး အဲဒီနောက်မှာ အကောင့်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ဆက်လက်ဖြည့်စွက်ပေးရမှာဖြစ်ပါတယ်။ ပြီးရင်တော့ အကောင့်ဖွင့်တဲ့ အီးမေးလ်ထဲကို Confirmation Link တစ်ခု ရောက်လာမှာဖြစ်ပြီး အဲဒီ Link ကို ကလစ်နှိပ်ပြီး ကိုယ့်ရဲ့ Account မှန်ကန်ကြောင်း အတည်ပြုပေးလိုက်ပြီးရင် Twitter ကို စတင်သုံးစွဲနိုင်ပြီဖြစ်ပါတယ်။

အထက်မှာပြောခဲ့တာဟာ Twitter ကို ကွန်ပျူတာ သို့မဟုတ် ဖုန်းရဲ့ Browser ကနေ အကောင့်ဖွင့်တာကို ပြောခဲ့တာဖြစ်ပြီး မိုဘိုင်းအပလီကေးရှင်းကို သုံးရင်လည်း အပလီကေးရှင်းကနေ အကောင့်ဖွင့်နိုင်ပါတယ်။ Twitter အပလီကေးရှင်းကို Google Playstore အပါအဝင် အဆင်ပြေတဲ့နေရာကနေ ရယူနိုင်ပြီး အပလီကေးရှင်းကနေဆိုရင်တော့ ဖုန်းနံပါတ်နဲ့ပါ အကောင့်ဖွင့်နိုင်ပါတယ်။ ဖုန်းမှာအင်စတောလ်လုပ်ထားတဲ့ အပလီကေးရှင်းကိုဖွင့်ပြီး အကောင့်မရှိသေးရင် ဖုန်းနံပါတ်ကတစ်ဆင့်ပဲ အလွယ်တကူ အကောင့်တစ်ခု ဖွင့်နိုင်ပါတယ်။ အန်းဒရွိုက်အတွက် နောက်ဆုံးထွက်ထားတဲ့ Twitter မိုဘိုင်းအပလီကေးရှင်းက 7.11.0 ဖြစ်ပေမယ့် အသုံးပြုတာတော့ ကိုယ့်ဖုန်းနဲ့ အဆင်ပြေတဲ့ဗားရှင်းကို အသုံးပြုနိုင်ပါတယ်။

**Twitter ကို ဘယ်လိုသုံးရမလဲ**

လူမှုကွန်ရက် ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ Twitter မှာ Facebook အပါအဝင် အခြားလူမှုကွန်ရက်တွေလိုပဲ သတင်းအချက်အလက်၊ စိတ်ခံစားမှု၊ ဆွေးနွေးချက်စတာတွေကို မျှဝေရေးသားလို့ ရပါတယ်။ ဓာတ်ပုံနဲ့ ဗီဒီယိုတွေ တင်ပြီးတော့လည်း မျှဝေလို့ ရပါတယ်။ Twitter မှာ သတင်းတွေ၊ စိတ်ခံစားမှုတွေကို ရေးသားတာကို Tweet လို့ ခေါ်ပြီး Facebook မှာ Post တင်တာနဲ့ တူပါတယ်။ Twitter ရဲ့ အဓိက အစိတ်အပိုင်းကလည်း အသုံးပြုသူတွေက တင်လိုက်တဲ့ Tweet လို့ ခေါ်တဲ့ Post တွေပဲဖြစ်ပါတယ်။ Twitter အသုံးပြုသူတွေ တင်လိုက်တဲ့ပို့စ်တွေကို Tweet လို့ခေါ်ပြီး ကိုယ်တိုင်ပို့စ်တင်တဲ့အကြိမ်အပေါ် 1 Tweet, 2 Tweets စသည်ဖြင့် ခေါ်ဝေါ်သတ်မှတ်ပါတယ်။

Facebook နဲ့ မတူတဲ့ အဓိကအချက်က Tweet တစ်ခုစီမှာ စာလုံးရေ ၁၄၀ အထိပဲ ရေးနိုင်ပါတယ်။ ဒါကြောင့် Twitter မှာ ရေးတဲ့အခါ Facebook လို ရှည်ရှည်ဝေးဝေး ရေးလို့မရဘဲ ဘာပဲရေးရေး လိုတိုရှင်း ရေးရမှာဖြစ်ပါတယ်။ အဲဒီ Tweet တစ်ခုချင်းစီကို တစ်ခုနဲ့တစ်ခု ချိတ်ဆက်ထားခြင်းအားဖြင့် ဆက်စပ်နေတဲ့ အကြောင်းအရာတွေ၊ အပိုဆောင်းသတင်းတွေကို ထပ်တိုးရနိုင်လာမှာဖြစ်ပါတယ်။ ဒါကြောင့် လူမှုရေးနဲ့ ကိုယ်ရေးကိုယ်တာကို အဓိကထားပြီး သုံးမယ်ဆိုရင် Facebook က ပိုမိုသင့်တော်ပြီး စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး စသည်ဖြင့် အကြောင်းအရာတစ်ခုခုမှာ ဦးစားပေးသုံးချင်ရင် Twitter က ပိုထိရောက်မှာဖြစ်ပါတယ်။

Twitter ကို စသုံးချိန်မှာ ကိုယ့်အကောင့်မှာ ဘယ်သူမှရှိမှာမဟုတ်လို့ Friend လိုပါတယ်။ Facebook မှာဆိုရင် Friend Request တွေ လိုက်ပို့ရပေမယ့် Twitter မှာတော့ Follow လုပ်ထားရုံနဲ့ Tweet တွေကို မြင်ရပါတယ်။ အကောင့်စဖွင့်ချိန်မှာ မြင်သမျှ တွေ့သမျှ tweet တွေ၊ သတင်းစာမျက်နှာတွေနဲ့ လူတွေကို Follow လုပ်ထားလိုက်ဖို့လိုပါတယ်။ ဒါမှ နောက်ပိုင်းမှာ သူတို့တင်တာတွေကို ဆက်မြင်ရမှာဖြစ်ပြီး သူတို့က ကိုယ့်ကိုပြန် Follow လုပ်ရင် ကိုယ်တင်တဲ့ tweet တွေကိုလည်း သူတို့က မြင်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်ကြည့်ချင်တဲ့ စာမျက်နှာတွေကိုလည်း လိုက်ရှာပြီး Follow လုပ်ထားသင့်ပါတယ်။ ဥပမာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးရဲ့သတင်းတွေကို ရနေချင်ရင် Twitter ထဲက Search ထဲမှာ Myanmar SC လို့ ရိုက်ရှာလိုက်ရင် Myanmar State Counselor စာမျက်နှာကို ရောက်သွားမှာဖြစ်ပြီး အဲဒီက သတင်းတွေကို ရရှိနေမှာဖြစ်ပါတယ်။




Twitter ပေါ်မှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးစာမျက်နှာ

Twitter မှာ တခြားလူတွေတင်ထားတဲ့ သတင်းတွေ၊ စာမျက်နှာတွေက တင်ထားတဲ့ သတင်းတွေကို မျှဝေတာကိုတော့ Retweet လို့ ခေါ်ပြီး Facebook မှာ Share နဲ့ သဘောချင်းဆင်တူပါတယ်။ ဘယ်လိုအကြောင်းအရာကိုမဆို Retweet လုပ်နိုင်ပြီး ကိုယ်က ထပ်မံရေးချင်တဲ့အချက်တွေကိုလည်း ဖြည့်စွက်ရေးနိုင်ပါတယ်။ Hash Tag သင်္ကေတ (#)ကိုခံပြီး ကိုယ်ရေးချင်တဲ့ အကြောင်းအရာကို ရေးခြင်းဖြင့် အခြားသူတွေ အလွယ်တကူ ရှာတွေ့နိုင်ပါတယ်။ ဥပမာ အကြမ်းဖက်မှုတွေကို မလိုလားတဲ့အကြောင်းကို Retweet လုပ်တာဆိုရင် #Stop #Terrorism စတာတွေ ဖြည့်ရေးပြီး Retweet လုပ်သင့်ပါတယ်။

Twitter မှာ ဓာတ်ပုံနဲ့ ဗီဒီယိုတွေလည်း အလွယ်တကူ တင်နိုင်ပါတယ်။ Facebook မှာလိုပဲ ကိုယ့်ဖုန်းထဲမှာရှိတဲ့ ပုံတွေ ဗီဒီယိုတွေကို လွယ်လွယ်ကူကူ တင်လိုက်နိုင်ပြီး တင်တဲ့အခါမှာလည်း ပုံချည်းပဲ သက်သက်တင်တဲ့အစား Hash Tag နဲ့ အကြောင်းအရာကိုပါရေးပြီး တွဲတင်တာက ရှာဖွေရတာ ပိုပြီးလွယ်ကူစေမှာဖြစ်ပါတယ်။

Twitter မှာ ပို့စ်တွေ၊ ဗီဒီယိုတွေကို ကိုယ်တိုင်တင်သလို အခြားသူများရဲ့ Tweet တွေကို Retweet လုပ်ပြီးပြီဆိုရင် ကိုယ်တင်တဲ့အကြောင်းအရာတွေကို ကိုယ့်ကို Follow လုပ်ထားသူတွေနဲ့ အကြောင်းအရာကို ရှာကြည့်သူတွေက မြင်ရမှာဖြစ်ပါတယ်။ ဒီထက်ပိုပြီး ကိုယ်တင်တဲ့ အကြောင်းအရာကို မြင်စေချင်တာမျိုးရှိရင်တော့ ကိုယ်မြင်စေချင်သူဆီကို တိုက်ရိုက်သွားပြီး Tweet လုပ်ပေးဖို့ လိုအပ်ပါတယ်။

လူတစ်ယောက်ဆီကို အကြောင်းအရာတစ်ခု ပို့ချင်တာဖြစ်ဖြစ်၊ သတင်းဌာနတစ်ခုဆီကို သတင်းတစ်ခု ပို့ချင်တာဖြစ်ဖြစ် သူတို့ရဲ့ Account သို့မဟုတ် Page ကိုသွားပြီး Tweet to(....)ဆိုတဲ့ ခလုတ်ကိုနှိပ်ပြီး ကိုယ်တင်ထားတဲ့ Tweet ကို မူရင်းစာအတိုင်းဖြစ်စေ၊ Tweet ရဲ့ Link ကို ကော်ပီကူးပြီးဖြစ်စေ၊ အခြားသူတွေတင်ထားတဲ့ Tweet ရဲ့ Link ကို ကော်ပီကူးပြီးဖြစ်စေ ပေးပို့နိုင်ပါတယ်။ Link ကို ကော်ပီကူးဖို့အတွက် ကူးချင်တဲ့ Tweet ရဲ့ညာဘက်အပေါ်ထောင့်လေးမှာပါတဲ့ အောက်စိုက်နေတဲ့မြားပုံကိုနှိပ်ပြီး Copy Link To Tweet ကိုနှိပ်ရင် Copy ယူပြီးသားဖြစ်သွားမှာဖြစ်ပါတယ်။

**Twitter ကို ဘာကြောင့်သုံးမလဲ**

၂၀၀၆ ခုနှစ် စတင်ချိန်ကတည်းကနေ Twitter အသုံးပြုသူ အရေအတွက်ဟာ အလျင်အမြန်ဆုံးနှုန်းနဲ့ တိုးတက်ခဲ့တာကြောင့် အခုအချိန်မှာဆိုရင် Twitter အသုံးပြုနေသူပေါင်းဟာ ၃၂၈ သန်းကျော် ရှိနေပါတယ်။ Twitter ရဲ့ Search မှာ ရှာဖွေမှုပေါင်းဟာလည်း တစ်ရက်ကို သန်းပေါင်း ၇၅၀ လောက် ရှိနေတယ်လို့ နိုင်ငံတကာသတင်းတွေက ဆိုပါတယ်။ ဒါကြောင့် Twitter ပေါ်မှာ သတင်းတစ်ခုတင်လိုက်ပြီး ပျံ့နှံ့အောင်လုပ်နိုင်ရင် ကမ္ဘာမှာ လူအများကြီးက အဲဒီသတင်းကို သိသွားပါတယ်။ အဲဒီအချက်ကို အသုံးချပြီး မဟုတ်မမှန်တဲ့ သတင်းတွေကိုလည်း ကမ္ဘာပေါ်က လူအများကြီးထံရောက်အောင် ဖြန့်နိုင်သလို တကယ်လည်း မဟုတ်မမှန်သတင်းတွေကို ဖြန့်ဝေနေသူတွေ ရှိပါတယ်။

ဒါကြောင့် သတင်းအမှားတွေ ဖြန့်ဝေပြီး တိုက်ခိုက်တာကို ခံနေရတဲ့အခါမျိုးမှာ သတင်းအမှန်တွေ ပြန်ဖြန့်ပြီး အမှန်တရားကို ပျံ့အောင်လုပ်ဖို့ လိုအပ်သလို သတင်းအမှန်ကို ဖြန့်ဝေပေးနိုင်ဖို့အတွက် သတင်းအမှန် ဖြန့်ဝေမယ့်ဘက်ကလည်း လူအင်အားအရေအတွက်နဲ့ သတင်းမှန်တွေ လိုက်ဖြန့်ဝေပေးနိုင်ဖို့ လိုပါတယ်။ နိုင်ငံတကာက သိစေဖို့အတွက် စာရေးတဲ့အခါ အင်္ဂလိပ်လိုရေးရမှာဖြစ်ပေမယ့် ကိုယ်တိုင်မရေးနိုင်ရင်လည်း ရေးနိုင်တဲ့လူတွေ ရေးတင်ထားတဲ့ သတင်းမှန်တွေကို Retweet တွေလုပ်ပေးပြီး သတင်းမှန်တွေ ဖြန့်ပေးနိုင်ပါတယ်။ နိုင်ငံတကာမှာ Facebook ကို အသုံးပြုတာဟာ အဓိကအားဖြင့် ကိုယ်ရေးကိုယ်တာအနေနဲ့ အသုံးပြုကြတာကြောင့် ကိုယ်ရေးကိုယ်တာမဟုတ်တဲ့ တခြားအကြောင်းအရာကို နိုင်ငံတကာကလူတွေသိအောင်ဆိုရင် Twitter ကနေ မျှဝေတာကမှ ပိုထိရောက်စေမှာ ဖြစ်ပါတယ်။

Twitter မှာ သတင်းအမှန်တွေကို ဖြန့်ဝေဖို့အတွက် Facebook မှာလို အငြင်းအခုံ လုပ်နေတာထက် ကိုယ့်ရဲ့ Account မှာ သတင်းတွေကို Retweet တွေလုပ်သလို သိသင့်တဲ့ သတင်းအချက်အလက်တွေကို သိစေချင်တဲ့နေရာတွေမှာ လိုက် Tweet ပေးတာက ပိုထိရောက်ပါတယ်။ အဓိကအားဖြင့် သတင်းဌာနတွေ၊ အဖွဲ့အစည်းတွေရဲ့ Page တွေကိုရှာပြီး Tweet တွေ လုပ်ပေးတာက ပိုထိရောက်ပါတယ်။ ဒါ့အပြင် လူသိများတဲ့ Account တွေကို ရှာဖွေမှတ်သားထားပြီးတော့လည်း သိစေချင်တဲ့ သင့်လျော်တဲ့ အကြောင်းအရာတွေကို လိုက် Tweet ပေးနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ Facebook ကို အလွန်တွင်တွင် ကျယ်ကျယ်ပဲ သုံးနေကြပြီး မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ သတင်းမှားတွေကိုလည်း မြန်မာနိုင်ငံ Facebook User တွေက အင်နဲ့အားနဲ့ ချေဖျက်နိုင်ကြပါတယ်။ ဒါပေမယ့် နိုင်ငံတကာမှာ အသုံးများတဲ့ Twitter ကိုတော့ မြန်မာနိုင်ငံကလူတွေ အသုံးပြုနှုန်း အလွန်နည်းနေတာကြောင့် နိုင်ငံတကာကလူတွေအနေနဲ့ Twitter ပေါ်က မြန်မာနိုင်ငံနဲ့ဆိုင်တဲ့ မမှန်သတင်းတွေကို အမှန်ထင်နေကြတာတွေ အများအပြားရှိနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ကမ္ဘာမှာ ပျံ့နေတဲ့ မမှန်သတင်းတွေကို ချေဖျက်ပြီး သတင်းအမှန်တွေ အစားထိုးနိုင်ဖို့ Twitter ကိုလည်း သုံးနိုင်သူတွေအနေနဲ့ သုံးကြဖို့ လိုအပ်လျက်ရှိပါတယ်။ ။

**နိုင်ငံတကာက သိစေဖို့အတွက် စာရေးတဲ့အခါ အင်္ဂလိပ်လိုရေးရမှာဖြစ်ပေမယ့် ကိုယ်တိုင်မရေးနိုင်ရင်လည်း ရေးနိုင်တဲ့လူတွေ ရေးတင်ထားတဲ့ သတင်းမှန်တွေကို Retweet တွေလုပ်ပေးပြီး သတင်းမှန်တွေ ဖြန့်ပေးနိုင်ပါတယ်။ နိုင်ငံတကာမှာ Facebook ကို အသုံးပြုတာဟာ အဓိကအားဖြင့် ကိုယ်ရေးကိုယ်တာအနေနဲ့ အသုံးပြုကြတာကြောင့် ကိုယ်ရေးကိုယ်တာမဟုတ်တဲ့ တခြားအကြောင်းအရာကို နိုင်ငံတကာကလူတွေ သိအောင်ဆိုရင် Twitter ကနေ မျှဝေတာကမှ ပိုထိရောက်စေမှာ ဖြစ်ပါတယ်။**

# ပန်းချီလောက၏ဖခင်ကြီး ပန်းချီဆရာကြီး ဦးဘဉာဏ် ရုပ်တုဖွင့်ပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁**

မြန်မာ့ပန်းချီလောကကို တစ်ခေတ်ဆန်းခဲ့သူ ပန်းချီလောက၏ဖခင်ကြီး နိုင်ငံဂုဏ်ဆောင် ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘဉာဏ်ကို အောက်မေ့သတိရကာ ကွယ်လွန်ခြင်း (၇၂)နှစ်ပြည့် ဆွမ်းကပ်လှူဒါန်းခြင်းနှင့် အသက်(၁၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ပုံတူရုပ်တုဖွင့်ပွဲကို မြန်မာတစ်နိုင်ငံလုံးရှိ ပန်းချီပညာရှင်များ၊ ပန်းပုပညာရှင်များနှင့် အနုပညာကို မြတ်နိုးသည့်စေတနာရှင်များ ပူးပေါင်း၍ ဩဂုတ် ၃၀ ရက်က ဆရာကြီးကွယ်လွန်ရာ မော်လမြိုင်မြို့နယ် ကတိုးကျေးရွာရှိ မန်းကျောင်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။



"နိုင်ငံဂုဏ်ဆောင် ဆရာကြီးက သမိုင်းဝင်၊ သမိုင်းတွင်ထိုက်တဲ့ ပုဂ္ဂိုလ်ပါ။ သမိုင်းမထင်ဘူး ဖြစ်နေရတဲ့အတွက် ဆရာကြီးရုပ်တုရှိသင့်လို့ ကျွန်တော်တို့ မျိုးဆက်တွေက သမိုင်းထင်ကျန်ရစ်အောင် ကြိုးစားခဲ့ကြတာပါ။ ဆရာကြီးရဲ့ ရုပ်တုနဲ့ အုတ်ဂူထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဖွဲ့ပြီး ဆောင်ရွက်သွားပါမယ်။ ဆရာကြီးဟာ သမိုင်းဝင်ပုဂ္ဂိုလ်ဖြစ်တဲ့အပြင် အမျိုးသားပြတိုက်မှာ ဆရာကြီးရဲ့ပန်းချီကားတွေ ချိတ်ဆွဲပြသထားတဲ့အတွက် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဖွဲ့ပြီးဆောင်ရွက်သွားပါမယ်။ ဆရာကြီးဟာ သမိုင်းဝင်ပုဂ္ဂိုလ်ဖြစ်တဲ့အပြင် အမျိုးသားပြတိုက်မှာ ဆရာကြီးရဲ့ ပန်းချီကားတွေ ချိတ်ဆွဲပြသထားတဲ့အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကပါ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမယ်ဆိုရင်တော့ ပိုကောင်းပါမယ်"ဟု ပန်းချီမင်းစံရှားက ပြောသည်။

ပန်းချီဆရာကြီး ဦးဘဉာဏ်သည် ပန်းတနော်မြို့၌ ၁၈၉၇ ခုနှစ်တွင် မွေးဖွားပြီး ပန်းတနော်မြို့မှာပင် ကျောင်းတက်ခဲ့ကြောင်း၊ ငယ်စဉ်ကပင် ပန်းချီဝါသနာပါပြီး ပန်းချီဆွဲကောင်းသဖြင့် အင်္ဂလန်နိုင်ငံသို့ပို့ပြီး ပန်းချီပညာသင်ကြားစေခဲ့ကြောင်း၊ ၁၉၃၅ ခုနှစ်တွင် မော်လမြိုင်မြို့နယ် ကတိုးကျေးရွာသူ ဒေါ်စိန်ခိုင်နှင့် အကြောင်းပါခဲ့ပြီး သားသမီးလေးဦး ထွန်းကားခဲ့ကြောင်း၊ ၁၉၄၅ ခုနှစ်တွင် ကတိုးကျေးရွာမှာပင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ဆရာကြီး၏ရုပ်တုကို ကြေးပိဿာချိန် ၆၅ ပိဿာဖြင့် အမြင့်သုံးပေအရွယ် ထုလုပ်ထားပြီး အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုတက္ကသိုလ်တို့တွင် နောက်ထပ်တစ်ခုစီ ထုလုပ်ထားရှိသွားမည်ဟုလည်း သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# သီတဂူဆရာတော်ကြီး၏ ဂုဏာဝိသိဋ္ဌပူဇာသဘင် ကျင်းပ

**မန္တလေး စက်တင်ဘာ ၁**

မန္တလေး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ မလွန်စျေးဆန်လှူအသင်းရုံး၌ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ သီတဂူဆရာတော်ကြီး၏ ဂုဏာဝိသိဋ္ဌပူဇာသဘင်ကို ဩဂုတ် ၂၉ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရနှင့် တောင်စလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တတိက္ခတို့ အမှူးပြုသော အသင်းဩဝါဒါစရိယဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်ကြပြီး အသင်းဥက္ကဋ္ဌ ဦးဉာဏ်ထူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမြို့မြို့အနယ်နယ်ရှိ အသင်းထောက်များမှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြ သီတဂူဆရာတော်ကြီးက သီလ ချီးမြှင့်သည်။ ထို့နောက် အသင်းဥက္ကဋ္ဌက အခမ်းအနားကျင်းပခြင်းနှင့်ပတ်သက်၍ လျှောက်ထားသည်။

ထို့နောက် သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒက ဂုဏပူဇာဂါထာဖြင့်လည်းကောင်း၊ စစ်ကိုင်းမြို့မှ စောင်းဦးညိုဝင်းအဖွဲ့က ဂုဏပူဇာ ရှစ်ဆယ်ပေါ်တေးထပ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး ဖရဝိပဿနာ မဟာဂန္ဓာရုံဆရာတော်နှင့် ဆားတောင်ဆရာတော်တို့က အခါတော်ဖတ်ကြား၍လည်းကောင်း ပူဇော်ကြပြီး ဆက်လက်၍ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးအား ဘွဲ့ဆိပ်တော်နှင့် အသင်းမှအလှူငွေကျပ်သိန်း ၁၀၀၀၊ ပန်းဘဲတန်းမြို့နယ်အသင်းထောက်မှ ငွေကျပ်သိန်း ၁၀၀ တို့ အပါအဝင် အလှူငွေကျပ် ၁၁၁၅ သိန်းကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ စုပေါင်းလောင်းလှူ၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သီပေါမဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**သီပေါ စက်တင်ဘာ ၁**

ရှေးနှစ်ပေါင်း ၁၅၀ ခန့်က ကမ္ဘောဇတိုင်း သီပေါစော်ဘွားကြီး စောကြာခိုင်နှင့် ဆွေတော်၊ မျိုးတော်များ မန္တလေးဘုရားကြီး မဟာမုနိပုံတော်မြတ်အတိုင်း သွန်းလောင်းကိုးကွယ်ပူဇော်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင် သီပေါမြို့၏ အထင်ကရသာသနာ့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၂)ကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲတော်၊ မြို့နယ်လုံးကျွတ်သံဃဒါနဆွမ်းကြီးလောင်းလှူပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၉ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပွဲတော်ကျင်းပရေးနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကား ပြောကြားသည်။ ယခုနှစ်တွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၈၄ ကျောင်းမှ ရဟန်း ၄၄၆ ပါးနှင့် ရှင်သာမဏေ ၁၁၄၇ ပါး စုစုပေါင်း ၁၅၉၃ ပါးတို့ကို စာရေးတံမဲဖောက်၍ ပဒေသာပင်များ ပြုလုပ်ကာ ရိုးရာယဉ်ကျေးမှုမပျက် လှူဒါန်းပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရေဆင်းတက္ကသိုလ်ကျောင်းသားများ ကျေးရွာသစ်စီမံကိန်းလုပ်ငန်းခွင် လာရောက်လေ့လာ

**ကျောက်တန်း စက်တင်ဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်း၍ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးရွာသစ်စီမံကိန်း(SMUC) ရေဆင်းတက္ကသိုလ်မှ လုပ်ငန်းခွင်အတွေ့အကြုံယူ(B.Ag Internship) ကျောင်းသား ကျောင်းသူ ၁၄ ဦး ဩဂုတ် ၃၀ ရက်က ကွင်းဆင်း၍ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။



ကျောင်းသား ကျောင်းသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေး တာဝန်ခံ ဒေါ်ဝင်းဝင်းမိုး၊ တိုင်းဒေသကြီးနှင့် ခရိုင် မျိုးစေ့ တာဝန်ခံ ဆရာမများ၊ KOICA စေတနာ့ဝန်ထမ်းများ အဖွဲ့က လာရောက်လေ့လာခြင်းဖြစ်ပြီး အဆိုပါလေ့လာရေးအဖွဲ့အား ဝဲကြီးကျေးရွာ မြန်မာဆယ်မားအူးလ်အွန်ဒုံယာယီရုံးခန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထိန်လင်း ဟန်ကျေးရွာ၊ စိုက်ပျိုးရေးတာဝန်ခံ ဦးပြည်စိုးဟန်နှင့် SMUC ဥက္ကဋ္ဌ ဦးမြင့်ဦးတို့က စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြသသည်။ ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက လုပ်ငန်းလုပ်ဆောင်မှုများကို ကွင်းဆင်းလေ့လာကြပြီး သိလိုသည်များကို တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးခဲ့ကြသည်။

(၀၁၉)

# မူးတိမ်ချောင်းကျိုးပေါက်မှု ပြုပြင်ခြင်းနှင့် သဲနုန်းတူးဖော်ခြင်းများ ဆောင်ရွက်လျက်ရှိ

**ခင်ဦး စက်တင်ဘာ ၁**

ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း မူးတိမ်ချောင်းကျိုးပေါက်သည်ကို ပြုပြင်ခြင်းနှင့် ချောင်းအတွင်း သဲနုန်းများတူးဖော်ခြင်း လုပ်ငန်းများကို ခင်ဦးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရန်ပုံငွေ ကျပ်သိန်း ၁၈၀ အကုန်အကျခံ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေ ကျပ်သိန်း ၁၈၀ဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် မေလအတွင်းမှပင် စတင်ဆောင်ရွက်နေခြင်းဖြစ်ကာ လုပ်ငန်းများပြီးစီးပါက မူးတိမ်အလယ်ချောင်းကျိုးပေါက်မှုကြောင့် နှစ်စဉ်ရေနစ်မြုပ်မှုခံနေရသည့် ကျေးရွာအုပ်စုခြောက်စုရှိ ကွင်းပေါင်း ၁၀ကွင်းမှ စိုက်ပျိုးမြေ ဧက ၃၀၀၀ ကျော်ကို ရေနစ်မြုပ်မှု ကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ချောင်းတူးဖော်နေသည့် လုပ်ငန်းဆောင်ရွက်မှုများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ဩဂုတ်လတတိယပတ်အတွင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြစ်ကြီးနားတက္ကသိုလ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁**

မြစ်ကြီးနားတက္ကသိုလ်၏ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃၀ ရက်က အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မြစ်ကြီးနားတက္ကသိုလ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြန်မာစာဌာနတွဲဖက်ပါမောက္ခ ဒေါက်တာစန္ဒာရိုန်က ပြိုင်ပွဲအကြောင်း ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။ မြစ်ကြီးနားတက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကာယဗလမောင်ပြိုင်ပွဲတွင် အကြီးတန်းအဆင့် ရှစ်ဦး၊ အငယ်တန်းအဆင့် ၁၂ ဦး ၊ ကာယအလှမယ်ပြိုင်ပွဲတွင် အကြီးတန်းအဆင့် ၁၂ ဦး၊ အငယ်တန်းအဆင့် ၂၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဆုရရှိသော ကာယဗလမောင်နှင့် ကာယအလှမယ်များအား မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းစိုးနှင့် တာဝန်ရှိသူများ ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# ကျောက်ကပ်ဆေးစက်နှင့် ဆက်စပ်ပစ္စည်းများအတွက် အလှူငွေပေးအပ်

**တာချီလိတ် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံ၌ ကျောက်ကပ်ဆေးစက်တပ်ဆင်ရန်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန်အတွက် အလှူငွေများနှင့် ဆေးရုံတွင် လူနာစောင့်များနားနေရန်အတွက် ထိုင်ခုံရှည်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၃၀ ရက်က ပြုလုပ်ခဲ့သည်။ အလှူငွေပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ် ဒေါက်တာ ဇင်ကိုကိုအောင်က ကျောက်ကပ်ဆေးစက်ဝယ်ယူမည့်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် မြို့မမြို့ဖများက ယခင်မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီမှ စုဆောင်းထားရှိသည့် လက်ကျန် ငွေမှ တာချီလိတ်ပြည်သူ့ဆေးရုံတွင် ကျောက်ကပ်ဆေးစက်တပ်ဆင်ရန်အတွက် လိုအပ်သော R.O Machine ရေသန့်စက်ဝယ်ယူရန်အတွက် ကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်နှင့် တာချီလိတ်မြို့ရေကြီးရေလျှံ ဖြစ်ပေါ်ချိန်များတွင် လိုအပ်သောပစ္စည်းများနှင့် လှေများဝယ်ယူနိုင်ရန်အတွက် ငွေကျပ်သိန်း ၆၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ငွေတောင်မင်းကုမ္ပဏီလီမိတက်နှင့် မြင့်မိုးအောင်ကုမ္ပဏီလီမိတက်တို့ကလည်း တာချီလိတ်ပြည်သူ့ဆေးရုံတွင် လူနာစောင့်များနားနေရန်အတွက် တန်ဖိုး ငွေကျပ် ၇၅ သိန်းခန့်ရှိသည့် ထိုင်ခုံရှည် အလုံး ၈၀ လုံးကို လှူဒါန်းခဲ့သည်။ ထို့နောက် အလှူငွေနှင့် ထိုင်ခုံအလှူရှင်များအား တာဝန်ရှိသူများက ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**

စက်မှုဝန်ကြီးဌာန
အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် ၁/၂၀၁၇-၂၀၁၈

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၄)အထည်စက်ရုံခွဲ၊ ဝါကြိတ်စက်ရုံ(ရှောက်တော)မှ အသုံးမလို ပိုလျှံစက်ပစ္စည်းနှင့် သံတိုသံစများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၁-၈-၂၀၁၇ ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**
**နေပြည်တော်** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းစီမံရေးဌာန ရုံးအမှတ် (၃၇)၊ နေပြည်တော်။
**ရန်ကုန်** - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ)၊အမှတ်(၁) သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁

(ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၉-၉-၂၀၁၇ရက်၊ ၁၆း၀၀နာရီ

(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်။

၃။ အသေးစိတ်သိရှိလိုပါက အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## သီပေါမြို့နယ် နမ့်လန်(မြို့မဈေး) တည်ဆောက်ခြင်းလုပ်ငန်း အဆိုပြုရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ သီပေါမြို့နယ်၊ နမ့်လန်တောင်ပိုင်းရပ် ဦးပိုင်အမှတ် (၃၉)၊ အလျား ၂၈၇ဒသမ၅ပေ၊ အနံ ၂၄၈ပေမြေတွင် နမ့်လန်(မြို့မဈေး)အား ဆောက်လုပ်ရန်အတွက် တည်ဆောက်မည့်ပုံစံများကို အဆိုပြုတင်ဒါတင်သွင်းနိုင်ရန် ကြော်ငြာခေါ်ယူအပ်ပါသည်-

၂။ နမ့်လန်(မြို့မဈေး)အား ဆောက်လုပ်ပြီးစီးလျှင် သီပေါမြို့နယ်စည်ပင်သာယာရေးဌာနသို့ လွှဲပြောင်းအပ်နှံရမည်ဖြစ်ပြီး ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် ဈေးတစ်ခုတွင်ပါဝင်ရမည့် လိုအပ်ချက်များအားလုံးကို ထည့်သွင်းပုံစံထုတ်ရေးဆွဲ အဆိုပြုရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အောက်ပါအချက်များကို အခြေခံပြီး ကုမ္ပဏီ၏အမြင်အရ ပိုမိုကောင်းမွန်သည့်အချက်များ ထည့်သွင်းရေးဆွဲနိုင်ပါသည်-

(က) ဈေးအား သံကူကွန်ကရစ်(၂)ထပ် ဈေးပုံစံရေးဆွဲရန်။

(ခ) ဈေးအားဌာနမှ အဆိုပြုရေးဆွဲထားသည့် မြေညီထပ် Site Plan အပေါ်အခြေခံ၍ မြေညီထပ်တွင် (၈×၈) ပေ ဈေးဆိုင်ခန်း (၄၂၀ခန်း)၊ (၆×၄)ပေ ပွဲရုံဈေးဆိုင်ခန်း (၂၅၅)ခန်း အနည်းဆုံးပါရှိအောင်ရေးဆွဲရန်။ ပထမထပ်အား ကုမ္ပဏီ၏အစီအစဉ်ဖြင့် သင့်လျော်သလိုရေးဆွဲရန်။

(ဂ) မူလဈေးဆိုင်ခန်းပိုင်ရှင်များအား မြေညီထပ်တွင် နေရာပြန်လည်ချထားပေးရမည်ဖြစ်ပြီး (၈×၈)ပေ ဆိုင်ခန်း (၁)ခန်းလျှင် ကျပ်(၁၇)သိန်းထက် မပိုသောနှုန်း၊ (၆×၄) ပေ ပွဲရုံဆိုင်ခန်း (၁)ခန်းလျှင် ကျပ်(၄)သိန်းထက် မပိုသောနှုန်းဖြင့် အရစ်ကျပေးသွင်းသတ်မှတ်ဆောင်ရွက်ရန်။

(ဃ) ဈေးအတွင်း ဝင်/ထွက်လမ်းများ၊ ဈေးတံခါးများနှင့် ဈေးတွင်း ဈေးအပြင် ရေနုတ်မြောင်းများ ဆောင်ရွက်မည့်အစီအမံများ။

(င) မီးဘေးလုံခြုံရေးစနစ်၊ အမှိုက်စွန့်ပစ်မှုစနစ်၊ မိလ္လာစနစ်နှင့် ရေဆိုးထုတ်မည့်အစီအမံများ၊ ရေစင်နှင့်ရေရရှိရေး၊ ရေဖြန့်ဝေရေး ဆောင်ရွက်မည့်အစီအမံများ။

(စ) ဈေးဆိုင်ခန်းမီးများ၊ လုံခြုံရေးမီးများအတွက် လျှပ်စစ်သွယ်တန်းတပ်ဆင်မှုအစီအမံများနှင့် အခြားဝန်ဆောင်မှုပေးနိုင်မည့် အစီအစဉ်များ။

၃။ အဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီသည် မိမိတင်သွင်းသည့်ပုံစံအရ ခန့်မှန်းကုန်ကျစရိတ်နှင့် ပထမထပ်ဆိုင်ခန်းများ ပြန်လည်ရောင်းချမည့် ဈေးနှုန်းများ ထည့်သွင်းအဆိုပြုရမည်-

၄။ အဆိုပြု တင်ဒါတင်သွင်းမည့်ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင် လက်မှတ်မိတ္တူ၊ ကုမ္ပဏီများ အက်ဥပဒေ(၁၀၄)အရ ငွေကြေးပိုင်ဆိုင်မှု အထောက်အထားနှင့် သင်းဖွဲ့မှတ်တမ်းစည်းမျဉ်းများ ထည့်သွင်းအဆိုပြုရမည်။

၅။ အဆိုပြုတင်ဒါများကို အာမခံငွေ ကျပ်သိန်း(၅၀၀)နှင့်အတူ ၉-၁၀-၂၀၁၇ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ သီပေါမြို့နယ်စည်ပင်သာယာရေးဌာနသို့ တင်သွင်းရမည်။

၆။ မိမိအဆိုပြုတင်သွင်းသည့် ပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရက်တွင် နမ့်လန်ဈေးကြီးကြပ်မှုကော်မတီအား ရှင်းပြရမည်ဖြစ်ပြီး ရွေးချယ်မခံရလျှင် တင်သွင်းထားသည့် အာမခံငွေအား တင်ဒါအတည်ပြုရွေးချယ်ပြီးသည့်ရက်မှ (၇) ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရွေးချယ်ခံရသည့်ကုမ္ပဏီသည် တင်ပြသည့် စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ရမည်ဖြစ်ပြီး နမ့်လန်ဈေး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီနှင့် အသေးစိတ်စည်းကမ်းချက်များ ဆွေးနွေးပြီး စာချုပ်ချုပ်ဆိုလုပ်ကိုင်သွားရမည်ဖြစ်ပါသည်-

၈။ လျှောက်လွှာပုံစံနှင့် အသေးစိတ်စည်းကမ်းချက်များကို (၁-၉-၂၀၁၇) ရက်မှစ၍ ရုံးချိန်အတွင်း သီပေါမြို့နယ်စည်ပင်သာယာရေးဌာနရုံးတွင် ဝယ်ယူနိုင်ပါသည်-

**နမ့်လန်ဈေးပြန်လည်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးဌာန၊ သီပေါမြို့**
**ဖုန်းနံပါတ်-၀၈၂-၈၀၀၂၀**

## အမြန်ငှားမည်

၄၅ပေ×၈၅ပေ အမြင့် ၂၈' BN (၂)ထပ်၊ မီး (ပါဝါ၊ ရိုးရိုး)
တောင်ဥက္ကလာ၊ စက်မှုဇုန်၊ နှုန်းသိန်း ၃၀
ဖုန်း-၀၉-၉၆၀၈၃၄၄၇၇

## အများသိစေရန်

ကျွန်မဒေါ်မြတ်လေး ၅/အရတ(နိုင်)၀၅၃၅၃၉၊ အမှတ် ၆၈၈၊ ယုဇန (၆လမ်း)၊ (၂၅) ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်နေသူမှ အမှတ် (၁၁၈၃၊ ဘီ) ဘူတာရုံလမ်း(ခ)ညောင်ပင်သာလမ်း (၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ရှိ နေအိမ်နှင့်အကျိုးခံစားခွင့်အားလုံးကို ၃၀-၃-၂၀၁၀ရက်စွဲဖြင့် ဦးလှထွေး(ခ)ဦးလှထွန်းထံမှ ဝယ်ယူထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါနေအိမ်ပေါ်တွင် ဦးလှထွေး(ခ) ဦးလှထွန်းအား နေထိုင်ခွင့်ပြုခဲ့ပါသည်။ ကျွန်မဒေါ်မြတ်လေးမှ ဝယ်ယူထားပြီးဖြစ်ပါသဖြင့် ကျွန်မ၏သဘောတူညီချက်မပါရှိဘဲ အိမ်ခြံမြေအား ရောင်းချပေါင်နှံခြင်းမပြုလုပ်ပါရန် ကြေညာအပ်ပါသည်။ **ဒေါ်မြတ်လေး**
**၅/အရတ(နိုင်)၀၅၃၅၃၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ အထက(ခွဲ)တောင်ရှည်၊ နဝမတန်းမှ မမိုးသဇင်ထွေး၏ဖခင် ဦးမတ်ရာရှိနှင့်ဦးအောင်လွင် ၆/မမန(နိုင်)၁၂၃၉၉၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးမတ်ရာရှိ(ခ)ဦးအောင်လွင်**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက (ခွဲ)၊ အလက(၃)၊ တက္ကသိုလ်ဝင်တန်းမှ မအေးအေးအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ငယ် ၁၀/မလမ(နိုင်)၀၅၂၁၇၉ ဖြစ်ပါကြောင်း။
**ဦးမောင်ငယ်**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မမိုးအိလှိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့်မှတ်ပုံတင်စာရင်းအရ ဦးယဉ်ထွေး MYK၀၇၁၂၈၉ ဖြစ်ပါကြောင်း။ **ဦးယဉ်ထွေး**

## အမည်မှန်

ဦးတင်မြိုင်၏သား မိတ္ထီလာမြို့၊ အထက(၅)၊ ရှမ်းတဲကျောင်း တက္ကသိုလ်ဝင်တန်း E မှ မောင်တိုးတက်အောင်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်တိုးထက်အောင် ဖြစ်ပါသည်။
**မောင်တိုးထက်အောင်**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အထက (ရှားတော)တက္ကသိုလ်ဝင်တန်း(Eco) မှ မသန်းသန်းစိုး၏ဖခင် ဦးမောင်စိုး၏အမည်မှန်မှာ ဦးစိုးလွင် ၉/တကန(နိုင်)၀၂၀၆၂၁ ဖြစ်ပါကြောင်း။ **ဦးစိုးလွင်**

## ဖခင်အမည်မှန်

ဟံဇာ။ အထက သတ္တမတန်း(B) မှ မောင်နေလင်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးစိုးမြင့်ဦး ၉/သစန(နိုင်)၁၃၀၄၁၅ ဖြစ်ပါသည်။
**ဦးစိုးမြင့်ဦး**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အထက (ရှားတော)တက္ကသိုလ်ဝင်တန်း(Eco)မှ မခိုင်မာအောင်၏ဖခင် ဦးကျော်ရင်၏ အမည်မှန်မှာ ဦးမဟာ ၉/တကန(နိုင်) ၁၁၇၀၂၆ ဖြစ်ပါကြောင်း။
**ဦးမဟာ**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း(B1)မှ မဂျာမြတ်၏ ဖခင်အမည်မှန်မှာ ဦးလရှုံန်ဇော်ဘောမ် ၁/အဂယ(နိုင်)၀၀၁၄၀၂ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အထက(ရှားတော) တက္ကသိုလ်ဝင်တန်း (Eco)မှ မဇာရီမြင့်၏ဖခင် ဦးထွန်းရွှေ၏ အမည်မှန်မှာ ဦးဇော်ဝင်း ၉/တကန(နိုင်)၁၁၇၁၇၉ ဖြစ်ပါကြောင်း။ **ဦးဇော်ဝင်း**

## ဖခင်အမည်မှန်

မိုးညှင်းခရိုင်၊ ဟိုပင်မြို့၊ အထက (မြို့သစ်ကလေး)၊ တက္ကသိုလ်ဝင်တန်း (A) မှ မောင်ချစ်သဲမောင်၏ ဖခင်အမည်မှန်မှာ ဦးမြထွန်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ နိုင်လုံကျေးရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မယုယအောင်၏ ဖခင်အမည်မှန်မှာ ဦးလှမြင့် ၁၀/မဒန(နိုင်)၀၄၅၂၃၂ ဖြစ်ပါကြောင်း။ **ဦးလှမြင့်**

## ဖခင်အမည်မှန်

မိုးညှင်းခရိုင်၊ ဟိုပင်မြို့၊ အထက (မြို့သစ်ကလေး) ၊ တက္ကသိုလ်ဝင်တန်း (A) မှ မနူးပန်၏ ဖခင်အမည်မှန်မှာ ဦးထွားမောင် ဖြစ်ပါသည်။

**အမည်မှန်** မြစ်ကြီးနားမြို့၊ အထက(မန်ခိန်)၊ ဆဋ္ဌမတန်း(က)မှ မောင်ကျော်မင်းထက်၏ အမည်မှန်မှာ မောင်လယ်မယ်ရဲဆာ ဖြစ်ပါသည်။

## ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၆ ခုနှစ် ဇာရီမှုအမှတ် ၆၅

| | | |
|---|---|---|
| ၁။ မနှင်းပွင့်ဖြူ | နှင့် | ၁။ ဒေါ်အေးအေးခိုင် |
| ၂။ မအေးသူငြိမ်း | | ၂။ ဦးထင်ကျော်(ကိုယ်တိုင်နှင့် ၁၊ ၄၊ ၅၊ ၆၊ ၇၊ ၈တို့၏ ကိုယ်စားလှယ်စာရသူ) |
| ၃။ မောင်လွှမ်းမိုးကျော် | | ၃။ ဒေါ်ထက်ထက်ခိုင်(ကွယ်လွန်သူ ဦးမျိုးသန့်၏တရားဝင်ကိုယ်စားလှယ်) |
| | | ၄။ မလှမျိုးအေး |
| | | ၅။ မလှမျိုးထွေး |
| | | ၆။ မောင်နေမျိုးထွန်း |
| | | ၇။ မောင်ဆန်နီ |
| | | ၈။ မခက်မိုးဆွေ |
| **အနိုင်ဒီကရီရသူများ** | | **တရားရှုံးများ** |

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၅၇၀/၂၀၁၁ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၁၇ခုနှစ် အောက်တိုဘာ ၁၂ ရက် နံနက် ၁၀း၀၀ နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် (၆၈၅)၊ ၃၇ လမ်း၊ ၇၃×၇၄လမ်းကြား၊ ဦးပိုင်အမှတ်(၁၄)၊ ဒေါ်မမလေး အမည်ပေါက် မြေဧရိယာ ၀ဒသမ၀၆၈၂ဧကနှင့် ယင်းမြေပေါ်ရှိ RC နှစ်ထပ်တိုက်(၁)လုံး၊ နံကပ်တိုက်(၁)လုံးနှင့် ပျဉ်ထောင်(၂)ထပ်အဆောက်အအုံအပါအဝင် အဆောက်အအုံ(၃)လုံး၊ လျှပ်စစ်မီတာ၊ ရေမီတာ၊ ဖုန်း-၀၂-၆၂၂၄၀။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း (၁၅၀၀၀)**
**(ကျပ်သိန်းတစ်သောင်းငါးထောင်တိတိ)**
**ရောင်းချမိန့် အစီရင်ခံပြန်ရန်**
**၁၃-၁၀-၂၀၁၇ရက်**
**လေလံရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ကျွန်တော်များ Ye Zaw Aung Trading Co.,Ltd. သည် Sigma Agrochemical Co.,Ltd(Thailand) မှ ဖြန့်ဖြူးခွင့်ရရှိသော မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ရရှိထားသည့် အောက်ဖော်ပြပါပစ္စည်းများအား Agro Green Land Chemical Co.,Ltd. သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

| Sr. | Trade Name | Active Ingredient | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Bingo | Bispyribac 20% WP | Provisional | P2017-3575 |
| 2 | Super Man | Mancozeb 80% WP | Provisional | P2017-3576 |
| 3 | Rainbow | Paraquat1 27.6% SL | Provisional | P2017- 3577 |

Ye Zaw Aung Trading Co.,Ltd. Ph-09-25402228/ 09-448045122

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ကျွန်တော်များ Ye Zaw Trading Co.,Ltd သည် Liar Chemical Co.,Ltd(China) မှ ဖြန့်ဖြူးခွင့်ရရှိသော မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ရရှိထားသည့် အောက်ဖော်ပြပါပစ္စည်းများအား Agro Green Land Chemical Co.,Ltd သို့ ဖြန့်ဖြူးခွင့် လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

| Sr. | Trade Name | Active Ingredient | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Admiral 25 SC | Azoxystrobin 250g/1 SC | Provisional | P 2017-3561 |
| 2 | Killmaster 45 EC | Chlorpyrifos 45 % EC | Provisional | P 2017-3562 |
| 3 | Evergreen 80WDG | Dimethomorph 80 % WDG | Provisional | P 2017-3563 |
| 4 | Bullet 1 EC | Emamectin Benzoate 1% EC | Provisional | P 2017-3564 |
| 5 | Burnup 41 SL | Glyphosate 41 % SL | Provisional | P 2017-3565 |
| 6 | Calm | Haloxyfop-R-methyl 108g/1 EC | Provisional | P 2017-3566 |
| 7 | Armstar 30 SC | Hexaconazole 30 % SC | Provisional | P 2017-3567 |
| 8 | Green Angel | Kresoxim-methyl 50 % WDG | Provisional | P 2017-3568 |
| 9 | Kungfu 2.5 EC | Lambda-cyhalothrin 25 g/ 1 EC | Provisional | P 2017-3569 |
| 10 | Crux 33 EC | Pendimethalin 330g/1 EC | Provisional | P 2017-3570 |
| 11 | Veteran 40 EC | Phoxim 40 % EC | Provisional | P 2017-3571 |
| 12 | Starconazole | Propiconazole 250 g/ 1 EC | Provisional | P 2017-3572 |
| 13 | Green Wood 50 SC | Sulfur 50 % SC | Provisional | P 2017-3573 |
| 14 | Moregren 80 WP | Zineb 80 % WP | Provisional | P 2017-3574 |
| 15 | Cropstar 30 EC | Difenoconazole 15% + Propiconazole 15% EC | Experimental | E 2017-3560 |

Ye Zaw Aung Trading Co.,Ltd. Ph-09-25402228, 09-448045122

## အမည်မှန်

ဦးဗန်လာလ်ဆတ် ၄/ဖလန(နိုင်)၀၁၈၀၆၄၏သမီး၊ နေပြည်တော် အထက (၅) နဝမတန်း (B)မှ မဗန်လာဆွီးစင်ပါရ်၏ အမည်မှန်မှာ မဗန်လာလ်ရွှေစင်ပါရ် ဖြစ်ပါကြောင်း။ **မဗန်လာလ်ရွှေစင်ပါရ်**

## ဖခင်အမည်မှန်

ပေါင်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မရွှေဇင်အေး၏ဖခင်အမည်မှန်မှာ ဦးဇော်ထွန်း ၁၀/ပမန(နိုင်) ၁၃၂၃၅၇ ဖြစ်ပါကြောင်း။
**ဦးဇော်ထွန်း**

## မိဘအမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီး (အထက)၊ တက္ကသိုလ်ဝင်တန်း (ခ)မှ မောင်မင်းမင်းသဲ၏ မိဘအမည်မှန်မှာ ဦးပေါ ၉/မမန(နိုင်)၀၅၁၃၅၉နှင့် ဒေါ်တင်ငွေ ၉/မမန(နိုင်)၀၅၁၃၆၄ ဖြစ်ပါသည်။
**ဦးပေါ+ဒေါ်တင်ငွေ**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက (၂) တက္ကသိုလ်ဝင်တန်း (C) မှ မစုမြတ်မင်း၏ဖခင်အမည်မှန်မှာ ဦးမိုးကြိုင် ၅/တမန(နိုင်)၀၅၁၅၄၅ ဖြစ်ပါကြောင်း။
**ဦးမိုးကြိုင်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (B) မှ မောင်ရန်နိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်လင်း ၅/ကလထ(နိုင်)၀၅၅၅၈၉ ဖြစ်ပါကြောင်း။
**ဦးအောင်လင်း**

## ဖခင်အမည်မှန်

တောင်ငူ အထက(၁) တက္ကသိုလ်ဝင်တန်း(D) မှ မောင်ကျော်ဇေယျ၏ ဖခင်အမည်မှန်မှာ ဦးမျိုးခိုင် ၇/တငန(နိုင်)၀၇၁၆၆၇ဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်း-၂၀)
လှည်းကူးမြို့နယ်တရားရုံး၌
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၇၉

| | | |
|---|---|---|
| ဒေါ်ဘူးဖူ(ခ)ဒေါ်ဘူးဖို (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးခိုင်အောင်) | နှင့် | ၁။ ဦးကုလား(ခ)အောင်ဆန်းလင်း<br>၂။ မငြိမ်းငြိမ်းထွေး(ခ)ငြိမ်းငြိမ်း<br>၃။ ကိုနိုင်မင်း(ခ)နိုင်နိုင်မင်း (ခ)နိုင်ကြီး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ (၈/၂) တိုးချဲ့၊ နီလာရတနာလမ်း၊ အမှတ် ၇၂၈နေ (၁)ဦးကုလား(ခ)အောင်ဆန်းလင်း၊ (၂) မငြိမ်းငြိမ်းထွေး(ခ)မငြိမ်းငြိမ်း(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကျူးကျော်ဝင်ရောက်နေထိုင်သူ တရားပြိုင်များနှင့် ၄င်းတို့၏ပတ်သက်ဆက်နွယ်သူများအားလုံး ခြံမြေမှဖယ်ရှား ထွက်ခွာစေ၍ ခြံမြေအား လက်ရောက်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၈ ရက် (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူတို့ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေဠုထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**လှည်းကူးမြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်မှန်

ဦးဇော်မျိုးထွန်း၏သမီး တပ်ကုန်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း A1 မှ မနှင်းနှင်းဝေ၏ မွေးသက္ကရာဇ်မှန်မှာ ၄-၁-၂၀၀၃ ဖြစ်ပါသည်။
**မနှင်းနှင်းဝေ**

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ နိုင်လုံကျေးရွာ၊ အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသဇင်ဖူး၏ ဖခင်အမည်မှန်မှာ ဦးမိုးခိုင် ၁၀/မဒန(နိုင်)၂၂၈၄၆၄ ဖြစ်ပါကြောင်း။ **ဦးမိုးခိုင်**

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ နိုင်လုံကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တက္ကသိုလ်ဝင်တန်း(ခ)မှ မဝင်းဝါဝါခိုင်နှင့် ဆဋ္ဌမတန်း(က)မှ မခိုင်သူဇာကျော်၏ဖခင်အမည်မှန်မှာ ဦးစိုးထွေး ၁၀/မဒန(နိုင်)၁၁၄၆၅၁ ဖြစ်ပါကြောင်း။
**ဦးစိုးထွေး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်နိုင်ဇေယျာလင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဆွေ ၈/မကန(နိုင်)၁၂၆၀၃၂ ဖြစ်ပါကြောင်း။
**ဦးမောင်မောင်ဆွေ**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း (၃) လမ်း၊ အမှတ် ၈၄၈ နေ ဦးအေးခင်မောင်-ဒေါ်ကြည်ကြည်တို့၏သမီး မနှင်းသဇင်ခိုင်အား မနှင်းပွင့်ဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးအေးခင်မောင်**
**၁၁/ပဏက(နိုင်)၀၃၉၀၄၈**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက(တပ်ကြီးကုန်း)သတ္တမတန်း (A) မှ မဆန်နီအေးသိုက်၏ဖခင်အမည်မှန်မှာ ဦးလှထူး ၁၂/လသယ(နိုင်)၀၃၇၃၃၄ ဖြစ်ပါကြောင်း။**ဦးလှထူး**

## ပုပ္ပားကျောင်း အဓိဋ္ဌာန်အောင်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် ပုပ္ပားကျောင်းတွင် ၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်မှ ၁၁ ရက်အထိ (၂၀၁၇ခုနှစ် စက်တင်ဘာ ၇ ရက်မှ ၁၆ ရက်အထိ) (၆၅)ကြိမ်မြောက် အနန္တေအနန္တငါးပါး ပူဇော်ပွဲ၊ ခင်ပွန်းကြီး (၁၀)ပါးပူဇော်ပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သက်ကြီးပူဇော်ပွဲ၊ သတ္တဝါဘေးမဲ့လွှတ်ပွဲ၊ သတိပဋ္ဌာန်ဝိပဿနာတရားစခန်းပွဲကြီးကျင်းပမည်ဖြစ်သည်။ အဓိဋ္ဌာန်တရားစခန်းပွဲကြီးတွင် တရားစခန်းဝင်မည့်ယောဂီများ တော်သလင်းလပြည့်ကျော် ၂ ရက်အရောက်လာရမည်။

အဓိဋ္ဌာန်အောင်ပွဲကြီးတွင် ကန်တော့ပွဲတစ်ပွဲ ကျပ်၃၀၀၀၊ တရားစခန်းဝင်ယောဂီများအတွက် အသက်လွှတ် အရဏ်ဆွမ်းတစ်ရက်ကျပ် ၂၀၀၀၀၊ နေ့ဆွမ်းကျပ်၃၀၀၀၀၊ အချိုပွဲ ကျပ် ၂၀၀၀၀ ဖုန်း-၀၉-၄၂၅၀၂၅၈၆၈၊ ၀၉-၄၂၀၇၄၂၄၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ဘီလပ်မြေအိတ်များ လှူဒါန်းနိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်း တောင်ပိုင်း သုခလမ်းနှင့် ဓမ္မပါလလမ်းပေါ်တွင် အဘွားလေးဒေါ်ဓမ္မေသီ တည်ထားကိုးကွယ်တော်မူသော ''သဗ္ဗညုပုထိုးတော်ကြီး၏ အတွင်းပိုင်းတွင် အချောသတ်ရန်အတွက် ဘီလပ်မြေအိတ်(၁၀၀၀၀)လိုအပ်နေပါသဖြင့် လာရောက် လှူဒါန်းနိုင်ပါသည်။ ကိုယ်တိုင်ဝယ်ပို့ လှူဒါန်းလည်းရပါသည်။ ဘီလပ်မြေ ၁-အိတ်လျှင် ကျပ် ၅၇၀၀/- ဖြစ်ပါသည်။



မြောက်ဥက္ကလာ ကမ္ဘောဇဘဏ် PINNYA SIRI – KBZ Bank
(Account No.070-301-07000085501, 070-501-07000085501)
ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

(ဆက်သွယ်နိုင်သော ဖုန်းနံပါတ်)
ဒေါက်တာဒေါ်ပညာသီရိ
၀၉-၄၅၀၀၄၆၂၉၀၊ ၀၉-၇၉၉၆၆၈၂၂၀

## ပညာဝတီရိပ်သာ
## ကုဋ္ဌာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား (၃၉)ကြိမ်မြောက် ပန်းများလှူဒါန်းနိုင်ကြပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်းတိုက်အတွင်း ပညာဝတီဆရာတော်ကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ၏ အဓိဋ္ဌာန်ဖြင့်တည်ထားကိုးကွယ်တော်မူခဲ့သော ဓာတ်တော်ပေါင်း (၈၄၀၀၀)တို့၏ ကိန်းဝပ်ရာကုဋ္ဌာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား (၃၉) ကြိမ်မြောက်

| | |
|---|---|
| သုတ္တန် ပိဋကတ် ဓမ္မက္ခန္ဓာပေါင်း | - ၂၁၀၀၀ |
| ဝိနည်း ပိဋကတ် ဓမ္မက္ခန္ဓာပေါင်း | - ၂၁၀၀၀ |
| အဘိဓမ္မာ ပိဋကတ် ဓမ္မက္ခန္ဓပေါင်း | - ၄၂၀၀၀ |

အားလုံး ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀တို့အား ဓမ္မက္ခန္ဓာတစ်ဆူလျှင် ပန်းတစ်ပွင့်ကျ ရည်မှန်းပြီး ပန်းပေါင်းရှစ်သောင်းလေးထောင်တို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်လိုပါသောကြောင့် ၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၁၄ရက် ၄-၉-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီမှ ည ၈နာရီထိ မည်သူမဆို မိမိတို့၏ စေတနာသဒ္ဓါတရား ထက်သန်သလောက် ပန်း၊ သစ်သီး၊ ဆီမီးများကို ကျရောက်နေသော အန္တရာယ်ခပ်သိမ်း၊ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ ရောဂါခပ်သိမ်း၊ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကိုရည်မှန်းပြီးပဋ္ဌာန်းဆက်ရှိကြကုန်သော သဒ္ဓါကြည်လင်ပါရမီရှင် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား ကုသိုလ်တရားတိုးပွားစေရန် ရည်မှန်းပြီး လာရောက်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ညနေ ၃ နာရီတွင် ပန်း၊ သစ်သီး၊ ဆီမီး လာရောက်လှူဒါန်းသူများအား နို့စိမ်းခေါက်ဆွဲဖြင့် စတုဒိသာကျွေးမွေးဧည့်ခံပါမည်။

**အကျိုးဆောင်အဖွဲ့**
**ပညာဝတီရန်ကင်း**

## (၂၁-၁၀-၂၀၁၆) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မုဒိတာများ

- အထူးကောင်းမွန်ပါသည်။ ဦးလှဝင်း (တောင်ကြီး ၀၉-၅၂၁၀၆၉၄)
- အောင်ခိုင်ဆင့်နှင့်အဖွဲ့ အရမ်းကောင်းပါသည်။ တာဝန်ကျေပါသည်။ ဒေါ်ခင်ကြီး (တောင်ကြီး ၀၈၁-၂၀၆၀၀၅)
- ခင်နန္ဒာအဖွဲ့ကြီး ဒီထက်အောင်မြင်တိုးတက်ပါစေ။ ဒေါ်နန်းစိန်ငွေ (လားရှိုး ၀၉-၇၉၇၇၆၁၉၂၃)
- ထပ်မံ၍ ခင်နန္ဒာအဖွဲ့နှင့်အတူ ဗုဒ္ဓဂယာဘုရားဖူးလိုပါသည်။ ဒေါ်မာမာဦး (လားရှိုး ၀၉-၄၀၃၇၃၂၂၂၆)
- အားရကျေနပ်မိပါသည်။ ဒေါ်နီနီဝင်း (တောင်ကြီး ၀၈၁-၂၀၆၀၀၅)
- အထူးကောင်းမွန်ပါသည်။
  မမေပွင့်ဦး (ဆိပ်ကြီးခနောင်တို ၀၉-၇၇၅၉၉၇၁၀၆)
  မသင်းသင်းလှိုင် (အင်းစိန် ၀၉-၇၃၂၃၇၈၅၉)
  ဦးအေးဟန် (မော်လမြိုင် ၀၉-၇၉၁၇၃၈၄၃၅)
  ဒေါ်မာလာအောင် (မင်္ဂလာဒုံ ၀၉-၃၁၁၀၉၇၇၁)
  ဒေါက်တာမိုးကျော် (မင်္ဂလာဒုံ ၀၉-၇၉၉၆၉၇၉၂)
  ဦးတင်လှ (မင်္ဂလာဒုံ ၀၉-၄၂၁၁၅၃၉၃၈)

## (၂၆-၁၀-၂၀၁၆) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မုဒိတာများ

- ကုသိုလ်တွေတိုးပြီး အစစချမ်းသာအမျိုးမျိုး ခံစားနိုင်ကြပါစေ။ ဦးဝမ္မတိဏ္ဏ (မြောက်ဥက္ကလာ ၀၉-၅၄၀၅၅၈၉)
- ဆက်ဆံရေးအထူးကောင်းမွန်ကြပါသည်။ ဒေါ်မေမေခင် (တာမွေ ၀၉-၇၈၉၁၀၇၉၅၀၈)
- ရှေ့ကို ကုမ္ပဏီ ဒီထက်ကြီးပွားပါစေ။ ဦးရွှေဘော် (တောင်ဒဂုံ ၀၉-၂၅၄၄၉၂၀၇)
- အားလုံးကောင်းပါသည်။ ဒေါ်ခင်စန်းမြင့် (သဃ်န်းကျွန်း ၀၉-၇၉၁၇၇၁၂၂၆)
- အားလုံးအဆင်ပြေပါတယ်။ ဒေါ်စန်းတင် (သဃ်န်းကျွန်း ၀၉-၇၉၉၅၆၁၈၈၉)
- ကျေနပ်မိပါတယ်။ ဦးအုန်းလှိုင် (မန္တလေး ၀၉-၂၆၅၇၀၈၂၅၂)
- ပြောစရာမရှိပါ။ ဒေါ်ခင်အေး (မန္တလေး ၀၉-၂၆၅၇၀၈၂၅၂)
- ဝန်ဆောင်မှုကောင်းပါသည်။ ဒေါ်အေးရီ (တာမွေ ၀၉-၇၈၁၀၇၉၅၀၈)
- ဇင်အောင်ထွေးအဖွဲ့ အထူးကောင်းပါသည်။
  ဒေါ်မာမာအေး (တောင်ဥက္ကလာ ၀၉-၅၁၆၄၉၁၄)
  ဒေါ်ပြုံးရီ (တာမွေ ၀၉-၉၆၂၈၉၉၂၇၈)
- ကလေးတွေအားလုံးကောင်းသည်။ ဦးရွှေလှိုင် (တောင်ဒဂုံ ၀၉-၄၂၅၂၆၅၇၀၄)
- ဝန်ထမ်းအားလုံးသည် အကောင်းဆုံးလူငယ်များဖြစ်ပါသည်။ ဒေါ်လှလှသိန်း (မန္တလေး ၀၉-၅၀၀၅၀၁၇)
- အဖွဲ့လိုက်ဝန်ဆောင်မှုကောင်းမွန်ပါသည်။ ဒေါ်စန်းစန်းတင့် (တောင်/ဥက္ကလာ ၀၉-၇၉၈၄၀၉၅၅၆)
- ကိုဖြိုးလင်းကျော်နှင့် ကလေးများအားလုံး ဆက်ဆံရေး ကောင်းမွန်ပါသည်။ ဒေါ်ခင်စောသန်း (ပုဇွန်တောင် ၀၉-၅၁၆၉၈၇၃)
- နောက်တစ်ခေါက် ခင်နန္ဒာနှင့်သွားပါမည်။ ဦးအေးမြင့် (လှိုင်သာယာ ၀၉-၇၇၇၁၉၄၄၉၀)
- ကျေးဇူးအထူးတင်ပါသည်။ ဒေါ်စန်းအိ (လမ်းမတော် ၀၉-၇၉၀၁၆၆၂၀၈)
- ပြောစရာမရှိအောင်ကောင်းမွန်ပါသည်။ ဒေါ်ခင်တိုးမြင့် (ပျဉ်းမနား ၀၆၇-၂၁၅၀၈)
- အားလုံးကို ကျေးဇူးတင်သည်။ ဒေါ်ချော (ဘီးလင်း ၀၉-၇၇၄၂၈၇၆၆၅)
- နွေးထွေးသောခရီးစဉ်ဖြစ်ပါသည်။ မောင်အောင်ထက် (ကမာရွတ် ၀၉-၇၉၇၁၉၅၈၀၈)
- အထူးကောင်းမွန်ပါသည်။ ဦးသိန်းဆွေ (တာမွေ ၀၉-၅၀၅၂၁၈၄)
- အစစအရာရာကောင်းမွန်ပါသည်။ ဒေါ်မူမူဖုန်း (တာမွေ ၀၉-၅၀၅၂၁၈၄)
- အပျော်ဆုံးခရီး။ ဦးမောင်ကို (ဟင်္သာတ ၀၉-၃၂၃၅၁၆၇၁)
- ကောင်းမွန်ဆန္ဒလိုရာပြည့်ပါစေ။ ဒေါ်သိန်းနွဲ့ (မုံရွာ ၀၉-၇၈၄၀၀၀၇၈၄)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၈၆၇၀ Yonde 110 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းညွန့်ဦး ၅/ကနန(နိုင်)၀၃၀၅၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၇၄၀၆၆ Jianshe SS 110-S ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဆက်မြတ်စိုးနိုင် ၁၀/သဖရ(နိုင်)၁၃၃၀၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၆၂၃၈၆ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဦး ၆/လလန(နိုင်)၀၇၅၂၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၁)(သီဟတပ်ခွဲ)၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖိတ်ကြားလွှာ

OTS "61"မှ သူငယ်ချင်းများနှင့်မိသားစုဝင်များ၏ (၃၆)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားအား အောက်ဖော်ပြပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်အတူ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**ဂေါက်သီးရိုက်ပွဲကျင်းပခြင်း**

**ရက်စွဲ၊ အချိန်** - ၉-၉-၂၀၁၇ရက်(စနေနေ့) နံနက် ၆း၀၀နာရီ
**နေရာ** - ငွေသော်တာကွင်း၊ မြို့တော်စည်ပင်ဂေါက်ကွင်း၊ ရန်ကုန်။

**ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆရာကန်တော့ပွဲကျင်းပခြင်း**

**ရက်စွဲ၊ အချိန်** - ၁၀-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ
**နေရာ** - ရွှေဟင်္သာစံကျောင်း၊ အမှတ် ၁၉-က၊ သုခဝတီလမ်း၊ (ယခင် စူနီယမ်ပတ်)၊ ရန်ကင်းမြို့နယ်။

**မိတ်ဆုံညစာစားပွဲကျင်းပခြင်း**

**ရက်စွဲ၊ အချိန်** - ၁၀-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၁၈း၃၀နာရီ
**နေရာ** - ရွှေလိပ်ပြာဟိုတယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
**ဆက်သွယ်ရန် ။ ။** ညီဖြူလှ ဖုန်း-၀၉-၅၀၇၀၆၁၄၊ ရွှေခိုင် ဖုန်း-၀၉-၂၅၀၁၄၄၂၅၊ တင်အေး ဖုန်း-၀၉-၅၀၁၀၅၃၃၊ လှမြင့် ဖုန်း-၀၉-၅၅၀၁၁၀၀၊ မျိုးခိုင် ဖုန်း-၀၉-၂၅၄၁၄၀၃၃၆၊ မြင့်သိန်း ဖုန်း-၀၉-၇၉၅၇၀၂၄၇၄

## ဖခင်အမည်မှန်

အထက(၂) တောင်ဥက္ကလာ တက္ကသိုလ်ဝင်တန်း E မှ မောင်ရဲလင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်၁၂/ဥကတ(နိုင်) ၀၄၄၆၂၂ ဖြစ်ပါကြောင်း။ **ဦးသက်နိုင်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/9793 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၁၄ လမ်း၊ အမှတ် ၄၄၄(က)ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ လူနေရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၄၄၄(က)၊ ဧရိယာ ၀ဒသမ၀၂၇ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဖခင်ဦးအောင်မြင့် CE-၀၆၀၉၁၆ အမည်ပေါက်လျက်ရှိပြီး မိခင်၊ ဖခင်နှင့် အစ်ကို/မောင်ဖြစ်သူ ဦးအောင်သူ(လူပျိုကြီးဘဝဖြင့်ကွယ်လွန်)တို့ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရရှိသူ သားသမီးများဖြစ်သည့် (၁)ဦးကျော်ထွန်းလှိုင် ၁၂/ဥကတ(နိုင်)၀၈၅၆၁၄၊ (၂)ဒေါ်ခင်ထားကြည် ၁၂/ဥကတ(နိုင်)၀၈၂၁၁၄၊ (၃)ဦးခင်မောင်ထွေး ၁၂/ဥကတ(နိုင်)၁၃၇၈၃၅၊ (၄)ဒေါ်မင်းမင်းသူ ၁၂/ဥကတ(နိုင်)၁၄၂၉၀၇ တို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)
**ဦးသန့်ဇော်** တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊ မြေခြားကျေးရွာနေ ဦးတင်သောင်း ၈/မလန(နိုင်)၀၅၁၆၁၇ ၏ သမီး မခိုင်ဇာနွယ်၏ အမည်မှန်မှာ မခိုင်သူဇာနွယ်ဖြစ်ကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး ပုတီးကုန်း အထက တက္ကသိုလ်ဝင်တန်းမှ မတင်ဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းလှိုင် ၇/သကန(နိုင်)၀၉၅၀၇၃ ဖြစ်ပါသည်။

**ဦးသိန်းလှိုင်**

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ယွန်းဒလင်းကုန်းကျေးရွာအုပ်စု၊ ကော့ကမယ်ကျေးရွာနေ ဦးဟန်မိုးအောင်၏သမီး မဇူးဇူးထက်စံမိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၅-၂၀၀၁ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပြည်မြို့နယ်၊ D-T-T-M ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ငွေ ၈/မထန(နိုင်)၀၅၁၃၉၀ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ငွေ**

## ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ် ဏ/၁၄ရပ်ကွက် အလက (၁၀) တတိယတန်း B မှ မောင်ကောင်းမြတ်သော်ဒီ၏ ဖခင်အမည်မှန်မှာ ဦးဝေဖြိုးအောင် ၁၂/ရပသ(နိုင်)၀၆၅၂၆၈ ဖြစ်ပါကြောင်း။

**ဦးဝေဖြိုးအောင်**

## ဖခင်အမည်မှန်

အောင်လံမြို့ အထက ၁၊ နဝမတန်း (C) မှ မဝါဝါမိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်း ၈/ဆပဝ(နိုင်)၀၆၃၆၄၇ ဖြစ်ပါကြောင်း။

**ဦးစိုးသိန်း**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့ အထက(ခွဲ)စက်ရုံ၊ အဋ္ဌမတန်းမှ မောင်အောင်ထက်ပိုင်၏ဖခင် ဦးကျော်အောင်၏ အမည်မှန်မှာ ဦးအောင်သူရ ၁၄/ဝခမ(နိုင်)၁၆၅၉၅၇ ဖြစ်ပါသည်။

**ဦးအောင်သူရ**

## မိခင်အမည်မှန်

အောင်လံမြို့၊ အထက -၁၊ နဝမတန်း(C)မှ မဆုယမင်းထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်သူဇင်ဆွေ ၈/အလန(နိုင်)၁၁၁၅၁၈ ဖြစ်ပါကြောင်း။

**ဒေါ်သူဇင်ဆွေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်ကျွန်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မအေးသူဇာ၏ ဖခင် ဦးဇော်လတ်(ခ)ဦးဇော်လေး ၁၄/မမက(နိုင်)၁၅၀၅၇၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်း အထက ဒုတိယတန်းမှ မောင်ဘုဏ်းစစ်ပိုင်၏အမည်မှန်မှာ မောင်ဘုန်းစစ်ပိုင် ဖြစ်ပါသည်။ **ဖခင် ဦးစိုးပိုင် ၇/သကန(နိုင်)၀၈၂၅၇၂**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နဝမတန်း အတွဲ(၁)မှ မသီရိရွှေစင်၏ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၁၄/မမက(နိုင်)၀၄၁၁၉၁ ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်**

## မိခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့နယ်၊ ကံပေါက်ကျေးရွာ၊ အထက်တန်းကျောင်း ဆဋ္ဌမတန်းအခန်း (C)မှ မအိန္ဒြာစိုး၏ မိခင်အမည်မှန်မှာ ဒေါ်မူမူ ၆/ကလအ(နိုင်)၀၀၈၄၃၃ ဖြစ်ပါကြောင်း။

**ဒေါ်မူမူ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/6155၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၂)**
**နတ်တလင်းမြို့နယ်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၃၄**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ် ၁၈**

| | | |
|---|---|---|
| ဒေါ်အေးမြင့် | **နှင့်** | ၁။ ကိုတူး(ခ)ခင်မောင်ထွေး<br>၂။ မဖြူစိန် |
| **တရားနိုင်** | | **တရားရှုံးများ** |

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ ပဲမခမ်းအုပ်စု၊ ပဲမခမ်းကျေးရွာနေ တရားရှုံး(၁)ကိုတူး(ခ)ခင်မောင်ထွေး၊ (၂) မဖြူစိန် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၃၄တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၁ရက် (၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**မြို့နယ်တရားသူကြီး**
**နတ်တလင်းမြို့နယ်တရားရုံး**




## အလားအလာကောင်းသော မြေကွက်(၃)ကွက်ရောင်းမည်

**(၁) ပဲခူးမြေကွက်(ဝဒသမ၃၆၈ကေ)ရောင်းမည်။**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကလိတပ်ကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၄၉ကလိအရှေ့မြောက်၊ ဦးပိုင်အမှတ် ၁/၃က၊ မျက်နှာဖွင့်(၁၀၆ပေ)၊ အရှေ့အနောက် ၁၅၂ပေ၊ စုစုပေါင်း ဝဒသမ၃၆၈ကေ နှစ်ထပ်တိုက်တစ်လုံးပါမြေကွက်ရောင်းမည်။ စက်သုံးဆီဆိုင်ဖွင့်ခွင့်လိုင်စင်ကျပြီး ယခင်လည်းစက်သုံးဆီဆိုင်ဖွင့်ပြီး စက်ဆုံးဆီဆိုင်ဆက်လက်ဖွင့်လှစ်ရန် ပစ္စည်းနှင့် စာရွက်စာတမ်းအစုံအလင်ပါဝင်သော ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမပေါ်မေးတင်သည့် နေရာကောင်းဖြစ်သည်။ ပဲခူးမြို့ခတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီးစီမံကိန်းအနီးတွင်တည်ရှိပြီး ပဲခူးအဝေးပြေးယာဉ်ရပ်နားစခန်းစီမံကိန်း၏ မျက်နှာချင်းဆိုင်တွင် တည်ရှိသည့်အတွက် စားသောက်ဆိုင်လုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်း၊ ဆောက်လုပ်ရေးပစ္စည်းဆိုင်လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများဆောင်ရွက်ရန် အထူးသင့်လျော်သောမြေနေရာဖြစ်ပါသည်။

**(၂) ကံကြီးထောင့်မြေကွက်(ဝဒသမ၄၄၈ကေ)ရောင်းမည်။**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကံကြီးထောင့်မြို့နယ်၊ ခုံဇင်ကုန်းကျေးရွာ၊ ကွင်းအမှတ် ၁၇၀ B၊ ဦးပိုင်အမှတ် ၃၁/၁(၁၂၂ပေ×၁၃၀ပေ)(ဝဒသမ၃၂၈ကေ) လ/န ၃၉ ခွင့်ပြုမိန့်ကျပြီး တစ်ထပ်တိုက်တစ်လုံးပါမြေကွက်နှင့်တစ်ဆက်တည်း (ပေ၅၀×ပေ၁၀၀) ဦးပိုင်အမှတ် ၃၁/၁၀(ဝဒသမ၁၂၈ကေ)ခြံမြေတစ်ကွက်စုစုပေါင်း (ဝဒသမ၄၄၈ကေ)ရောင်းမည်။ ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမပေါ်နှင့် မြောင်းမြလမ်းခွဲထောင့်တွင် မေးတင်ထားသဖြင့် စက်သုံးဆီဆိုင်ဖွင့်ရန်နှင့် စားသောက်ဆိုင်ဖွင့်ရန် အထူးသင့်လျော်ပါသည်။

**(၃) စက်သုံးဆီဆိုင်ဖွင့်လှစ်ခွင့်ကျပြီး စဉ့်ကိုင်မြေကွက်(ဝဒသမ၅၀ကေ) ရောင်းမည်။**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ မိတ္ထီလာ-မန္တလေး လမ်းမကြီးပေါ်ရှိ ကွင်းအမှတ် ၃၂၊ ညောင်ပင်ကြီး အရှေ့မြေကွက်အမှတ် ၈၆၄၊ မျက်နှာဖွင့် ၂၈၂ပေ ဘယ်ဘက် ၂၁၃ပေ ညာဘက် ၉၉ပေ၊ ဦးပိုင်အမှတ် ၈၀နှင့် ၈၁/၁၊ စုစုပေါင်း ၀ ဒသမ ၅၀ဧကေ မြေကွက်၊ ပုံစံ ၃၀(က)ကျပြီး စက်သုံးဆီဆိုင်ဖွင့်ရန် အထူးသင့်လျော်သည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၀၁၈၇၇၊ ၀၉-၅၀၀၅၉၉၂၊ ၀၉-၄၃၀၈၉၃၄၈၊ ၀၉-၄၅၁၇၁၁၄၇၇၊**

**မှတ်ချက်။ ။ အကျိုးဆောင်များလည်းဆက်သွယ်နိုင်ပါသည်။**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မြတ်ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မယွန်းသီရိမြတ်၏ ဖခင်အမည်မှန်မှာ ဦးတင်ညီမိး ၁၃/တကန(နိုင်)၀၇၈၇၂၄ ဖြစ်ပါကြောင်း။

**ဦးတင်ညီမိး**

## ဖခင်အမည်မှန်

တောင်ကြီးတက္ကသိုလ်၊ တတိယနှစ်(ပထဝီ)မှ မမြတ်နိုးတွယ်တာ၏ ဖခင်အမည်မှန်မှာ ဦးတင်ညီမိး ၁၃/တကန(နိုင်)၀၇၈၇၂၄ ဖြစ်ပါကြောင်း။

**ဦးတင်ညီမိး**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၄)၊ ဆဋ္ဌမတန်း(E)မှ မောင်ဖြိုးငြိမ်းအောင် ပဥ္စမတန်း(C)မှ မသဲနုနုစံ၏ ဖခင်အမည်မှန်မှာ ဦးတင်ညီမိး ၁၃/တကန(နိုင်)၀၇၈၇၂၄ ဖြစ်ပါကြောင်း။

**ဦးတင်ညီမိး**

## ဖခင်အမည်မှန်

မိုးနဲမြို့၊ အမက ဥယျာဉ်ကျောင်း၊ တတိယတန်းမှ နန်းဆိုင်အွမ်၏ဖခင်အမည်မှန်မှာ စိုင်းစိတ္တ ၁၃/မနန(နိုင်)၀၁၇၁၂၂ ဖြစ်ပါကြောင်း။

**စိုင်းစိတ္တ**

## အများသိစေရန်အသိပေးကြေညာချက်

မန္တလေးမြို့၊ ၄၂လမ်း၊ ၈၀×၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေ မြန်မာနိုင်ငံဆိုင်းဂီတပညာရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ငွေ(ခ)စိန်တင့်လွင် ၉/မရတ(နိုင်)၀၁၇၃၇၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဆိုင်းဂီတပညာရှင်များအသင်းသည် အသင်းအဖွဲ့များမှတ်ပုံတင်ဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာနသို့ တရားဝင်မှတ်ပုံတင်လျှောက်ထားဆဲ အဖွဲ့အစည်းဖြစ်ပါသည်။ အသင်းအဖွဲ့များမှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်လိုမှတင်ရန်ဖြစ်သော်လည်း မြန်မာနိုင်ငံဆိုင်းဂီတပညာရှင်များအသင်းသည် နိုင်ငံတကာနှင့်ပါဆက်ဆံရန်ရည်ရွယ်သဖြင့် မှတ်ပုံတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၅၄(ခ)အရ မည်သူမဆို လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းတည်ထောင်ခွင့်ရှိပါသည်။

သို့ပါသော်လည်း မသမာသူအချို့က အသင်းကြီးမှတ်ပုံတင်လျှောက်ထားခြင်းအား ကန့်ကွက်ရုံမျှမက အသင်းအဖွဲ့ဝင်များအား ပွဲမိန့်မပေးရန်အချို့သောအာဏာပိုင်အဖွဲ့အစည်းများသို့ အကြောင်းကြားသည်ဟုလည်း စုံစမ်းသိရှိရပါသည်။ ဤသည်မှာ ဆိုင်းပညာရှင်များအား စော်ကားသည့်လုပ်ရပ်၊ တပည့်မခံပါက ထမင်းအိုးခွဲရန်ကြံစည်သည့် သိမ်ဖျင်းသေးနုပ်သောလုပ်ရပ်သာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဆိုင်းဂီတပညာရှင်များအသင်းကြီး၏ တရားဝင်မှတ်ပုံတင်လျှောက်ထားမှုဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားအခွင့်အရေးဆောင်ရွက်မှုများကို နှောင့်ယှက်တားဆီးသူမည်သူ့ကိုမဆို ရာဇဝတ်ကြောင်း၊ တရားမကြောင်းအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးသိန်းသန်းဦး B.Sc.R.L**<br>**(စဉ်-၃၆၉၅/၈၆)** | **ဦးတင်အောင် LL.B**<br>**(စဉ်-၁၀၈၃၁/၁၆)** | **ဒေါ်အေးပပ LL.B**<br>**(စဉ်-၁၀၆၁၂/၁၅)** |
| **ဒေါ်ဇာနည်နွယ် LL.B**<br>**(စဉ်-၁၀၃၄၄/၁၅)** | **ဒေါ်ဝင်းနန္ဒာထွဋ်ခေါင် LL.B**<br>**(စဉ်-၁၁၄၁၆/၁၆)** | **ဒေါ်ဝေဝေရီ LL.B**<br>**(စဉ်-၁၀၅၉၂/၁၅)** |
| **ဒေါ်လဲ့လဲ့ဝါ LL.B**<br>**(စဉ်-၁၀၅၈၆/၁၅)** | **ဦးကျော်ကျော်ဝင်း LL.B**<br>**(စဉ်-၁၂၄၉၈/၁၇)** | |

**တရားလွှတ်တော်ရှေ့နေများ**

| | | |
|---|---|---|
| **ဒေါ်မေသဇင်မြိုင် LL.B**<br>**(စဉ်-၃၉၅၈၄)** | **ဦးဆန်းထွန်းအောင် LL.B**<br>**(စဉ်-၄၄၉၆၂)** | **ဒေါ်နီနီဝင်း LL.B**<br>**(စဉ်-၃၉၅၅၀)** |

**အထက်တန်းရှေ့နေများ**

အမှတ် ၆၀၊ ၃၈×၃၉လမ်းကြား၊ ရတနာတိုင်းပြည်ကွန်ဒိုတိုက်ခန်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊
အမှတ် ၃၃/၄၉၊ အခန်း ၃၊ စထရန်ကွန်ဒို၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၀၁၃၈၃၁၊ ၀၉-၉၇၆၈၁၈၁၃၄၊ ၀၉-၄၂၅၀၀၀၃၄၀၊ ၀၉-၄၀၂၅၇၈၅၇၂၊ ၀၉-၄၀၂၆၂၂၉၁၇

## မွေးသက္ကရာဇ်မှန်

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ဟဲကယ်ရွာ၊ အထက(ခွဲ)မှ အလယ်တန်းပြဆရာမ ဒေါ်ဆွေဆွေလတ်၏ မွေးသက္ကရာဇ်မှန်မှာ (၉-၇-၁၉၈၅) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အေးသာယာအထက(၁)၊ တက္ကသိုလ်ဝင်တန်း (E)မှ စိုင်းအောင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မြင့် ၁၃/တကန(နိုင်)၁၈၂၀၂၄ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်မြင့်**

## မိခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၉)၊ တက္ကသိုလ်ဝင်တန်း(C)မှ ခွန်ရဲထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်နန်းမန္တမ်း ၁၃/တကန(နိုင်)၂၂၉၃၃၀ ဖြစ်ပါကြောင်း။

**ဒေါ်နန်းမန္တမ်း**

## မိခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၉)၊ တက္ကသိုလ်ဝင်တန်း(C)မှ စိုင်းကျန်ကျောင်း၏ မိခင်အမည်မှန်မှာ နန်းထမ်းငွေ ၁၃/ဆဆန(နိုင်)၀၉၈၆၉၄ ဖြစ်ပါကြောင်း။

**နန်းထမ်းငွေ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**ရေဖြူမြို့နယ် တရားမရုံးတော်၌**

**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၃နှင့် ဆက်သွယ်သည့်**

**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ် ၂**

| | | |
|---|---|---|
| ဒေါ်အေးအေး | | ၁။ ဒေါ်စန်းရီ |
| | | ၂။ ဒေါ်အေးနိုင်(ခ)ဒေါ်မဲတူ |
| | **နှင့်** | ၃။ ဒေါ်ရီရီဝေ(ခ)ဒေါ်သီတာလွင် |
| | | ၄။ ညီညီ(ခ)ညီမင်းလွင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မရီရီဝေ(ခ)မသီတာလွင်၊ မိကျောင်းအိုင်ရပ်၊ ကံပေါက်ဒေသ၊ ရေဖြူမြို့နယ် သိစေရမည်။ (ယခုနေရပ်လိပ်စာမသိ)

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၃တွင် ကျရှိသည့် တရားလို၏ ခြံမြေအတွင်း ကျူးကျော်ဝင်ရောက်၍ သံဆန်ခါများ၊ ကွန်ကရစ်တိုင်များဖြင့် ကာရံထားသည့် ခြံစည်းရိုးအား ဖယ်ရှား၍ တရားလိုမြေကွက်ကို လက်ရောက်ပေးအပ်စေလိုမှု ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် ဒေါ်အေးအေးကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၆ ရက် မွန်းမတည့်မီ ၁၁း၀၀ နာရီတွင် ဤရုံးတော်သို့လာရောက်စေ။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ထွန်းကျော်**
**မြို့နယ်တရားသူကြီး**
**ရေဖြူမြို့**

# AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ချောင်းမြောင်းတိုက်ခိုက်မှုအပေါ် တပ်မတော်မှ သဘောထားထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁

**AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ဩဂုတ် ၃၁ ရက်က တပ်မတော်စစ်ကြောင်းတစ်ခုအား အလစ်အငိုက်ရယူပြီး ချောင်းမြောင်းတိုက်ခိုက်ခဲ့မှုအပေါ် တပ်မတော်မှ ပြင်းထန်စွာပြစ်တင်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို တပ်မတော်သတင်းအမှန်ပြန်ကြားရေးအဖွဲ့မှ ယနေ့တွင် ထုတ်ပြန်လိုက်သည်။**

အဆိုပါထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားကျေးရွာအချို့အပါအဝင် လုံခြုံရေးတာဝန်ယူထားသော နယ်ခြားစောင့်ရဲစခန်းများနှင့် တပ်မတော်တပ်ရင်းဌာနချုပ်တစ်ခုအား အစွန်းရောက်အကြမ်းဖက်သမားများက ပြီးခဲ့သည့် ဩဂုတ် ၂၅ ရက်တွင် စတင်တိုက်ခိုက်ခဲ့ပြီး ယနေ့အချိန်ထိ အကြမ်းဖက်တိုက်ခိုက်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိနေကြောင်း၊ တပ်မတော်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အေးချမ်းစွာနေထိုင်လိုသော ဘင်္ဂါလီများ၊ ဟိန္ဒူလူမျိုးများအပါအဝင် အပြစ်မဲ့ ဒေသခံတိုင်းရင်းသားများအား အကာအကွယ်ပေးခြင်း၊ လုံခြုံစိတ်ချရသောနေရာများသို့ ပြောင်းရွှေ့ပေးခြင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်လုပ်ဆောင်မှုများကို တားဆီးနှိမ်နင်းခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသော အချိန်ကာလဖြစ်ကြောင်း။

ထိုသို့ တပ်မတော်မှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ချိန်တွင် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ တပ်မတော်စစ်ကြောင်းတစ်ခုအား ဩဂုတ် ၃၁ ရက်က အလစ်အငိုက်ရယူကာ ချောင်းမြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့်အတွက် တပ်မတော်ဘက်မှ အရာရှိ/စစ်သည်အချို့နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရကြောင်း။

ယခုအချိန်ကာလသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို တစ်စိတ်တစ်ပိုင်း ထိခိုက်နစ်နာထိပါးစေသည့် ရခိုင်ပြည်နယ်အရေးကိစ္စအား အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားများအားလုံးက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် နိုင်ငံတော်၏ အနာဂတ်တံတိုင်း စည်းရိုးကျိုးပေါက်မှုမရှိစေရေး အစွမ်းကုန်ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အမျိုးသားရေးကိစ္စ လုံးပန်းဆောင်ရွက်နေချိန်မျိုးတွင် AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မလုပ်သင့်၊ မလုပ်ထိုက်သည့်ကိစ္စအား ဆောင်ရွက်ခဲ့သည့်အတွက် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား တပ်မတော်မှ ပြင်းထန်စွာပြစ်တင်ရှုတ်ချသည့်အပြင် ထိရောက်စွာ လက်တုံ့ပြန်တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

## ပြည်တွင်း Website အချို့ Defaced ပြုလုပ်တိုက်ခိုက်ခံရမှုဖြစ်ပွားသော်လည်း ပြန်လည်ပြင်ဆင်နိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁**

မြန်မာနိုင်ငံတွင် အသုံးပြုနေသော ဝက်ဘ်ဆိုက်အချို့ ဆိုက်ဘာတိုက်ခိုက်ခံရမှုဖြစ်ပွားသော်လည်း ပြန်လည်ပြင်ဆင်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယနေ့နံနက်ပိုင်းတွင် www.forestdepartment.gov.mm၊ www.dry-zonegreening .gov.mm၊ www.tnrpmoecaf.gov. www.surveydepart-ment.gov.mm၊ www. myanmarchm.gov.mm၊ Website ငါးခုကို Defacement Attack ဖြင့် တိုက်ခိုက်ခံရမှုအား သိလျှင်သိချင်း တုံ့ပြန်ဆောင်ရွက်ဖွယ်ရာများကို mmCERT က အကြောင်းကြားခဲ့သဖြင့် ပြန်လည်ပြင်ဆင်နိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ အခြားသောဝက်ဘ်ဆိုက်များအနေဖြင့် အလားတူ ဆိုက်ဘာတိုက်ခိုက်မှုများဖြစ်ပေါ်ပါက နည်းပညာအကူအညီရယူရန် mmCERT, အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ဖုန်း၊ ၀၁-၆၅၀၉၉၁၊ ၀၆၇-၃၄၂၂၆၃၃၊ e-mail:technicalteam@mmcert. org.mm သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**အခုဖြစ်နေတဲ့အနေအထားအရ လုံခြုံရေးကို ဒီမှာအမြဲတမ်းထားစေချင်ပါတယ်၊ ကလေးတွေနဲ့ အမျိုးသမီးတွေအတွက် စိုးရိမ်ရတယ်**

စာ - ၈

**အကြမ်းဖက်မှုမလိုလားသူ အစ္စလာမ်ဘာသာဝင်ရွာသားများက ARSA အစွန်းရောက်အကြမ်းဖက်သမားခုနစ်ဦးကို ဖမ်းဆီး၍ ရဲတပ်ဖွဲ့သို့အပ်နှံ**

စာ - ၉



အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ဒေသခံများအား လုံခြုံမှုရှိသည့်နေရာသို့ ကယ်ထုတ်ပြောင်းရွှေ့ပေးစဉ်

## ARSA အစွန်းရောက်အကြမ်းဖက်သမားများ အကြမ်းဖက်မှု ၅၂ ကြိမ် ပြုလုပ်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁**

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအတွင်းရှိ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု ၅၂ ကြိမ်၊ ထိတွေ့မှု အကြိမ် ၉၀ နှင့် ဩဂုတ် ၂၅ ရက်တစ်ရက်တည်းတွင် အကြမ်းဖက်သမားများနှင့် ထိတွေ့မှု ၃၈ ကြိမ် ဖြစ်ပွားခဲ့ကာ အကြမ်းဖက်သမားအချို့သေဆုံး၍ အချို့ကို အရှင်ဖမ်းမိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီထုတ်ပြန်ချက်အရ သိရသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ၂၀၁၆ ခုနှစ် အောက်တိုဘာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ဒါးကြီးဇား၊ ဝါးပိတ်နှင့် ပြောင်ပိုက်ကျေးရွာတို့ရှိ ၎င်းတို့၏ နေအိမ်များအား ၎င်းတို့ကိုယ်တိုင် မီးရှို့ဖျက်ဆီးလုပ်ကြံခဲ့သည့် ဖြစ်စဉ်များကဲ့သို့ ကိုးတန်ကောက်၊ မြင်းလွတ်နှင့် ကျီးကန်းပြင်ကျေးရွာများအပါအဝင် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၂ ရွာနှင့် မောင်တောမြို့ရှိ ရပ်ကွက်နှစ်ခုတို့ကိုလည်း ၎င်းတို့ကိုယ်တိုင် မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် အိမ်ခြေပေါင်း ၂၆၂၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် ရွှေ့ပြောင်းသွားသည့် ဒေသခံတိုင်းရင်းသားများ၏ နေအိမ်များကိုလည်း အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ တိုင်းရင်းသားကျေးရွာ ၃ ရွာရှိ အိမ်ခြေ ၁၃၈ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသားများ ရွှေ့ပြောင်းသွားလာစဉ် လမ်းခုလတ်တွင် အကြမ်းဖက်သမားများက အင်အားသုံးအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဟိန္ဒူဘာသာဝင်ခုနစ်ဦး၊ ဒိုင်းနက်တိုင်းရင်းသားသုံးဦး၊ ရခိုင်တိုင်းရင်းသားလေးဦး

*စာမျက်နှာ ၁၀ ကော်လံ ၁* ❄


